# မြဝတီ နေ့စဉ်

သတင်းလောက ရှေ့ဆောင်မည် လူထုကြားက မြဝတီ

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၅)၊ အမှတ်(၁၄၅)

၁၃၈၇ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၄ ရက်
၂၀၂၅ ခုနှစ်၊ စက်တင်ဘာ ၁၀ ရက်၊ ဗုဒ္ဓဟူးနေ့


**မြတ်ဗုဒ္ဓ၏အဆုံးအမတရား**

နေ့ရောညဉ့်ပါ အခါခပ်သိမ်း မေတ္တာတရားပွားများခြင်း၌ မွေ့လျော်သောစိတ်ရှိကုန်သော မြတ်စွာဘုရား၏ တပည့်တို့သည် အခါခပ်သိမ်း တရားမှန်ကိုသိကုန်၏။

ဓမ္မပဒ

**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကိုအလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့်အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# အင်းလေးဖောင်တော်ဦးမြတ်စွာဘုရား ရုပ်ရှင်တော်မြတ်များ အင်းလေးဒေသဝဲယာ(၂၁)ဌာနသို့ ဒေသစာရီကြွချီလှည့်လည် ပူဇော်ခံမည်



ညောင်ရွှေ စက်တင်ဘာ ၉

ရှမ်းပြည်နယ် ညောင်ရွှေမြို့နယ် အင်းလေးဖောင်တော်ဦးမြတ်စွာဘုရားရုပ်ရှင်တော် မြတ်များသည် ယခုနှစ်တွင် ဒေသခံပြည်သူများနှင့် အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာပြည်သူများ၏ ကုသိုလ်သဒ္ဓါအကျိုးရရှိပွားများစေရေးအတွက် အင်းလေးဒေသဝဲယာ (၂၁) ဌာနသို့ ရိုးရာအစဉ်အလာအတိုင်း ၁၈ ရက်တိုင်တိုင်ဒေသစာရီကြွချီပူဇော်ခံလှည့်လည်မည်ဖြစ်သည်။

(သီတင်းကျွတ်လဆန်း ၁ ရက်) စက်တင်ဘာလ ၂၂ ရက် နံနက်၅ နာရီတွင် မူလသီတင်းသုံးစံပယ်တော်မူရာ ရတနာစံကျောင်းတော်၌ ရောင်ခြည်တော်ဖွင့်ခြင်း၊ အနေကဇာတင်ခြင်း မင်္ဂလာအခမ်းအနားကိုကျင်းပ၍ နံနက် ၇ နာရီတွင် ရတနာစံကျောင်းတော်မှ ကရဝိက်ဖောင်တော်ဖြင့် ကျေးပေါ်ခုံဌာနသို့ စတင်ပင့်ဆောင်ပူဇော်မည်ဖြစ်သည်။

စာမျက်နှာ ၁၅ ကော်လံ ၁ ❖

**ဆောင်းပါး**


တရုတ်နိုင်ငံ သို့မဟုတ် ယုံကြည်စိတ်အချရဆုံး အိမ်နီးချင်းနိုင်ငံ စာ - ၅ သို့

သမိုင်းဝင် SCO ပေါင်းစည်းမှုကြီးနှင့် မြန်မာနိုင်ငံ၏ အခွင့်အလမ်း စာ - ၉ သို့

နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့် ပြုထားခြင်းကို ပယ်ဖျက်၍ ပါတီများအား ဖျက်သိမ်း စာ - ၃ သို့





# အယ်ဒီတာ့အာဘော်

(၂၀၂၅ ခုနှစ်၊ စက်တင်ဘာ ၁၀ ရက်)

## နှစ်နိုင်ငံကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုပိုမိုမြှင့်တင်ရေး

မြန်မာနိုင်ငံသည် ကမ္ဘာ့လူဦးရေအများဆုံးနိုင်ငံများဖြစ်သည့် တရုတ်နိုင်ငံ၊ အိန္ဒိယနိုင်ငံနှင့် လူဦးရေများပြားသည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့အကြားတွင် နယ်နိမိတ်ချင်းထိစပ်တည်ရှိနေသည့်အတွက် ကုန်သွယ်မှုများပြုလုပ်ရန်အခွင့်အလမ်းများစွာရှိသည့်နိုင်ငံဖြစ်သည်။ ထို့ပြင် မြန်မာနိုင်ငံသည် တောင်အာရှ၊ အရှေ့တောင်အာရှနှင့်တရုတ်နိုင်ငံတို့ဆုံစည်းရာနေရာ၌ ပထဝီအနေအထားအရအချက်အချာကျကျတည်ရှိနေသည်။ လမ်းပန်းဆက်သွယ်မှုအနေဖြင့်လည်း လမ်းဆုံနေရာတွင်တည်ရှိနေပြီး တရုတ်နိုင်ငံအတွက် အိန္ဒိယသမုဒ္ဒရာထွက်ပေါက်ကို ဖန်တီးပေးနိုင်မည့်နိုင်ငံဖြစ်သည်။ သို့ဖြစ်၍ လမ်းပန်းဆက်သွယ်ရေးကဏ္ဍနှင့် အခြေခံအဆောက်အအုံကဏ္ဍများရင်းနှီးမြှုပ်နှံမှုတွင် တရုတ်နိုင်ငံအတွက် အလားအလာကောင်းများစွာရှိနေသည်။

တရုတ်နိုင်ငံက ဦးစီးဆောင်ရွက်နေသည့် ရပ်ဝန်းနှင့်ပိုးလမ်းမစီမံကိန်းတွင် မြန်မာနိုင်ငံအနေဖြင့် ပါဝင်ဆောင်ရွက်လျက်ရှိသည်။ အဆိုပါစီမံကိန်းတွင် ကုန်းလမ်းနှင့်ရေကြောင်းလမ်းနှစ်သွယ်ဖြင့် ပိုးလမ်းမစီမံကိန်းဟူ၍ မဏ္ဍိုင်နှစ်ရပ်ပါရှိပြီး ပထမမဏ္ဍိုင်တွင် တရုတ်နှင့်ဥရောပနိုင်ငံများ စီးပွားရေးချိတ်ဆက်မှုပိုးလမ်းမသစ်နှင့် ဒုတိယမဏ္ဍိုင်တွင် အရှေ့တောင်အာရှ၊ အာဖရိကနှင့် ဥရောပနိုင်ငံတို့နှင့် ရေကြောင်းဆိုင်ရာဆက်သွယ်မှုပိုးလမ်းမဟူ၍ သတ်မှတ်ထားရှိသည်။

အဆိုပါစီမံကိန်းတွင် အပြည်ပြည်ဆိုင်ရာစင်္ကြံ ခြောက်ခုပါရှိကာ မြန်မာနိုင်ငံအနေဖြင့် ကုန်းလမ်းနှင့်ရေလမ်းနှစ်မျိုးလုံးအသုံးပြုနိုင်သည့် ဘင်္ဂလားဒေ့ရှ်-တရုတ်-အိန္ဒိယ-မြန်မာ (BCIM) စီးပွားရေးစင်္ကြံနှင့် တရုတ်-အင်ဒိုချိုင်းနားကျွန်းဆွယ်စီးပွားရေးစင်္ကြံတို့တွင် ပါဝင်ပတ်သက်လျက်ရှိသည်။ မြန်မာနိုင်ငံသည် အရှေ့တောင်အာရှနိုင်ငံများတွင် ကုန်းမြေတည်ရှိမှုအရ အကြီးဆုံးနိုင်ငံတစ်နိုင်ငံဖြစ်ပြီး ပထဝီနိုင်ငံရေးမဟာဗျူဟာအရလည်း အချက်အချာကျသည့်နိုင်ငံတစ်ခုဖြစ်သည့်အပြင် အာရှအဝေးပြေးလမ်းနှင့်အာရှဖြတ်ကျော်ရထားလမ်း ကွန်ရက်နှစ်ခုလုံး၏ အစိတ်အပိုင်းဖြစ်သည့်အတွက် ပိုးလမ်းမစီးပွားရေးရပ်ဝန်းတွင် အရေးပါသည့်နိုင်ငံဖြစ်သည်။ အဆိုပါရပ်ဝန်းနှင့်ပိုးလမ်းမစီမံကိန်းအောက်တွင် တရုတ်-မြန်မာစီးပွားရေးစင်္ကြံ (China–Myanmar Economic Corridor– CMEC)ကို တည်ထောင်ထားပြီး ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုလွယ်ကူချောမွေ့စေရန်၊ နယ်စပ်ဒေသများတွင် အထူးစီးပွားရေးပူးပေါင်းဆောင်ရွက်မှုဇုန်များတည်ထောင်ရန် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ CMEC မူဘောင်အောက်မှတစ်ဆင့် တရုတ်-မြန်မာစီးပွားရေးစင်္ကြံဆိုင်ရာ ဆောလျင်စွာဆောင်ရွက်မည့်စီမံကိန်းခြောက်ခုကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

တရုတ်-မြန်မာ စီးပွားရေးစင်္ကြံအောက်တွင် နှစ်နိုင်ငံအကြားအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် စီမံကိန်းများနှင့်ပတ်သက်၍ တရုတ်နိုင်ငံမှ မြန်မာနိုင်ငံတွင် ကျောက်ဖြူရေနက်ဆိပ်ကမ်းစီမံကိန်း၊ တရုတ်-မြန်မာရထားလမ်းစီမံကိန်း၊ တရုတ်-မြန်မာနယ်စပ်ဖြတ်ကျော် မဟာဓာတ်အားလိုင်းစီမံကိန်း စသည့် အရေးကြီးသော စီမံကိန်းများစွာလုပ်ကိုင်ဆောင်ရွက်လျက်ရှိသည်။ အဆိုပါ စီမံကိန်းများအနက် တရုတ်-မြန်မာရထားလမ်းစီမံကိန်းသည် မြန်မာ-တရုတ်နှစ်နိုင်ငံအကြား နယ်စပ်ကုန်သွယ်ရေးအတွက် အကျိုးရလဒ်ကောင်းများရရှိနိုင်သည့် အရေးပါသော စီမံကိန်းတစ်ခုဖြစ်သည်။ အဆိုပါမီးရထားလမ်းစီမံကိန်းများ အောင်မြင်စွာဆောင်ရွက်နိုင်ပြီး ကုန်သွယ်နိုင်မည်ဆိုပါက မြန်မာနှင့် ပထဝီအနေအထားအရ အလှမ်းဝေးကွာသော်လည်း နှစ်နိုင်ငံလုံးနှင့်ဆက်ဆံရေးကောင်းမွန်လျက်ရှိသော ရုရှားဖက်ဒရေးရှင်းနိုင်ငံအထိ ကုန်သွယ်မှုပြုလုပ်နိုင်မည့် အလားအလာကောင်းများရှိသည်။

အာရှတိုက်နှင့်ဥရောပတိုက် နှစ်ခုလုံးတွင်ပါဝင်သော ရုရှားနိုင်ငံ၊ တရုတ်နှင့် အိန္ဒိယနိုင်ငံတို့အကြား အလယ်ဗဟိုတွင်ရှိသော မြန်မာနိုင်ငံတို့အကြား ကုန်သွယ်မှုနှင့် စီးပွားရေးလုပ်ငန်းများဆောင်ရွက်ရန် ပထဝီအနေအထားအရအချက်အချာကျလှသည်။ မြန်မာနိုင်ငံအနေဖြင့် ရုရှားနိုင်ငံ၏ ဗဟိုချက်မမြို့တစ်မြို့ဖြစ်သော နိုဗိုစီဗစ်မြို့နှင့်ဥရောပတိုက်ဘက်တွင်တည်ရှိသော ပင်လယ်ဆိပ်ကမ်းမြို့ဖြစ်သည့် စိန့်ပီတာစဘတ်မြို့တို့တွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာကောင်စစ်ဝန်ချုပ်ရုံးများ ဖွင့်လှစ်ထားရှိပြီးဖြစ်၍ နှစ်နိုင်ငံအကြားကုန်စည်ကူးသန်းမှုများ တိုးမြှင့်ဆောင်ရွက်သွားရန်မျှော်လင့်ထားသည်။ တရုတ်နိုင်ငံရှိ ချုံချင့်၊ ကူမင်း၊ နန်နင်း၊ ဟောင်ကောင်မြို့တို့တွင်လည်း မြန်မာကောင်စစ်ဝန်ချုပ်ရုံးများ ဖွင့်လှစ်ထားရှိပြီးဖြစ်ရာ နှစ်နိုင်ငံကုန်သွယ်ရေးကဏ္ဍမြှင့်တင်ရေးကို အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်မည်ဖြစ်သည်။

မြန်မာနိုင်ငံသည် စီးပွားရေးလုပ်ငန်းရှင်များအတွက် ရင်းနှီးမြှုပ်နှံမှုများဆောင်ရွက်ရန်အခွင့်အလမ်းများစွာရှိသည့်နိုင်ငံဖြစ်သည်။ တရုတ်မိတ်ဖက်စီးပွားရေးလုပ်ငန်းရှင်များ မြန်မာနိုင်ငံတွင်လုပ်ငန်းလည်ပတ်လုပ်ဆောင်ရာတွင် လွယ်ကူချောမွေ့စေရန်ရည်ရွယ်၍ ကုန်သွယ်မှု၊ နယ်စပ်ငွေလွှဲပြောင်းပေးချေမှုနှင့် ရင်းနှီးမြှုပ်နှံမှုများပြုလုပ်ရာတွင် ယွမ်-ကျပ်တိုက်ရိုက်ငွေပေးချေမှုစနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ တရုတ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံနှင့်ရုရှားနိုင်ငံတို့အလယ်တွင် တည်ရှိလျက်ရှိရာ မြန်မာ-တရုတ်-ရုရှား သုံးနိုင်ငံပူးပေါင်း၍ ကုန်သွယ်ရေးကဏ္ဍအား တိုးချဲ့ဆောင်ရွက်နိုင်မည်ဆိုပါက ဒေသတွင်းကုန်စည်စီးဆင်းမှုကိုလည်း များစွာအထောက်အကူပြုနိုင်သည့်အခွင့်အလမ်းကောင်းများထွက်ပေါ်လာနိုင်မည်ဖြစ်သည်။ အနှစ်ချုပ်ဆိုရသော် မြန်မာ-တရုတ် နှစ်နိုင်ငံအကြား နယ်စပ်ကုန်သွယ်ရေးဂိတ်များမှတစ်ဆင့် ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှုတို့ကို ယခုထက်ပိုမိုတိုးမြှင့်သွားမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။ ။

# ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှရှေ့ဆိုင်းခွင့်ရသူများ

**ရှေ့ဆိုင်းခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ၊ ၁၅(က)တွင် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့သည် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဖွဲ့မှတင်ပြလာသော ဆင့်ခေါ်ခြင်းခံရသူများ၏ လျှောက်လွှာများကို စိစစ်ရာတွင် အောက်ပါအချက်များနှင့် အကျုံးဝင်သောပုဂ္ဂိုလ်များအား ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ယာယီရှေ့ဆိုင်းနိုင်သည်ဟု ပြဋ္ဌာန်းထားပါသည်-

(က) ယာယီအားဖြင့် စစ်မှုထမ်းနိုင်မည့်ကျန်းမာရေးအဆင့်မမီကြောင်း သက်ဆိုင်ရာတပ်မတော်ဆေးစစ်ရေးဘုတ်အဖွဲ့၏ ထောက်ခံချက်ရရှိထားသူများ။

( ခ ) နိုင်ငံ့ဝန်ထမ်းများ။

( ဂ ) ပညာသင်ကြားနေသူများ။

(ဃ) အခြားပြုစုစောင့်ရှောက်မည့်သူမရှိသော မိအိုဖအိုများကိုပြုစုလုပ်ကျွေးနေသူများ။

( င ) မူးယစ်ဆေးဝါးဖြတ်ရန်ဆေးကုသမှုခံယူနေသူများ။

( စ ) ထောင်ဒဏ်ကျခံနေသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ရှေ့ဆိုင်းခွင့်ပြုသူများ

(က) ဆင့်ခေါ်ရေးအမိန့်စာလက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့်နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မိဘတစ်ဦးဦးသော်လည်းကောင်း၊ အိမ်ထောင်သည်အမျိုးသားဖြစ်ပါက ဇနီးသော်လည်းကောင်း ရုတ်တရက်သေဆုံးသွားခြင်း။

( ခ ) ဆင့်ခေါ်ရေးအမိန့်စာလက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့်နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မတော်တဆဖြစ်ရပ်တစ်ခုခုကြောင့်ဖြစ်စေ၊ အခြားသူ၏ပယောဂတစ်ခုခုကြောင့်ဖြစ်စေ ကိုယ်လက်အင်္ဂါအစိတ်အပိုင်းတစ်ခုခု အပြင်းအထန်ဒဏ်ရာရရှိသူဖြစ်ခြင်း။

( ဂ ) ဥပဒေနှင့်အညီ ချုပ်နှောင်ခံနေရသူ၊ သို့မဟုတ် တရားရုံးတစ်ခုခုတွင် အမှုရင်ဆိုင်နေရသူဖြစ်ခြင်း။

(ဃ) နိုင်ငံတော်၏လိုအပ်ချက်အရ ပညာရပ်များကို လေ့လာသင်ယူနေသူဖြစ်ခြင်း။

( င ) ပြည်သူ့စစ်မှုထမ်းရမည့်တာဝန်မှယာယီရှေ့ဆိုင်းပေးရန်မဖြစ်မနေလိုအပ်နေသူဖြစ်ခြင်း။

# ကလေးခရိုင်၌ လာမည့်ဆောင်းသီးနှံစိုက်ပျိုးချိန်တွင် ကုလားပဲသီးနှံ ၇၁၈၉ ဧက စိုက်ပျိုးမည်

ကလေး စက်တင်ဘာ ၉

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင်တွင် လာမည့် ဆောင်းသီးနှံစိုက်ပျိုးချိန်၌ ကုလားပဲသီးနှံ ၇၁၈၉ ဧက စိုက်ပျိုးမည်ဖြစ်ကြောင်း ကလေးခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

၂၀၂၅-၂၀၂၆ ဆောင်းသီးနှံစိုက်ပျိုးချိန်တွင် ကလေးခရိုင်၌ ကုလားပဲသီးနှံစိုက်ပျိုးရန်အတွက် မြို့နယ်အလိုက်လျာထားမှုအနေဖြင့် ကလေးမြို့နယ်တွင် ၅၉၃၂ ဧက၊ ကလေးဝမြို့နယ်တွင်ဧက ၈၀ နှင့် မင်းကင်းမြို့နယ်တွင် ၁၁၅၇ ဧက စုစုပေါင်း ၇၁၈၉ ဧကတို့ဖြစ်ကြောင်း သိရသည်။

ကလေးခရိုင်၌ ကုလားပဲစိုက်ပျိုးရာတွင် ဒေသနှင့်ကိုက်ညီပြီး အထွက်နှုန်းကောင်းမွန်သည့်ရေဆင်း ၈ နှင့် ရေဆင်း ၁၁ မျိုးများကို ရွေးချယ်စိုက်ပျိုးကြသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးချိန်၌ ပဲမျိုးစုံသီးနှံစိုက်ပျိုးရာတွင် ပဲသီးနှံအထွက်နှုန်းနှင့်အရည်အသွေးကောင်းမွန်ရေးအတွက်လိုအပ်သည့်မျိုးကောင်းမျိုးသန့်များ၊ သွင်းအားစုများ၊ ရိတ်သိမ်းချိန်လွန်နည်းပညာပေးခြင်း စသည်တို့ကို တောင်သူများနှင့်ပူးပေါင်းပြီး ဆောင်ရွက်လျက်ရှိကြောင်း၊ ပဲမျိုးစုံစိုက်ပျိုးချိန်တွင် ထရိုင်ကိုဒါးမားအကျိုးပြုမှိုများ ထည့်သွင်းသုံးစွဲစေရေး ပညာပေးခြင်းလုပ်ငန်းများကို အကျိုးဆောင်တောင်သူများအား ချိတ်ဆက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ (၄၀၉)

## သဇင်(FM)အသံလွှင့်အစီအစဉ်

၁၀-၉-၂၀၂၅(ဗုဒ္ဓဟူးနေ့)

၁။ ၀၉:၀၀ Market News

၂။ ၁၁:၅၀ နွယ်မြက်သစ်ပင်ဆေးဖက်ဝင်

၃။ ၁၃:၀၀ ပြည်သူ့ကြားက ပြည်သူ့စကား

၄။ ၁၄:၅၀ ဖတ်သမျှ မှတ်သမျှ

၅။ ၁၅:၃၅ Happy Zone

၆။ ၂၁:၄၀ ချောက်ချောက်ချားချားဖြစ်ရပ်များ

မြဝတီ နေ့စဉ် the Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၃၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၃၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** - ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

## နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုထားခြင်းကိုပယ်ဖျက်၍ ပါတီများအား ဖျက်သိမ်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ကြေညာချက်အမှတ် ( ၉၅ / ၂၀၂၅ )**
၁၃၈၇ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၃ ရက်
( ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၉ ရက် )

**နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုထားခြင်းကို ပယ်ဖျက်၍ ပါတီများအား ဖျက်သိမ်းခြင်း**

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၅ ပုဒ်မခွဲ( စ )နှင့်( ဇ ) တို့အရ နိုင်ငံရေးပါတီများ ပါတီဝင်ဦးရေနှင့် ပါတီရုံးခန်းများ သတ်မှတ်အရေအတွက်ပြည့်မီရေးဆောင်ရွက်ပြီး ကော်မရှင်သို့နောက်ဆုံးတင်ပြရမည့်ရက်ကို ၇ - ၉ - ၂၀၂၅ ရက်နေ့သတ်မှတ်ကြောင်း ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၂၀ ရက်နေ့တွင် အမိန့်ကြော်ငြာစာ အမှတ် ( ၅၆/၂၀၂၅ ) ဖြင့် ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်ပါသည်။

၂။ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၁၂ ပုဒ်မခွဲ (က) ပုဒ်မခွဲငယ် ( ၉ ) နှင့် ( ၁၀ ) အရ သတ်မှတ်ရက်ဖြစ်သည့် ၇ - ၉ - ၂၀၂၅ ရက်နေ့အထိ **ပုဒ်မ ၅ ပုဒ်မခွဲ ( စ ) ပါ သတ်မှတ်ပါတီဝင်ဦးရေမပြည့်မီသည့်** အမျိုးသားဒီမိုကရေစီအင်အားစုပါတီ [ National Democratic Force Party (NDF) ] နှင့် **ပုဒ်မ ၅ ပုဒ်မခွဲ ( ဇ )ပါ ပါတီရုံးခန်းများ သတ်မှတ်အရေအတွက်မပြည့်မီသည့်** အမျိုးသားနိုင်ငံရေးဒီမိုကရက်တစ်ပါတီ [ Democratic Party of National Politics (DNP) ]၊ အမျိုးသမီးပါတီ (မွန်) နှင့် ပြည်ထောင်စုလယ်သမားအလုပ်သမားအင်အားစုပါတီ စုစုပေါင်း နိုင်ငံရေးပါတီ ၄ ပါတီကို နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၁၂ ပုဒ်မခွဲ ( ခ ) အရ ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၉ ရက်နေ့မှစ၍ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ထားခြင်းကို ပယ်ဖျက်၍ ပါတီများအား ဖျက်သိမ်းလိုက်သည်။

**(ပုံ)သန်းစိုး**
**ဥက္ကဋ္ဌ**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

## ပြောင်းရွှေ့ခန့်အပ်တာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီရုံး**
အမိန့်အမှတ်၊ ၃၅ /၂၀၂၅
၁၃၈၇ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၃ ရက်
(၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၉ ရက်)

**ပြောင်းရွှေ့ခန့်အပ်တာဝန်ပေးခြင်း**

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၇၊ ပုဒ်မခွဲ(ခ)အရ အောက်ပါပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများနှင့် မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်တို့အား ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်အဖြစ် ပြောင်းရွှေ့ခန့်အပ်တာဝန်ပေးလိုက်သည်-

(၁) ဦးခင်မောင်ကြီး
(၂) ဦးမျိုးမောင်
(၃) ဦးကြည်သိန်း
(၄) ဒေါ်ခင်သင်းဝေ

**အမိန့်အရ**

**အောင်လင်းဒွေး**
**အမှုဆောင်ချုပ်**
**အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး**

| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
|---|---|---|---|
| နေပြည်တော် | ၂၄˚c | / | ၃၄˚c |
| ရန်ကုန် | ၂၄˚c | / | ၂၉˚c |
| မန္တလေး | ၂၅˚c | / | ၃၅˚c |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

## သံအမတ်ကြီး ဦးကျော်ကျော်မင်း အာရပ်စော်ဘွားများ ပြည်ထောင်စုသမ္မတထံ ခန့်အပ်လွှာပေးအပ်



**နေပြည်တော် စက်တင်ဘာ ၉**

အာရပ်စော်ဘွားများ ပြည်ထောင်စုဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးကျော်ကျော်မင်းသည် ၎င်း၏ခန့်အပ်လွှာကို ၂၀၂၅ ခုနှစ် စက်တင်ဘာလ ၈ ရက်တွင် အာရပ်စော်ဘွားများပြည်ထောင်စု အဘူဒါဘီမြို့ရှိ သမ္မတနန်းတော်၌ အာရပ်စော်ဘွားများ ပြည်ထောင်စုသမ္မတ ရှိတ် မိုဟာမက် ဘင် ဇာရိဒ် အယ်လ်နာရမ် ထံသို့ ပေးအပ်ခဲ့ပြီးဖြစ်သည်။ မြဝတီ

## မြန်မာနိုင်ငံဘိလပ်မြေထုတ်လုပ်သူများအသင်း၏ (၄/ ၂၀၂၅) ကြိမ် ညှိနှိုင်းအစည်းအဝေးနှင့် စီမံကိန်းကြီးကြပ်မှုကော်မတီညှိနှိုင်းအစည်းအဝေးကျင်းပ



**နေပြည်တော် စက်တင်ဘာ ၉**

မြန်မာနိုင်ငံဘိလပ်မြေထုတ်လုပ်သူများအသင်း၏ (၄/၂၀၂၅) ကြိမ် ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင်စက်မှုဝန်ကြီးဌာန ရုံးအမှတ်(၃၀) အစည်းအဝေးခန်းမ၌ ကျင်းပရာ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူး၊ ဆက်စပ်ဝန်ကြီးဌာနများမှ အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ ဘိလပ်မြေထုတ်လုပ်သူများ အသင်းဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ စက်မှုဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်သည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက မန္တလေးငလျင်ကြီးလှုပ်ခတ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့် တိုင်းဒေသကြီး၊ ပြည်နယ်ရှစ်ခုတို့တွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီမှ ထောက်ပံ့မည့်ဘိလပ်မြေအိတ် ၅ ဒသမ ၃၄ သန်းကိုဖြန့်ဝေနိုင်ရန် ဘိလပ်မြေထုတ်လုပ်သူများအသင်းနှင့် ညှိနှိုင်းရရှိပြီးဖြစ်ကြောင်း၊ ဘိလပ်မြေထုတ်လုပ်မှုနည်းပညာများ တိုးတက်ပြန့်ပွားစေရေးအတွက် နည်းပညာတက္ကသိုလ်၊ နည်းပညာကောလိပ် စသည့် အသက်မွေးဝမ်းကျောင်းပညာသင်ကျောင်းများတွင် ဘာသာရပ်တစ်ခုအနေဖြင့် ထည့်သွင်းသင်ကြားပေးနိုင်ရေး ဆွေးနွေးလျက်ရှိကြောင်း။

ဘိလပ်မြေထုတ်လုပ်သူများအသင်းအနေဖြင့် ဘိလပ်မြေထုတ်လုပ်မှုနှင့်ဆက်စပ်လုပ်ငန်းများ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ စက်မှုဝန်ကြီးဌာနအနေဖြင့် ဘိလပ်မြေထုတ်လုပ်မှုနည်းပညာများနှင့်ပတ်သက်၍ လိုအပ်ချက်များရှိပါက ကူညီဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ အမှတ်(၂) အကြီးစားစက်မှုလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးက (၃/၂၀၂၅) အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်မှု၊ စက်ရုံများ၏ ဘိလပ်မြေတိုးတက်ထုတ်လုပ်မှုနှင့် အခက်အခဲများကို ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်မှုအခြေအနေတို့ကိုလည်းကောင်း၊ မြန်မာနိုင်ငံဘိလပ်မြေထုတ်လုပ်သူများအသင်းဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့က ဘိလပ်မြေအရည်အသွေးကို နိုင်ငံတကာအဆင့်မီ စစ်ဆေးနိုင်ရေးအတွက် ဓာတ်ခွဲခန်းတည်ဆောက်ရေးဆိုင်ရာကိစ္စရပ်များ၊ ထုတ်လုပ်မှုနည်းပညာအဆင့်ဆင့်အား လွှဲပြောင်းရရှိရေးဆောင်ရွက်နေမှု၊ ဘိလပ်မြေစက်ရုံများ ကုန်ထုတ်လုပ်မှုလုပ်ငန်းများဆောင်ရွက်ရာတွင် တွေ့ကြုံရသည့်အခက်အခဲများကို ဝိုင်းဝန်းကူညီဖြည့်ဆည်းဆောင်ရွက်ပေးခဲ့မှုအခြေအနေတို့ကိုလည်းကောင်း၊ ဘိလပ်မြေစက်ရုံများမှ တာဝန်ရှိသူများက စက်ရုံအလိုက် ကုန်ထုတ်လုပ်မှုလုပ်ငန်းများဆောင်ရွက်နေမှု၊ ဖြန့်ဖြူးရောင်းချမှု၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းများဆောင်ရွက်စဉ် တွေ့ကြုံရသည့် အခက်အခဲများကိုလည်းကောင်း၊ ဘိလပ်မြေထုတ်လုပ်သူများအသင်းတွင် ပါဝင်သည့် ဝန်ကြီးဌာနကိုယ်စားလှယ်များက စက်ရုံအလိုက်လိုအပ်ချက်များကို ကူညီဖြည့်ဆည်းဆောင်ရွက်ပေးနေမှု အခြေအနေတို့ကိုလည်းကောင်း၊ စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ငလျင်ဒဏ်သင့်ဒေသများတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ဘိလပ်မြေများ ဖြန့်ဖြူးပေးနိုင်ရေးအခြေအနေတို့ကိုလည်းကောင်း၊ တက်ရောက်လာသူများမှ ဘိလပ်မြေများ အရည်အသွေးပြည့်မီစွာ ထုတ်လုပ်နိုင်ရေးအတွက်ဆောင်ရွက်သွားရမည့်အခြေအနေ၊ နည်းပညာလွှဲပြောင်းရရှိရေးဆိုင်ရာကိစ္စရပ်များ၊ စက်မှုလုပ်ငန်းများနှင့် ကျောင်းများချိတ်ဆက်ဆောင်ရွက်သွားမည့်အခြေအနေတို့ကိုလည်းကောင်း အသီးသီးဝိုင်းဝန်းဆွေးနွေးကြပြီး စက်ရုံများမှ တင်ပြသည့် လိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းဖြေရှင်းဆောင်ရွက်ပေး၍ ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားသည်။

မွန်းလွဲပိုင်းတွင် စီမံကိန်းကြီးကြပ်မှုကော်မတီညှိနှိုင်းအစည်းအဝေးကိုဆက်လက်ကျင်းပရာ ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားပြီး ပြည်ထောင်စုဝန်ကြီးရုံး ညွှန်ကြားရေးမှူးချုပ်က ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွင်း ရန်ပုံငွေပါလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေ၊ အစည်းအဝေးတက်ရောက်လာသည့် အဖွဲ့ဝင်များက စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ သတ်မှတ်ဘဏ္ဍာရေးနှစ်အလိုက် လုပ်ငန်းများဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အခြေအနေတို့ကို ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။

မြဝတီ

# တရုတ်နိုင်ငံ သို့မဟုတ် ယုံကြည်စိတ်အချရဆုံး အိမ်နီးချင်းနိုင်ငံ

မောင်ဇော်(မိုးကောင်း)


"မြန်မာနိုင်ငံဟာ တရုတ်နိုင်ငံရဲ့ ယုံကြည်စိတ်ချရတဲ့ မိတ်ဆွေကောင်း နိုင်ငံ တစ်နိုင်ငံဖြစ်ပါတယ်။ တရုတ်နိုင်ငံကလည်း ကျွန်တော်တို့နိုင်ငံရဲ့ ယုံကြည်စိတ်ချရတဲ့မိတ်ဆွေနိုင်ငံအဖြစ် အမြဲမျှော်လင့်ထားပါတယ်" ဟု တရုတ်နိုင်ငံသို့ အလုပ်သဘောခရီးစဉ်အဖြစ် ရောက်ရှိနေသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ချန်ဒူးမြို့၌ တရုတ်သတင်းမီဒီယာများနှင့်တွေ့ဆုံမှုတွင် ထည့်သွင်းပြောကြားခဲ့သည်။ အဆိုပါ တရုတ်နိုင်ငံသည် မြန်မာနိုင်ငံ၏ယုံကြည်စိတ်ချရသော အိမ်နီးချင်းနိုင်ငံဖြစ်ကြောင်းကို ဗိုလ်ချုပ်မှူးကြီးအနေဖြင့် ခရီးစဉ်ကာလအတွင်း အကြိမ်ကြိမ်အလေးထားပြောကြားခဲ့သည်ကို တွေ့ရှိရသည်။

မကြာသေးမီရက်ပိုင်းက တရုတ်နိုင်ငံတွင်ကျင်းပသော ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့(SCO) ထိပ်သီးအစည်းအဝေးနှင့် တရုတ်ပြည်သူများ၏ ဂျပန်တော်လှန်ရေးစစ်ပွဲနှင့် ကမ္ဘာ့ဖက်ဆစ်ဆန့်ကျင်ရေးစစ်ပွဲအောင်နိုင်ခြင်း နှစ်(၈၀)ပြည့်အထိမ်းအမှတ်အခမ်းအနားသို့ တက်ရောက်ပါရန် တရုတ်ပြည်သူ့သမ္မတနိုင်ငံသမ္မတ မစ္စတာရှီကျင့်ဖျင်၏ဖိတ်ကြားချက်အရ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ဦးဆောင်သော မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့တရားဝင်အလုပ်သဘောခရီးသွားရောက်ခဲ့သည်။

အဆိုပါ မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် ယာယီသမ္မတ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် တရုတ်နိုင်ငံသို့ ရောက်ရှိနေချိန်တွင် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့(SCO) ထိပ်သီးအစည်းအဝေး တက်ရောက်ခြင်း၊ ဖက်ဆစ်ဆန့်ကျင်ရေးစစ်ပွဲအောင်နိုင်ခြင်း နှစ်(၈၀)ပြည့်အထိမ်းအမှတ် အခမ်းအနားသို့တက်ရောက်ခြင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတအပါအဝင် အခမ်းအနားသို့ တက်ရောက်လာသော နိုင်ငံ့ခေါင်းဆောင်များနှင့်တွေ့ဆုံဆွေးနွေးခြင်း၊ တီယန်ကျင်းမြို့နှင့် ချန်ဒူးမြို့တို့၌ တရုတ်နိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များနှင့်တွေ့ဆုံပြီး မြန်မာ-တရုတ် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်ခဲ့သည်။

တွေ့ဆုံမှုများ၌ မြန်မာနိုင်ငံ၏ ယာယီသမ္မတ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က တရုတ်နှင့်မြန်မာနှစ်နိုင်ငံတို့သည် အေးအတူပူအမျှ အသိုက်အဝန်းကို ဖော်ဆောင်ထားသော ဆွေမျိုးပေါက်ဖော်နိုင်ငံ၊ မဟာဗျူဟာမိတ်ဖက်နိုင်ငံများဖြစ်ပြီး မြန်မာနိုင်ငံသည် တရုတ်နိုင်ငံအတွက် ယုံကြည်စိတ်ချရသည့် မိတ်ဆွေရင်းနိုင်ငံဖြစ်သကဲ့သို့ တရုတ်နိုင်ငံသည်မြန်မာနိုင်ငံအတွက် ယုံကြည်စိတ်ချရသည့် မိတ်ဆွေရင်းနိုင်ငံဖြစ်သည့်အတွက် ရဲရဲတင်းတင်းလာရောက်ရင်းနှီးမြှုပ်နှံကြရန်လည်း တရုတ်စီးပွားရေးလုပ်ငန်းရှင်များအား ဖိတ်ခေါ်ခဲ့သည်ကိုတွေ့ရှိရသည်။

မိတ်ရင်းဆွေရင်းဖြစ်ခြင်း၊ ယုံကြည်စိတ်ချရခြင်းတို့သည် ချက်ချင်းဆောင်ရွက်၍မရဘဲ ရေရှည်တည်ဆောက်လာခြင်းဖြင့်သာရရှိနိုင်သည်။ မိုင်ပေါင်း ၁၃၀၀ ကျော် နယ်နိမိတ်ချင်းထိစပ်နေသည့် တရုတ်နှင့်



မြန်မာ နှစ်နိုင်ငံတို့သည် လွန်ခဲ့သော နှစ်ပေါင်း ၁၄၀၀ ကျော် အေဒီ ၇ ရာစုခန့်ကတည်းက မြန်မာနိုင်ငံ ပျူမင်းဆက်များနှင့်တရုတ်နိုင်ငံ တန်(Tang) မင်းဆက်ခေတ်များမှစ၍ သံတမန်ဆက်ဆံရေးထူထောင်ခဲ့ကြပြီး ကုန်သွယ်ရေး၊ စီးပွားရေး၊ ယဉ်ကျေးမှုတို့တွင် ထိတွေ့ဆက်ဆံမှုများရှိကြောင်း သမိုင်းအထောက်အထားများတွေ့ရှိရသည်။ ပုဂံခေတ်အေဒီ ၁၁ ရာစုတွင်လည်း ရှင်ဒိသာပါမောက် ဦးဆောင်သည့် မြန်မာသံတမန်အဖွဲ့ တရုတ်နိုင်ငံသို့ သွားရောက်ခဲ့ကြောင်း သမိုင်းမှတ်တမ်းအထောက်အထားများရှိခဲ့ရာ နှစ်နိုင်ငံ၏ နှစ်ကာလရှည်ကြာစွာ တည်ဆောက်ထားသည့် သံတမန်ဆက်ဆံရေးများရှိကြောင်းကိုတွေ့ရှိနိုင်သည်။ ၁၉၄၉ ခုနှစ်၌ တရုတ်ပြည်သူ့သမ္မတနိုင်ငံထူထောင်မှုကိုလည်း မြန်မာနိုင်ငံက အာရှတိုက်တွင် ပထမဆုံး အသိအမှတ်ပြုခဲ့သည့် နိုင်ငံဖြစ်သည်။ ၁၉၅၀ ပြည့်နှစ် ဇွန်လ ၈ ရက်မှစ၍ တရားဝင်သံတမန်ဆက်ဆံရေးအား ထူထောင်ခဲ့သဖြင့် ယခုနှစ် ဇွန်လ ၈ ရက်တွင် ၇၅ နှစ်ပြည့် စိန်ရတုသို့တိုင်ရောက်ရှိခဲ့ပြီဖြစ်သည်။

တရုတ်နှင့်မြန်မာ နှစ်နိုင်ငံတို့သည် သံတမန်ဆက်ဆံရေး ပိုမိုတိုးတက်ခိုင်မာစေရန်အတွက် နိုင်ငံ့ခေါင်းဆောင်များ၏ အပြန်အလှန် ချစ်ကြည်ရေးခရီးများ သွားရောက်ခဲ့ကြရာ တရုတ်ဝန်ကြီးချုပ် ချူအင်လိုင်းသည် မြန်မာနိုင်ငံသို့ ချစ်ကြည်ရေးခရီးစဉ် ကိုးကြိမ်လာရောက်ခဲ့ပြီး မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီဥက္ကဋ္ဌ ဦးနေဝင်းသည်လည်း တရုတ်နိုင်ငံသို့ ချစ်ကြည်ရေးခရီးစဉ်၁၂ကြိမ်သွားရောက်ခဲ့သည်ကိုတွေ့ရှိရသည်။ ယခုလက်ရှိ မြန်မာနိုင်ငံ၏ ယာယီသမ္မတ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည်ပင် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ၁၂ ကြိမ်တိုင်တိုင် ချစ်ကြည်ရေးခရီးလာရောက်ခဲ့ပြီးဖြစ်ကြောင်းခရီးစဉ်တွင် ထည့်သွင်းပြောကြားခဲ့သဖြင့် တရုတ်နှင့်မြန်မာနိုင်ငံတို့အကြား ကောင်းမွန်တိုးတက်ခိုင်မာသော ရင်းနှီးသည့်ဆက်ဆံရေးကို တည်ဆောက်ထားကြောင်း တွေ့ရှိရသည်။

သမိုင်းကြောင်း ရှည်လျားလှသည့် တရုတ်-မြန်မာဆက်ဆံရေးကို အခြေခံပြီး ၁၉၅၄ ခုနှစ်တွင် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး မူကြီး(၅)ရပ်ကို သဘောတူစာချုပ်ချုပ်ဆိုခဲ့ကြရာ အဆိုပါစာချုပ်သည် မျက်မှောက်ခေတ်နိုင်ငံတကာဆက်ဆံရေးတွင် စံနမူနာတစ်ခုဖြစ်လာစေခဲ့သည်။ မြန်မာနိုင်ငံသည် တရုတ်တစ်နိုင်ငံတည်းမူဝါဒ(One China Policy)ကို ယနေ့အချိန်အထိ မပြောင်းလဲဘဲ ခိုင်ခိုင်မာမာ လက်ခံကျင့်သုံးလျက်ရှိသည်။ အိမ်နီးချင်းထက်စိတ်ချရသည့် မိတ်ဆွေနိုင်ငံဆိုတာ မရှိပါဆိုသည့်အတိုင်းပင် ၁၉၇၁ ခုနှစ်တွင်ကျင်းပသည့် (၂၆)ကြိမ်မြောက် ကမ္ဘာ့ကုလသမဂ္ဂအထွေထွေညီလာခံတွင်တရုတ်ပြည်သူ့သမ္မတနိုင်ငံကို ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံဖြစ်စေရေးအတွက် မြန်မာနိုင်ငံက ထောက်ခံပေးခဲ့ပြီး အိမ်နီးချင်းကောင်းပီသစွာ တရုတ်နိုင်ငံဘက်မှ အပြည့်အဝရပ်တည်ခဲ့သည်။

နှစ်နိုင်ငံ၏ ရှိရင်းစွဲဆက်ဆံရေးအား ၂၀၁၁ ခုနှစ်တွင် ဘက်စုံမဟာဗျူဟာမြောက်မိတ်ဖက်ဆက်ဆံရေးအဖြစ် အဆင့်မြှင့်တင်ခဲ့ပြီး ပြည်သူများအကြား အပြန်အလှန်ဖလှယ်မှုများနှင့်ကဏ္ဍစုံတွင်အနီးကပ်ပူးပေါင်းဆောင်ရွက်ခဲ့ကြသည်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာရှီကျင့်ဖျင်၏ ၂၀၂၀ ပြည့်နှစ် မြန်မာနိုင်ငံခရီးစဉ်အတွင်း၌ တရုတ်-မြန်မာ အေးအတူပူအမျှ အသိုက်အဝန်းတည်ဆောက်ရေး သဘောတူညီခဲ့ကြပြီး နှစ်နိုင်ငံပြည်သူများအကျိုးအတွက် ရေရှည်တည်တံ့သည့် ဘုံအကျိုးစီးပွားကို မြှင့်တင်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ခဲ့သည်ကို တွေ့ရှိရသည်။ တရုတ်နိုင်ငံက ဦးစီးဖော်ဆောင်နေသော ရပ်ဝန်းနှင့်ပိုးလမ်းမစီမံကိန်း (Belt and Road Initiative-BRI)နှင့် တရုတ်-မြန်မာစီးပွားရေးစင်္ကြံ စီမံကိန်းများ (China- Myanmar Economic Corridor-CMEC) သည် နှစ်နိုင်ငံပြည်သူလူထုအတွက် များစွာအကျိုးဖြစ်ထွန်းနိုင်ပြီး စဉ်ဆက်မပြတ်သာယာဝပြောဖွံ့ဖြိုးတိုးတက်မှုကို ပေးစွမ်းနိုင်မည်ဖြစ်သဖြင့် အမြန်ဆုံးအကောင်အထည်ဖော်နိုင်ရေး ဆောင်ရွက်ကြရမည်ဖြစ်သည်။

မျက်မှောက်ခေတ်မြန်မာနိုင်ငံ၏အရေးကိစ္စများ၌ တရုတ်နိုင်ငံအနေဖြင့် နိုင်ငံတကာမျက်နှာစာတွင် မြန်မာနိုင်ငံဘက်မှ ရပ်တည်ထောက်ခံပေးလျက်ရှိသည်။ မြန်မာနိုင်ငံ၏ ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ၊ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးလုပ်ငန်းစဉ်များနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များတွင် တရုတ်နိုင်ငံ၏အားပေးကူညီမှု ထောက်ခံပေးနေမှုများအတွက်လည်း မြန်မာနိုင်ငံသားတစ်ဦးအနေဖြင့် ကျေးဇူးတင်ရှိပါသည်။ ယခုနှစ် မတ်လ ၂၈ ရက်က မန္တလေးငလျင်လှုပ်ခတ်မှုအပြီး ၂၄ နာရီအတွင်း ချက်ချင်းပင်ကူညီရှာဖွေကယ်ဆယ်ရေးအဖွဲ့များစေလွှတ်ပြီး ရှာဖွေကယ်ဆယ်ပေးခဲ့သည့်အတွက်လည်း တရုတ်နိုင်ငံအစိုးရနှင့် ရှာဖွေရေးအဖွဲ့များကို မြန်မာပြည်သူများက လှိုက်လှဲစွာကျေးဇူးတင်ရှိရပါသည်။ ဆွေမျိုးပေါက်ဖော်ပီသစွာ ရိုင်းပင်းကူညီပေးမှုများသည် အိမ်နီးချင်းကောင်း မိတ်ဆွေကောင်းပီသမှု၏ပြယုဂ်ပင်ဖြစ်သည်။

မကြာမီကျင်းပတော့မည့် မြန်မာနိုင်ငံ၏ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအတွက်ပြင်ဆင်နေမှုများအပေါ် တရုတ်နိုင်ငံက ထောက်ခံအားပေးလျက်ရှိသကဲ့သို့ လွတ်လပ်ပြီးတရားမျှတမှု အပြည့်အဝရှိသော ရွေးကောက်ပွဲဖြစ်စေရေးအတွက် အားပေးဆောင်ရွက်လျက်ရှိသည်ကို သိရှိရသည်။ ဒေသတွင်းနှင့် နိုင်ငံတကာမျက်နှာစာတွင် တရုတ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံဘက်မှ ရပ်တည်ပေးလျက်ရှိသည့်အပြင် မြန်မာနိုင်ငံ၏ တည်ငြိမ်အေးချမ်းရေးအတွက် တရုတ်နိုင်ငံမှအပြုသဘောဆောင်သော ရပ်တည်ချက်များကို မြန်မာနိုင်ငံသားတစ်ဦးအနေဖြင့် ကျေးဇူးတင်လျက်ရှိသည်။

တရုတ်နိုင်ငံသည် မြန်မာနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုအများဆုံး ကုန်သွယ်ဖက်နိုင်ငံဖြစ်သည်၊ နှစ်နိုင်ငံအကြား ကုန်သွယ်မှုနှင့်ကုန်စည်စီးဆင်းမှုများတွင် အဓိကကျသည့် နယ်စပ်ဒေသကုန်သွယ်မှုများသည် လက်နက်ကိုင်သောင်းကျန်းမှုများကြောင့် များစွာထိခိုက်ခဲ့ရသည်။ နယ်စပ်ဒေသတည်ငြိမ်အေးချမ်းမှုရှိရေးသည် နှစ်နိုင်ငံပြည်သူများ၏ လူမှုစီးပွားဘဝတိုးတက်ရေးကို တိုက်ရိုက်အထောက်အကူပြုနေသည့်အတွက် ယခုထက်ပိုမို၍ ပူးပေါင်းဆောင်ရွက်ရမည်ဖြစ်သည်။ နယ်စပ်ဒေသနှင့် ကုန်စည်စီးဆင်းရာ လမ်းကြောင်းတစ်လျှောက် နယ်မြေဒေသတည်ငြိမ်အေးချမ်းမှုပျက်ပြားအောင် ရည်ရွယ်ချက်ရှိရှိဖြင့်လုပ်ဆောင်နေသော အကြမ်းဖက်သောင်းကျန်းသူများကို နှစ်နိုင်ငံပူးပေါင်း၍ နှိမ်နင်းဆောင်ရွက်ကြရမည်ဖြစ်သည်။

မြန်မာနိုင်ငံရှိပြည်သူများ၏ လူမှုစီးပွားဘဝများ ပိုမိုအဆင်ပြေချောမွေ့စေရေး၊ မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်မှု နောက်ကျမကျန်ခဲ့စေရေးအတွက် တရုတ်နိုင်ငံက လက်တွဲခေါ်ဆောင်လျက်ရှိနေသည်။ အတူတကွ ဖွံ့ဖြိုးတိုးတက်ရေးကို အကောင်အထည်ဖော်သည့် အေးအတူပူအမျှအသိုက်အဝန်းထူထောင်မှုကို တရုတ်နိုင်ငံကဖော်ဆောင်လျက်ရှိရာ အပြန်အလှန်အားဖြင့် ကျွန်တော်တို့ မြန်မာပြည်သူများကလည်း နှစ်နိုင်ငံပြည်သူများ၏ ဘုံအကျိုးစီးပွားအတွက် အပြည့်အဝပူးပေါင်းပါဝင်ဆောင်ရွက်ကြရမည်ဖြစ်သည်။ မြန်မာနိုင်ငံနှင့် မြန်မာပြည်သူတို့၏ အကျိုးစီးပွားအတွက် အစဉ်ကူညီဆောင်ရွက်ပေးလျက်ရှိသော တရုတ်နိုင်ငံသည် ကျွန်တော်တို့နိုင်ငံအတွက် ယုံကြည်စိတ်အချရဆုံးသော အိမ်နီးချင်းနိုင်ငံပင်ဖြစ်ကြောင်း ဖော်ပြလိုက်ရပါသည်။ ။

# ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာမဟာမင်းကြီး Mr. Filippo Grandi အား ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့် လက်ခံတွေ့ဆုံ



နေပြည်တော် စက်တင်ဘာ ၉

နယ်စပ်ရေးရာဝန်ကြီးဌာနနှင့်တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်သည် ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာမဟာမင်းကြီး Mr. Filippo Grandi အား ယနေ့နံနက်ပိုင်းတွင် နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ်မြန်မာနိုင်ငံအတွင်းရှိနယ်စပ်ဒေသများ တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ နယ်စပ်ဒေသများတွင်နေထိုင်ကြသည့် တိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ပေးနေမှုများ၊ နိုင်ငံတော်အစိုးရက အကောင်အထည်ဖော်ဆောင်ရွက်နေသည့် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ပြည်တွင်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ၏ ဖြစ်ပေါ်တိုးတက်မှုများ၊ လူသားချင်းစာနာထောက်ထားမှုအကူအညီများ ပံ့ပိုးဆောင်ရွက်ပေးနေမှုအခြေအနေများ၊ ရခိုင်ပြည်နယ်အတွင်း၌ နယ်မြေတည်ငြိမ်အေးချမ်းမှု ရရှိလာပါက နေရပ်စွန့်ခွာသွားသူများအား ၎င်းတို့၏ဆန္ဒအလျောက် ဘေးကင်းပြီး ဂုဏ်သိက္ခာရှိစွာ နေရပ်ပြန်နိုင်ရေးအတွက် ဆက်လက်ညှိနှိုင်းဆောင်ရွက်လျက်ရှိသည့် ကိစ္စရပ်များ၊ UNHCR နှင့် ရှေ့ဆက်လက် ပူးပေါင်းဆောင်ရွက်နိုင်မည့်ကိစ္စရပ်များနှင့် စပ်လျဉ်း၍ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဖြိုးသန့်၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

မြဝတီ

# PJSC "Sberbank of Russia" ကုမ္ပဏီ၏ ဒုတိယဥက္ကဋ္ဌ မစ္စတာ အီဗန်နိုဆော့ဗ် ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့အား ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် လက်ခံတွေ့ဆုံ



နေပြည်တော် စက်တင်ဘာ ၉

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်သည် PJSC "Sberbank of Russia" ကုမ္ပဏီ၏ ဒုတိယဥက္ကဋ္ဌ မစ္စတာ အီဗန်နိုဆော့ဗ် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ပြည်တွင်းအခွန်များဦးစီးဌာန ရုံးအမှတ် (၄၆) ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ရုရှား-မြန်မာ နှစ်နိုင်ငံ ဘဏ္ဍာရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ၊ ငွေပေးချေမှုကိစ္စရပ်များ၊ ဘဏ္ဍာရေးဆိုင်ရာကိစ္စရပ်များအား Fintech နည်းပညာများဖြင့် အသုံးပြုဆောင်ရွက်ရာတွင် Cybersecurity ဆိုင်ရာကိစ္စရပ်များ၌ ပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေကို ရင်းနှီးပွင့်လင်းစွာဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။ မြဝတီ

# ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့ရှိ ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးနှင့်အဖွဲ့အား ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင် လက်ခံတွေ့ဆုံ

နေပြည်တော် စက်တင်ဘာ ၉

လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်သည် ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့ရှိ ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာမဟာမင်းကြီး Mr. Filippo Grandi နှင့်အဖွဲ့အား ယနေ့ညနေ ၃ နာရီခွဲတွင် နေပြည်တော်ရှိ ဝန်ကြီးဌာနရှိအစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။




တွေ့ဆုံစဉ် ရခိုင်ပြည်နယ်မှနေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးအတွက် ဝန်ကြီးဌာနနှင့် UNDP-UNHCR တို့ သုံးပွင့်ဆိုင်နားလည်မှုစာချွန်လွှာ (MoU ) လက်မှတ်ရေးထိုးဆောင်ရွက်နေမှု၊ ယင်းလုပ်ငန်းစဉ်များ အောင်မြင်စွာဆောင်ရွက်နိုင်ရေးအတွက် မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံအစိုးရအချင်းချင်း ညှိနှိုင်းပူးပေါင်းဆောင်ရွက်နေမှု၊ ရခိုင်ပြည်နယ်အတွင်းရှိ အကြမ်းဖက်သောင်းကျန်းသူများ၏ နှောင့်ယှက်ဟန့်တားမှုကြောင့် ပြန်လည်လက်ခံရေးလုပ်ငန်းစဉ် နှောင့်နှေးကြန့်ကြာနေမှု၊ နယ်မြေဒေသ လုံခြုံရေးအခြေအနေအရ ဘူးသီးတောင်၊ မောင်တောဒေသ၌ တာဝန်ထမ်းဆောင်နေသည့် UNHCR ဝန်ထမ်းများအား စစ်တွေမြို့နှင့် ရန်ကုန်မြို့သို့ ရွှေ့ပြောင်းနေထိုင်ခွင့်ပြုခဲ့မှုနှင့် နယ်မြေတည်ငြိမ်အေးချမ်းပါက သက်ဆိုင်ရာဒေသသို့ ပြန်လည်စေလွှတ်တာဝန်ထမ်းဆောင်မည့်အခြေအနေ၊ ဝန်ကြီးဌာနနှင့် UNDP-UNHCR ဆက်လက်လက်တွဲပူးပေါင်းပြီး ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်အား ကြိုးပမ်းဆောင်ရွက်သွားမည့် အခြေအနေများနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီးနှင့်အတူ ဒုတိယဝန်ကြီး ဦးဌေးလှိုင်၊ အမြဲတမ်းအတွင်းဝန်ဦးမင်းဟိန်း၊ လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။

မြဝတီ

# ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာမဟာမင်းကြီး Mr. Filippo Grandi အား ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း လက်ခံတွေ့ဆုံ

နေပြည်တော် စက်တင်ဘာ ၉

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းသည် ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့ရှိကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာမဟာမင်းကြီး Mr. Filippo Grandi အား ယနေ့ မွန်းလွဲပိုင်းတွင် အဆိုပါဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာမဟာမင်းကြီးတာဝန် မကြာမီကာလအတွင်း ပြီးစီးတော့မည်ဖြစ်သဖြင့် မြန်မာနိုင်ငံသို့ ဦးစားပေးခရီးလာရောက်ခဲ့မှု၊ ဝန်ကြီးဌာနနှင့် ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာမဟာမင်းကြီးရုံး (UNHCR) တို့အကြား နားလည်မှုစာချွန်လွှာ (MoU) လက်မှတ်ရေးထိုးနိုင်ရေးနှင့် စပ်လျဉ်း၍ ဖြစ်ပေါ်တိုးတက်မှုများ၊ UNHCR မှ ဘေးဒဏ်သင့်သူများသို့ လူသားချင်းစာနာမှုအကူအညီပေးအပ်ခဲ့မှု အခြေအနေ၊ ရခိုင်ပြည်နယ်ရှိ နေရပ်စွန့်ခွာသူများနှင့် ပတ်သက်သောကိစ္စရပ်များ၊ ဝန်ကြီးဌာနနှင့် ကုလသမဂ္ဂ အဖွဲ့အစည်းများအကြား ဆက်လက်ပူးပေါင်းဆောင်ရွက်သွားရေးကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာအမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ဝန်ကြီးဌာနမှတာဝန်ရှိသူများ၊ UNHCR ၏ အာရှနှင့်ပစိဖိတ်ဒေသဆိုင်ရာဗျူရိုရုံးမှ ညွှန်ကြားရေးမှူး Ms. Hai Kyung Jun နှင့် UNHCR ၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် Ms. Noriko Takagi တို့ တက်ရောက်ကြကြောင်း သိရသည်။

မြဝတီ




## အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခုလှုပ်ရှား

နေပြည်တော် စက်တင်ဘာ ၉

ယနေ့ည ၁၀ နာရီ ၄၆ မိနစ် ဝ၁ စက္ကန့်အချိန်တွင် ကမ္ဘာအေးမြေငလျင်စခန်းမှ တောင်-အရှေ့တောင်ဘက် ၉၂ မိုင်ခန့်ကွာဝေးသော မြန်မာ့ပင်လယ်ပြင်၊ (ကွမ်းခြံကုန်းမြို့၏တောင်-အရှေ့တောင်ဘက် ၆၉ မိုင်ခန့်အကွာ)မြောက်လတ္တီတွဒ် ၁၅ ဒသမ ၆၀ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒသမ ၅၉ ဒီဂရီ၊ အနက် ၁၀ ကီလိုမီတာကိုဗဟိုပြု၍ အင်အားရစ်(ခ်)တာစကေး ၄ ဒသမ သုညအဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခုလှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်။

(မိုး/ဇလ)

# ဟသ်ာတမြို့နယ်၌ ကျောက်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုစစ်ဆေး



**ဟသ်ာတ စက်တင်ဘာ ၉**

ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ဖြင့် လယ်တီကျေးရွာအုပ်စု ပျဉ်စိန်ကျေးရွာ၌ ကျောက်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို စက်တင်ဘာလ ၈ ရက် နံနက်ပိုင်းတွင် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးကြောင်း သိရသည်။

ထိုသို့စစ်ဆေးရာတွင် ဟသ်ာတခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးတင်မော်သန်း၊ ဟသ်ာတမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဆွေဆွေဝင်းနှင့်အဖွဲ့ဝင်များက ပျဉ်စိန်ကျေးရွာ၌ ကွန်ကရစ်ပေါင်ချောင်းကျောက်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဒေါ်ဆွေဆွေဝင်းကဆောင်ရွက်ပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများကို ရေရှည်တည်တံ့ခိုင်မြဲအောင် ပိုင်းဝန်းထိန်းသိမ်းဆောင်ရွက်ရန် မှာကြားပြီး လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ပျဉ်စိန်ကျေးရွာ၌ လမ်းအရှည်ပေ ၁၀၀၀၊ အကျယ်၁၁ ပေ၊ ထု ၆ လက်မ ကျောက်လမ်းခင်းခြင်းလုပ်ငန်းကို VDP စီမံကိန်း ပံ့ပိုးငွေကျပ်သိန်း ၁၅၀ နှင့် ပြည်သူထည့်ဝင်ငွေကျပ်သိန်း ၅၀ စုစုပေါင်း ငွေကျပ်သိန်း ၂၀၀ ဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာပံ့ပိုးမှု၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ စီမံခန့်ခွဲမှုဖြင့် ယခုနှစ် ဇွန်လ ၃၀ ရက်က စတင်ဆောင်ရွက်ရာ ယခုအခါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**ဇင်မာ**

# ကော့ကရိတ်မြို့၌ မြန်မာအီလက်ထရောနစ်မဲပေးစက်ဆိုင်ရာ အသိပညာပေးခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေးခြင်းဆောင်ရွက်

**ကော့ကရိတ် စက်တင်ဘာ ၉**

ကရင်ပြည်နယ် ကော့ကရိတ်မြို့၌ မြန်မာအီလက်ထရောနစ်မဲပေးစက်ဆိုင်ရာ အသိပညာပေးခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေးခြင်းအခမ်းအနားကို စက်တင်ဘာလ ၈ ရက် နံနက်ပိုင်းတွင် ကော့ကရိတ်မြို့ ဒေါနခန်းမ၌ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်ကျော်ဦးက အဖွင့်အမှာစကားပြောကြားပြီး ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူး ဦးဖြိုးဝေကျော်က ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲကျင်းပနိုင်ရေးအတွက် ဆန္ဒမဲပေးခြင်းနှင့်ပတ်သက်၍ မြန်မာအီလက်ထရောနစ်မဲပေးစက်ကိုင်တွယ်အသုံးပြုရသည့်ရည်ရွယ်ချက်များ၊ နည်းစနစ်များနှင့် လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ တာဝန်ရှိသူများက တက်ရောက်လာကြသည့်ကော့ကရိတ်မြို့ပေါ် အမှတ်(၁) ရပ်ကွက်ရှိ ဒေသခံမဲဆန္ဒရှင်ပြည်သူများအား လက်တွေ့စမ်းသပ်မဲပေးခြင်းကိုဆောင်ရွက်ကြောင်း သိရသည်။ **(၄၀၆)**



# မြို့နယ်အဆင့်အခြေခံပညာကျောင်းပေါင်းစုံအားကစားပြိုင်ပွဲ လူရွေးပွဲကျင်းပ

**ကဝ စက်တင်ဘာ ၉**

ပဲခူးတိုင်းဒေသကြီး ကဝမြို့နယ်၌ ကျောင်းသားအားကစားပြိုင်ပွဲအတွက် အရည်အချင်းပြည့်မီသောထူးချွန်အားကစားသမားများစေလွှတ်နိုင်ရေး မြို့နယ်အဆင့် ကျောင်းပေါင်းစုံပဏာမလူရွေးချယ်ပွဲကို စက်တင်ဘာလ ၈ ရက် နံနက်ပိုင်းတွင် အခြေခံပညာအထက်တန်းကျောင်း(ကဝ) ကျောင်းအားကစားကွင်းနှင့်ရွှေညောင်ပင် ဘော်လီဘောအားကစားကွင်းတို့၌ ကျင်းပသည်။

ရှေးဦးစွာ ကဝမြို့နယ်အတွင်းရှိအခြေခံပညာကျောင်းပေါင်းစုံမှ အသက် ၁၈ နှစ်အောက် ကျောင်းသား၊ ကျောင်းသူများ၏ ဘောလုံး၊ ဘော်လီဘော၊ ပိုက်ကျော်ခြင်းနှင့် စားပွဲတင်တင်းနစ် စသည့်အားကစားနည်းများယှဉ်ပြိုင်နေမှုကို ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများက ကြည့်ရှုအားပေးကြပြီး ကဝမြို့နယ်ပညာရေးမှူး ဦးလင်းအောင်နှင့် တာဝန်ရှိသူများက ပြိုင်ပွဲကိုကြီးကြပ်ဆောင်ရွက်ပေးလျက်ရှိသည်။

အဆိုပါမြို့နယ်အဆင့် ကျောင်းပေါင်းစုံပြိုင်ပွဲများတွင် သက်ဆိုင်ရာအားကစားနည်းအလိုက်ရွေးချယ်ခြင်းခံရသည့်ကျောင်းသား၊ ကျောင်းသူများအား ခရိုင်အဆင့်တွင် ထပ်မံရွေးချယ်ပြီး တိုင်းဒေသကြီးနှင့်ပြည်နယ်အဆင့် ကျောင်းသားအားကစားပွဲတော်၌ ပါဝင်ယှဉ်ပြိုင်ရမည်ဖြစ်ကြောင်း သိရသည်။

**အောင်ဖြူလင်း၊ (၄၁၀)**

## MWD Education, Knowledge & Sports Channel

၁၀-၉-၂၀၂၅(ဗုဒ္ဓဟူးနေ့)

| | | | |
|---|---|---|---|
| ၁။ | ၀၇:၀၀ - ၀၈:၃၅ | Grade-7 | မြန်မာစာ၊ အင်္ဂလိပ်စာ |
| ၂။ | ၁၅:၃၀ - ၁၆:၀၅ | Grade-7 | အင်္ဂလိပ်စာ၊ သင်္ချာ(၁) |
| ၃။ | ၁၆:၀၅ - ၁၆:၄၅ | Grade-7 | သင်္ချာ(၂)၊ ပထဝီဝင် |
| ၄။ | ၁၆:၄၅ - ၁၇:၂၀ | Grade-7 | သမိုင်း၊ သိပ္ပံ |

# ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ **ရုံးချိန်အတွင်း** ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌရုံး(နေပြည်တော်)
- (၁) ၀၆၇-၃၄၀၄၉၃၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)
- (၁) ၀၉-၃၄၉၀၃၅၅၃၄၊ ၀၉-၃၄၉၀၃၈၃၇၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၃၄၉၀၃၈၃၇၆

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)
- (၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၃၄၉၀၁၄၄၈၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)
- (၁) ၀၅၈-၂၀၂၄၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၉၁၀

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)
- (၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန်၀၉-၈၉၀၉၃၇၅၇၄

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
- (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
- (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
- (၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
- (၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
- (၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

(ဍ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
- (၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

(ဎ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
- (၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
- (၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
- (၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများအား တိကျစွာဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန်သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများပြုလုပ်ပါက ဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

# ကလေးများ စမတ်ဖုန်းစောစီးစွာသုံးခြင်းနှင့် စိတ်ကျန်းမာရေး

ဒေါက်တာလွင်သန့်



လေ့လာမှုတွေအရ ကလေးတွေငယ်စဉ်မှာ စမတ်ဖုန်းကို စောစီးစွာထိတွေ့သုံးစွဲခဲ့မယ်ဆိုရင် ကြီးပြင်းလာတဲ့အချိန် စိတ်ကျန်းမာရေးဆိုင်ရာ နောက်ဆက်တွဲဆိုးကျိုးတွေ ပြင်းထန်စွာခံစားရနိုင်တယ်လို့ဆိုပါတယ်။ အသက် ၁၃ နှစ်မတိုင်မီကလေးတွေက စမတ်ဖုန်းသုံးစွဲမှုများခဲ့မယ်ဆိုရင် အဲဒီကလေးတွေ အသက် ၁၈ နှစ်ပြည့်ပြီးနောက်ပိုင်းမှာ စိတ်ကျန်းမာရေး ထိခိုက်မှုဖြစ်နိုင်ခြေပိုများတယ်လို့ ဆိုပါတယ်။

ကမ္ဘာ့စိတ်ပညာစီမံချက် (Global Mind Project) ကရရှိထားတဲ့ အချက်အလက်တွေကို သုတေသီတွေက အကဲဖြတ်လေ့လာခဲ့တာဖြစ်ပြီး အင်တာနက်သုံးစွဲသူ ၁ ဒသမ ၅ သန်းကျော်ရဲ့ စိတ်ကျန်းမာရေး အချက်အလက်တွေ၊ ဘဝနေထိုင်မှုပုံစံတွေပါဝင်တဲ့ အချက်အလက်အရင်းအမြစ်တွေကို အသုံးပြုပြီး သုတေသီတွေက လေ့လာခဲ့ကြတာဖြစ်ပါတယ်။

**"ကလေးငယ်စဉ်မှာ ဆိုရှယ်မီဒီယာနဲ့ စောစောစီးစီးထိတွေ့တဲ့အခါ ဆိုက်ဘာအနိုင်ကျင့်ခံရမှုတွေ၊ အိပ်ရေးပျက်တာတွေ၊ မိသားစုဆက်ဆံရေး အားနည်းတာမျိုးတွေ သက်ရောက်မှုဖြစ်စေတာကြောင့် အနာဂတ်မျိုးဆက်သစ်တွေရဲ့ စိတ်ကျန်းမာရေးအခြေအနေကို ကာကွယ်စောင့်ရှောက်ဖို့ ကလေးတွေကို စမတ်ဖုန်းသုံးစွဲခွင့်ပြုတာနဲ့ပတ်သက်ပြီး မိဘအုပ်ထိန်းသူတွေအနေနဲ့ သေချာဂရုစိုက်ကြပ်မတ်သင့်ပါတယ် . . ."**

အသက် ၁၂ နှစ်အောက်ကလေးငယ်တွေ စမတ်ဖုန်းအသုံးပြုကြတာက အဲဒီကလေးတွေ အသက် ၁၅ နှစ်အထက် ကြီးပြင်းလာချိန်မှာ စိုးရိမ်စရာကောင်းတဲ့ စိတ်ကျန်းမာရေးဆိုးကျိုးလက္ခဏာတွေ တွေ့ကြုံခံစားရစေနိုင်ပါတယ်။ နောက်ဆက်တွဲ စိတ်ကျန်းမာရေးဆိုးကျိုးလက္ခဏာတွေထဲမှာ သေကြောင်းကြံစည်တဲ့အတွေးတွေ၊ ရန်လိုမှုတွေ၊ လက်တွေ့လောကနဲ့ကင်းကွာနေမှုတွေ၊ စိတ်ထင်ယောင်ထင်မှားဖြစ်တာတွေ ရှိတတ်တယ်လို့ သုတေသီတွေကဆိုပါတယ်။ အမျိုးသမီးတွေဆိုရင် ကိုယ့်ကိုယ်ကိုယ်တန်ဖိုးထားပုံနဲ့ ယုံကြည်ချက်တွေမှာ ထိခိုက်မှုရှိပြီး စိတ်ပိုင်းဆိုင်ရာကြံ့ခိုင်နိုင်စွမ်းတွေ ပိုမိုအားနည်းနိုင်တယ်လို့ဆိုပါတယ်။ အမျိုးသားတွေမှာဆိုရင် စိတ်တည်ငြိမ်မှုအားနည်းတာတွေ ဖြစ်နိုင်တယ်လို့ဆိုပါတယ်။

ကလေးငယ်စဉ်မှာ ဆိုရှယ်မီဒီယာနဲ့ စောစောစီးစီးထိတွေ့တဲ့အခါ ဆိုက်ဘာအနိုင်ကျင့်ခံရမှုတွေ၊ အိပ်ရေးပျက်တာတွေ၊ မိသားစုဆက်ဆံရေးအားနည်းတာမျိုးတွေ သက်ရောက်မှုဖြစ်စေတာကြောင့် အနာဂတ်မျိုးဆက်သစ်တွေရဲ့ စိတ်ကျန်းမာရေး အခြေအနေကို ကာကွယ်စောင့်ရှောက်ဖို့ ကလေးတွေကို စမတ်ဖုန်းသုံးစွဲခွင့်ပြုတာနဲ့ပတ်သက်ပြီး မိဘအုပ်ထိန်းသူတွေအနေနဲ့ သေချာဂရုစိုက်ကြပ်မတ်သင့်ပါတယ်။

## မှတ်ဉာဏ်စွမ်းရည်ထိခိုက်ခြင်း

အချိန်ကြာမြင့်စွာ စမတ်ဖုန်းအသုံးပြုခြင်းက ဦးနှောက်နဲ့မှတ်ဉာဏ်စွမ်းရည်ကို များစွာထိခိုက်စေပါတယ်။ ဦးနှောက်ရဲ့အလုပ်လုပ်နိုင်မှုကို နှောင့်နှေးစေတဲ့အတွက် မကြာခဏသတိမေ့လျော့တာတွေ ဖြစ်လာပြီး ကိုယ်ပိုင်တွေးခေါ်နိုင်စွမ်းတွေ၊ ဖန်တီးနိုင်စွမ်းတွေ လျော့ကျလာပါတယ်။

စမတ်ဖုန်းတွေရဲ့ လွှမ်းမိုးမှုခံရပြီးတဲ့နောက်မှာ စိတ်ဓာတ်ကျခြင်း၊ စိတ်မပျော်မရွှင်ဖြစ်ခြင်းနဲ့အတူ စိတ်ကျရောဂါပါ စွဲကပ်လာနိုင်တာကြောင့် ဖုန်းကို အချိန်အပိုင်းအခြားနဲ့သာ အသုံးပြုသင့်ပါတယ်။

## ကိုယ်အလေးချိန်အဆမတန်တက်လာခြင်း

ကိုယ်အလေးချိန်များခြင်း၊ အဝလွန်ခြင်းစတဲ့ ပြဿနာတော်တော်များများက စမတ်ဖုန်းအလွန်အကျွံသုံးခြင်းနဲ့ များစွာဆက်နွှယ်နေပါတယ်။ ဖုန်းအသုံးပြုသူအများစုက ထိုင်သုံးခြင်း ဒါမှမဟုတ် လဲလျောင်းပြီးသုံးခြင်း စတဲ့နည်းလမ်းတွေနဲ့ အသုံးပြုကြတာများပါတယ်။ ဖုန်းကို အချိန်အကန့်အသတ်မရှိအသုံးပြုတဲ့အခါ ကိုယ်လက်လှုပ်ရှားမှု မရှိသလောက်ဖြစ်လာတဲ့အတွက် ကိုယ်အလေးချိန်တက်ဖို့ အခွင့်အရေးပိုများလာတာဖြစ်ပါတယ်။

## လူမှုအသိုင်းအဝိုင်းနဲ့ ဆက်သွယ်မှုပြတ်လာခြင်း

လူမှုကွန်ရက်မှာ ကမ္ဘာ့အရပ်ရပ်က ဖြစ်ပျက်နေတဲ့သတင်းတွေကို သိရှိနိုင်တယ်ဆိုပေမယ့် တကယ့်လူမှုပတ်ဝန်းကျင်အသိုင်းအဝိုင်းနဲ့ ထိတွေ့ဆက်ဆံသလို ကောင်းကျိုးရရှိမှုတော့ နည်းနိုင်ပါတယ်။ ပတ်ဝန်းကျင်ကိုမထွက်ဘဲ အိမ်ထဲမှာပဲ ဖုန်းအသုံးပြုနေခြင်းက ကြာလာတဲ့အခါ လူတွေရှိတဲ့ပတ်ဝန်းကျင်တစ်ခုကိုသွားလာဖို့ ခက်ခဲလာသလို လူမှုအသိုင်းအဝိုင်းနဲ့လည်း တဖြည်းဖြည်းအဆက်အသွယ်ပြတ်လာပါတယ်။

## အိပ်စက်မှုကိုအနှောင့်အယှက်ဖြစ်ခြင်း

စမတ်ဖုန်းကထွက်တဲ့ရောင်ခြည် (Radiation) လှိုင်းတွေက အိပ်စက်မှုကို အနှောင့်အယှက်ဖြစ်စေပါတယ်။ လူမှုကွန်ရက်အသုံးပြုတာတွေ၊ ဂိမ်းကစားတာတွေကလည်း အိပ်စက်သင့်ချိန်ကို ကျော်လွန်တဲ့အထိ ဦးနှောက်ကိုနိုးကြားတက်ကြွစေတာကြောင့် ညဘက်မှာ အိပ်မပျော်တာမျိုး အများဆုံးတွေ့ကြုံကြရပါတယ်။ အကောင်းဆုံးကတော့ အိပ်ရာဝင်ချိန်နဲ့ အနည်းဆုံးတစ်နာရီလောက်ခြားပြီး ဖုန်းအသုံးပြုသင့်ပါတယ်။

## ဆိုရှယ်မီဒီယာအသုံးပြုခြင်း

လူမှုကွန်ရက်အသုံးများတာက အိပ်ရေးပျက်ခြင်း၊ နှစ်ခြိုက်စွာအိပ်မပျော်နိုင်ခြင်း ဖြစ်စေပါတယ်။ တစ်ရက်ကို ကိုးနာရီနဲ့အထက် အသုံးပြုသူတွေမှာ စိတ်ကျခြင်းနဲ့ စိုးရိမ်စိတ်အဖြစ်များတာ တွေ့ရပါတယ်။

## ဖုန်းစွဲတဲ့လက္ခဏာများ

အမြဲတမ်းဖုန်းကိုဖွင့်ကြည့်ဖို့ စိတ်ကတောင်းဆိုနေတာ၊ ဖုန်းသုံးဖို့ပြင်းပြတဲ့စိတ်ဆန္ဒဖြစ်ပေါ်တာက ဖုန်းစွဲတဲ့လက္ခဏာဖြစ်ပါတယ်။ ဖုန်းကိုအသုံးမပြုဘဲ မနေနိုင်တာ၊ ဖုန်းသုံးချင်စိတ်ကို ဘယ်လိုမှထိန်းချုပ်လို့မရတာ၊ ဖုန်းကကိုယ့်အနားမှာမရှိရင်၊ ဖုန်းမသုံးရရင် နေမထိထိုင်မသာဖြစ်တာ ခံစားရပါတယ်။ စိတ်ပူပန်၊ စိတ်ညစ်၊ စိတ်ဓာတ်ကျတိုင်း ဖုန်းကိုဖွင့်ပြီး အသုံးပြုချင်စိတ်ဖြစ်လာတတ်ပါတယ်။ ဖုန်းထဲမှာ စိတ်ကအာရုံဝင်စားသွားပြီး အချိန်ကုန်လို့ကုန်မှန်း မသိဖြစ်တတ်ပါတယ်။ ဖုန်းမကြာခဏအသုံးပြုတဲ့အတွက် လူမှုရေး၊ အလုပ်အကိုင်၊ ကျောင်းပညာရေး ပြဿနာတွေ တွေ့ကြုံနိုင်ပါတယ်။ ဆက်သွယ်မှုဇရိယာပြင်ပရောက်နေတဲ့အခါ၊ အင်တာနက်လိုင်းမမိတဲ့အခါ ဒေါသဖြစ်တာ၊ စိတ်ညစ်တာ၊ စိတ်ဓာတ်ကျတာ၊ အိပ်မပျော်နိုင်တာ၊ စိတ်ထဲမှာနေလို့ထိုင်လို့မကောင်းတာတွေက ဖုန်းစွဲလမ်းတဲ့လက္ခဏာတွေဖြစ်ပါတယ်။ ဖုန်းကို နေ့စဉ် လိုအပ်တာထက်ပိုပြီး အသုံးပြုတဲ့အခါ စိတ်သာမက ခန္ဓာကိုယ်ကိုပါ ထိခိုက်စေပါတယ်။

## မျက်စိကျန်းမာရေး

မျက်စိညောင်းကိုက်တာ၊ မျက်စိနာတာ၊ မျက်စိပူစပ်ပြီး ယားယံတာ၊ မျက်စိအမြင်အာရုံမှုန်လာတာ၊ ခေါင်းမူးတာတွေက ဖုန်းကို မျက်စိနဲ့ အမြဲအာရုံစိုက်သူတွေမှာ မကြာခဏတွေ့ရတတ်တဲ့ပြဿနာတွေဖြစ်ပါတယ်။ ဖုန်းရဲ့မျက်နှာပြင်မှာ ပိုးပေါင်းများစွာကပ်ငြိနေနိုင်ပါတယ်။

အချုပ်အားဖြင့်ဆိုရသော် ဖုန်းအသုံးပြုပြီး လက်မဆေးဘဲ ပါးစပ်၊ မျက်စိ၊ နှာခေါင်းတို့ကို ပွတ်သပ်ကိုင်တွယ်မိတဲ့အခါ ရောဂါပိုးတွေက ခန္ဓာကိုယ်ထဲ ဝင်ရောက်သွားပြီး ဖျားနာခြင်း၊ အော့အန်ခြင်း၊ ဝမ်းပျက်၊ ဝမ်းလျှောခြင်းနဲ့ အရေပြားပြဿနာတွေ ဖြစ်နိုင်ပါတယ်။ ဒါ့ပြင် ဖုန်းအသုံးပြုမှုများတာကြောင့် အရိုးအကြောပြဿနာ၊ ကျီးပေါင်းတက်ခြင်းနဲ့ ညအိပ်မပျော်ခြင်းကနေ စိတ်ပိုင်းဆိုင်ရာ ရောဂါတွေဖြစ်စေလို့ အသက် ၁၆ နှစ်မတိုင်မီ ဖုန်းအသုံး မပြုသင့်ကြောင်း အကြံပြုရေးသားလိုက်ရပါတယ်။

# မြင်းခြံမြို့၌ ကြက်ခြေနီရှေးဦးသူနာပြုစုခြင်း(အခြေခံ)သင်တန်း (၁/၂၀၂၅) ဖွင့်လှစ်



မြင်းခြံ စက်တင်ဘာ ၉

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့၌ ကြက်ခြေနီရှေးဦးသူနာပြုစုခြင်း (အခြေခံ) သင်တန်း (၁/၂၀၂၅) ကို စက်တင်ဘာလ ၉ ရက်တွင် အမှတ် (၄) အခြေခံပညာ အထက်တန်းကျောင်း စံပယ်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြင်းခြံခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမင်းမင်းထွန်းက အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် မြို့နယ်ကြက်ခြေနီသူနာပြုတပ်ဖွဲ့ဥက္ကဋ္ဌ ဦးမြင့်ကြည်က သင်တန်းဖွင့်လှစ်ရခြင်း၏ရည်ရွယ်ချက်များနှင့် ကြက်ခြေနီသူနာပြုတပ်ဖွဲ့ဝင်များ၏ လုပ်ဆောင်ချက်များကို ရှင်းလင်းပြောကြားသည်။

ကြက်ခြေနီ ရှေးဦးသူနာပြုစုခြင်း (အခြေခံ)သင်တန်း (၁/၂၀၂၅) တွင် ကြက်ခြေနီအကြောင်း သိကောင်းစရာများ၊ ရှေးဦးပြုစုခြင်း၊ လူနာဆန်းစစ်ခြင်း၊ အရိုးကျိုးခြင်း၊ ဒဏ်ရာဖြစ်ခြင်း၊ အဆိပ်သင့်ခြင်း၊ ဆို့နင့်ခြင်း၊ အပူလောင်ခြင်း၊ သတ္တဝါကိုက်ခြင်းနှင့်တုပ်ခြင်း၊ ပတ်တီးစည်းခြင်း၊ လူနာသယ်ဆောင်ခြင်းများ အပြင် ကြက်ခြေနီသူနာပြုတပ်ဖွဲ့ဝင်များ တတ်အပ်သော ပညာရပ်များကိုပါ သင်ကြားပို့ချပေးခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ ကြက်ခြေနီရှေးဦးသူနာပြုစုခြင်း(အခြေခံ)သင်တန်း(၁/၂၀၂၅) တွင် အမှတ် (၄) အခြေခံပညာအထက်တန်းကျောင်းမှ စုစုပေါင်း ကျောင်းသား၊ ကျောင်းသူ ၁၀၀ ဦး တက်ရောက်သင်ကြားပြီး သင်တန်းကို ငါးရက်ကြာသင်ကြားပို့ချပေးလျက်ရှိကြောင်း သိရသည်။

**ကျော်စွာ(မြင်းခြံ)**

# သမိုင်းဝင် SCO ပေါင်းစည်းမှုကြီးနှင့် မြန်မာနိုင်ငံ၏အခွင့်အလမ်း

မောင်မိုး





မျက်မှောက်ခေတ်ကမ္ဘာ့နိုင်ငံရေးဟာ စစ်အေးကာလနဲ့ စစ်အေးကာလအလွန်ကဲ့သို့ စူပါပါဝါတစ်နိုင်ငံတည်း သို့မဟုတ် နှစ်နိုင်ငံ အပြိုင်အုပ်စိုးခြယ်လှယ်ခဲ့ကြတဲ့ ဒွိဝင်ရိုးကမ္ဘာ (Bipolar World) နဲ့ ဧကဝင်ရိုးကမ္ဘာ (Unipolar World) စနစ်များဆီမှ နိုင်ငံပေါင်းစုံပါဝင်လာတဲ့ ဗဟုဝင်ရိုးခေါ် ဝင်ရိုးစုံကမ္ဘာသစ် (Multipolar World) အခင်းအကျင်းတစ်ခုဆီသို့ အလျင်အမြန်ကူးပြောင်းနေပြီဖြစ်ပါတယ်။ ယင်းအပြောင်းအလဲမှာ သီအိုရီဆိုင်ရာ ယူဆချက်တစ်ခုမျှသာမဟုတ်ဘဲ ကြီးမားတဲ့စီးပွားရေး၊ စစ်ရေးနဲ့အဖွဲ့အစည်းဆိုင်ရာ အပြောင်းအလဲများဖြင့် ဖြစ်ပေါ်လာတဲ့ "လက်တွေ့အဖြစ်မှန်" ပဲဖြစ်ပါတယ်။ ယနေ့ တရုတ်နိုင်ငံရဲ့ ဘက်စုံဆန်းသစ်တိုးတက်လာမှုနဲ့ အိန္ဒိယနိုင်ငံရဲ့ စီးပွားရေးလျင်မြန်စွာကြီးထွားလာမှုတို့ဟာ ကမ္ဘာ့စီးပွားရေးဗဟိုချက်ကို အာရှဒေသသို့ ဦးတည်ရွေ့လျားစေခဲ့ပါတယ်။ အထူးသဖြင့် BRICS၊ Shanghai Cooperation Organisation (SCO)၊ ASEAN စတဲ့ ဒေသတွင်းနဲ့ နိုင်ငံတကာအဖွဲ့အစည်းများရဲ့ပူးပေါင်းဆောင်ရွက်လာမှုများကလည်း Multipolar World အသွင် ပိုမိုအားဖြည့်လျက်ရှိပါတယ်။ အလားတူ ယနေ့ ရုရှား-ယူကရိန်းစစ်ပွဲ၊ အိန္ဒိယ-ပါကစ္စတန်စစ်ပွဲ၊ အီရန်-အစ္စရေးစစ်ပွဲနဲ့ အရှေ့အလယ်ပိုင်းပဋိပက္ခများစွာအပြင် အင်ဒို-ပစိဖိတ်ဒေသအတွင်း အင်အားကြီးနိုင်ငံများရဲ့ မဟာဗျူဟာတိုးတက်မှုများကလည်း မိတ်ဖက်အစုအဖွဲ့များအပေါ် တွန်းအားတစ်ရပ်ဖြစ်စေခဲ့ပါတယ်။

ယနေ့ တရုတ်နိုင်ငံ တီယန်ကျင်းမြို့မှာ ကျင်းပတဲ့ (၂၅)ကြိမ်မြောက် ထိပ်သီးအစည်းအဝေး (Shanghai Cooperation Organisation – SCO SUMMIT 2025 Plus) ဟာ ကမ္ဘာ့နိုင်ငံရေး၊ သံခင်းတမန်ခင်းနဲ့ စီးပွားရေးအခင်းအကျင်းများမှာ အရေးပါတဲ့ အပြောင်းအလဲများကို မီးမောင်းထိုးပြခဲ့ပါတယ်။ ဤအစည်းအဝေးဟာ အနောက်အင်အားကြီးနိုင်ငံတွေ ဦးဆောင်တဲ့ ကမ္ဘာ့အင်အားကြီးခြယ်လှယ်ချုပ်ကိုင်စနစ်များကို ရင်ဆိုင်ဖြေရှင်းဖို့နဲ့ ဒေသတွင်းပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်နိုင်ဖို့ SCO ရဲ့ ကြီးထွားလာတဲ့ အခန်းကဏ္ဍကို ဖော်ပြနိုင်ခဲ့ပါတယ်။





### သမိုင်းကြောင်းနဲ့ မျက်မှောက်အခြေအနေ

၂၀၂၅ ခုနှစ် ဩဂုတ်လ ၃၁ ရက်မှ စက်တင်ဘာလ ၁ ရက်အထိ ကျင်းပခဲ့တဲ့ ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့ ထိပ်သီးအစည်းအဝေး (SCO) ဟာ သမိုင်းတစ်လျှောက် အကြီးမားဆုံးထိပ်သီးအစည်းအဝေးဖြစ်ခဲ့ပြီး အဖွဲ့ဝင်နိုင်ငံများ၊ လေ့လာသူနိုင်ငံများ၊ ဆွေးနွေးဖက်နိုင်ငံများနှင့် အခြားဖိတ်ကြားထားသည့် နိုင်ငံ ၂၄ နိုင်ငံမှ နိုင်ငံ့ခေါင်းဆောင်များ၊ ကမ္ဘာ့ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်နဲ့ နိုင်ငံတကာအဖွဲ့အစည်းများမှ ခေါင်းဆောင်များ တက်ရောက်ခဲ့တာကို တွေ့ရှိရပါတယ်။ တရုတ်သမ္မတ ရှီကျင့်ဖျင် ဦးဆောင်တဲ့ ဤထိပ်သီးအစည်းအဝေးကို ရုရှား၊ အိန္ဒိယ၊ ပါကစ္စတန်၊ အီရန်၊ တူကီယဲနဲ့ မြန်မာနိုင်ငံမှ ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အပါအဝင် အခြားနိုင်ငံ့ခေါင်းဆောင် ၂၀ ကျော်တက်ရောက်ခဲ့ကြတာဖြစ်ပါတယ်။

SCO အဖွဲ့အစည်းရဲ့ သမိုင်းကြောင်းအရလည်း ၂၀၀၁ ခုနှစ်မှာ ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့ကို ဒေသတွင်းတည်ငြိမ်ရေး၊ အကြမ်းဖက်မှုတိုက်ဖျက်ရေး၊ စီးပွားရေး၊ ကုန်သွယ်ရေးနဲ့ ယဉ်ကျေးမှုဖလှယ်ရေး စတဲ့နယ်ပယ်များမှာ အဖွဲ့ဝင်နိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်နိုင်ရေးအတွက် တရုတ်၊ ရုရှား၊ ကာဇက်စတန်၊ ကာဂျစ္စတန်၊ တာဂျစ်ကစ္စတန်နဲ့ ဥဇဘက်ကစ္စတန်နိုင်ငံစတဲ့ ခြောက်နိုင်ငံနဲ့ စတင်တည်ထောင်ခဲ့တာဖြစ်တယ်။ အဖွဲ့ဝင်နိုင်ငံ (Member States) ခြောက်နိုင်ငံမှ အဖွဲ့ဝင် ၁၀ နိုင်ငံအဖြစ် အိန္ဒိယ၊ ပါကစ္စတန်၊ အီရန်၊ ဘီလာရုစ်နိုင်ငံများနဲ့ တိုးချဲ့ဖွဲ့စည်းခဲ့ပါတယ်။ လေ့လာသူနိုင်ငံများ (Observer States) အဖြစ် မွန်ဂိုလီးယားနဲ့ အာဖဂန်နစ္စတန်နှစ်နိုင်ငံဖြစ်ပါတယ်။ ဆွေးနွေးဖက်နိုင်ငံများ (Dialogue Partners) အဖြစ် မြန်မာ၊ ကမ္ဘောဒီးယား၊ သီရိလင်္ကာ၊ တူကီယဲ၊ မော်လ်ဒိုက်၊ အဇာဘိုင်ဂျန်၊ နီပေါ၊ အာမေးနီးယား၊ အီဂျစ်၊ ကာတာ၊ ဆော်ဒီအာရေဗျ၊ ဘာရိန်း၊ ကူဝိတ်၊ ယူအေအီး စတဲ့ ၁၄ နိုင်ငံပဲဖြစ်ပါတယ်။ ယနေ့ပြုလုပ်တဲ့ (၂၅) ကြိမ်မြောက် SCO ထိပ်သီးအစည်းအဝေးကနေ လာအိုနိုင်ငံအား ဆွေးနွေးဖက်နိုင်ငံအဖြစ်တရားဝင်သတ်မှတ်ခဲ့တာကြောင့် SCO အဖွဲ့အစည်း၏ အသိုက်အဝန်းအတွင်း ၂၇ နိုင်ငံအထိ ရှိလာပြီဖြစ်ပါတယ်။

SCO ဟာ ကမ္ဘာ့လူဦးရေရဲ့ တစ်ဝက်နီးပါး ကမ္ဘာ့ GDP ရဲ့ လေးပုံတစ်ပုံနဲ့ ကမ္ဘာ့မြေဧရိယာရဲ့ လေးပုံတစ်ပုံကို ကိုယ်စားပြုပါတယ်။ ၂၀၂၄ ခုနှစ်မှာ တရုတ်နိုင်ငံနဲ့ SCO အဖွဲ့ဝင်များ၊ ဆွေးနွေးဖက်နိုင်ငံများနဲ့ လေ့လာသူနိုင်ငံများအကြား ကုန်သွယ်မှုဟာ ဒေါ်လာ ၈၉၀ ဘီလီယံအထိရောက်ရှိခဲ့ပြီး SCO ဒေသများမှတစ်ဆင့် ဖြတ်သန်းတဲ့ တရုတ်-ဥရောပ ကုန်တင်ရထားများဟာ ၂၀၂၄ ခုနှစ်မှာ ခရီးစဉ်ပေါင်း ၁၉၀၀၀ အထိ ရောက်ရှိခဲ့ပြီး ၂၀၂၃ ခုနှစ်ထက် ၁၀ ဒသမ ၇ ရာခိုင်နှုန်း မြင့်တက်ခဲ့တာကိုလည်းတွေ့ရပါတယ်။

### မဟာဗျူဟာစုစည်းမှုပုံရိပ်များ

ယနေ့ကျင်းပခဲ့တဲ့ SCO ထိပ်သီးအစည်းအဝေးကနေ နိုင်ငံတကာနဲ့ ဒေသတွင်းရပ်ဝန်းများမှာ နိုင်ငံရေး၊ လုံခြုံရေး၊ လူမှုစီးပွားရေးသာမက ဘက်စုံဖွံ့ဖြိုးတိုးတက်စေရေး ရည်ရွယ်ချက်များစွာကို ညှိနှိုင်းဆွေးနွေးအကောင်အထည်ဖော်နိုင်ခဲ့ကြတာဖြစ်ပါတယ်။ နိုင်ငံတကာလေ့လာသူများရဲ့ အစည်းအဝေးရလဒ်ထုတ်နုတ်ချက်များ၊ SCO အဖွဲ့အစည်းကနေ တရားဝင်ကြေညာချက်များနဲ့ တရုတ်နိုင်ငံရဲ့ နိုင်ငံခြားရေးဝန်ကြီး ထုတ်ပြန်ပြောဆိုချက်များအရ ယနေ့ပြုလုပ်တဲ့ SCO ထိပ်သီးအစည်းအဝေးကနေ အောက်ပါအတိုင်း အဓိကဆွေးနွေးပူးပေါင်းဆောင်ရွက်ခဲ့မှု အသီးအပွင့်များကို ထုတ်နုတ်လေ့လာတွေ့ရှိရပါတယ်-


- ❖ **"ဖွံ့ဖြိုးတိုးတက်ရေး မဟာဗျူဟာ (၁၀ နှစ်တာ)"**။ အဖွဲ့ဝင်နိုင်ငံများအတွက် အလုံးစုံပါဝင်သောလမ်းညွှန်ချက်ချကာ "ရှန်ဟိုင်းစိတ်ဓာတ်" အတိုင်း ပူးပေါင်းဆောင်ရွက်ရန် အခြေခံလမ်းပြမြေပုံသတ်မှတ်နိုင်ခဲ့မှု။
- ❖ **"ဒုတိယကမ္ဘာစစ်သင်ခန်းစာ"**။ သမိုင်းမှသင်ခန်းစာယူ၍ ငြိမ်းချမ်းရေးထိန်းသိမ်းရေး၊ ကုလသမဂ္ဂကို ဗဟိုပြုတဲ့ နိုင်ငံတကာစနစ်ကို တည်ဆောက်ဖို့ တိုက်တွန်းနိုင်ခဲ့မှု။
- ❖ **"တရားမျှတသော ကုန်သွယ်ရေးစနစ်"**။ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (WTO)ကိုဗဟိုပြုတဲ့ နိုင်ငံစုံကုန်သွယ်ရေးစနစ်ကို ထောက်ခံကာ အင်အားကြီးနိုင်ငံများရဲ့ တစ်ဖက်သတ်အနိုင်ကျင့်မှုများကို ဆန့်ကျင်ကြောင်း ကြေညာနိုင်ခဲ့မှု။
- ❖ **"လုံခြုံရေးစင်တာလေးခု"**။ SCO အဖွဲ့အစည်းအတွင်း လုံခြုံရေးဆိုင်ရာ ခြိမ်းခြောက်မှုတိုက်ဖျက်ရေး၊ သတင်းအချက်အလက်လုံခြုံရေး၊ နိုင်ငံဖြတ်ကျော်ပြစ်မှုတိုက်ဖျက်ရေးနဲ့ မူးယစ်ဆေးတိုက်ဖျက်ရေးစင်တာများကို တည်ထောင်နိုင်ခဲ့မှု။
- ❖ **"ဖွံ့ဖြိုးတိုးတက်ရေးဘဏ်"**။ SCO အဖွဲ့အစည်းရဲ့ အခြေခံအဆောက်အအုံနှင့် လူမှုစီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးရည်မှန်းချက်များ လျင်မြန်လွယ်ကူစွာ အကောင်အထည်ဖော်နိုင်ဖို့ SCO ဖွံ့ဖြိုးတိုးတက်ရေးဘဏ် တည်ထောင်ရန်သဘောတူညီနိုင်ခဲ့မှု။



- ❖ **"ပလက်ဖောင်း ၆ ခုနဲ့ စီမံချက် ၆ ခု"**။ စွမ်းအင်၊ အစိမ်းရောင်ထုတ်လုပ်မှု၊ ဒစ်ဂျစ်တယ်စီးပွားရေး၊ သိပ္ပံနည်းပညာ၊ ပညာရေး၊ အသက်မွေးဝမ်းကျောင်းနည်းပညာ စတဲ့နယ်ပယ်တွေမှာ ပိုမိုပူးပေါင်းဆောင်ရွက်ရေး အခြေခံပလက်ဖောင်းများ ထူထောင်ရေးနဲ့ စီမံချက်များ ထုတ်ပြန်ဆောင်ရွက်ရေး သဘောတူညီနိုင်ခဲ့မှု။
- ❖ **"SCO အသိုက်အဝန်းချဲ့ထွင်မှု"**။ လာအိုနိုင်ငံကို ဆွေးနွေးဖက်နိုင်ငံအဖြစ် တရားဝင်သတ်မှတ်ခဲ့ပြီး ယနေ့အချိန်တွင် SCO အသိုက်အဝန်းအား ၂၇ နိုင်ငံအထိ တိုးမြှင့်လာနိုင်ခဲ့မှု။

**စာမျက်နှာ ၁၀ သို့ ⊃**

**(၂၅)ကြိမ်မြောက် ထိပ်သီးအစည်းအဝေး (Shanghai Cooperation Organisation – SCO SUMMIT 2025 Plus) ဟာ ကမ္ဘာ့နိုင်ငံရေး၊ သံခင်းတမန်ခင်းနဲ့ စီးပွားရေးအခင်းအကျင်းများမှာ အရေးပါတဲ့အပြောင်းအလဲများကို မီးမောင်းထိုးပြခဲ့ပါတယ်။ ဤအစည်းအဝေးဟာ အနောက်အင်အားကြီးနိုင်ငံတွေဦးဆောင်တဲ့ ကမ္ဘာ့အင်အားကြီးခြယ်လှယ်ချုပ်ကိုင်စနစ်များကို ရင်ဆိုင်ဖြေရှင်းဖို့နဲ့ ဒေသတွင်းပူးပေါင်းဆောင်ရွက်မှုကိုမြှင့်တင်နိုင်ဖို့ SCO ရဲ့ ကြီးထွားလာတဲ့အခန်းကဏ္ဍကို ဖော်ပြနိုင်ခဲ့ပါတယ်။**




၁ စာမျက်နှာ ၉ မှအဆက်

ယနေ့ အမေရိကန်သမ္မတ ဒေါ်နယ် ထရမ့်ရဲ့ ကုန်သွယ်ရေးမူဝါဒများကြောင့် ကမ္ဘာ့ကုန်သွယ်ရေး ကွင်းဆက်များ အနှောင့်အယှက်ဖြစ်နေချိန်မှာ SCO ဟာ ဖွံ့ဖြိုးတိုးတက်ရေးနဲ့ စီးပွားရေးတည်ငြိမ်မှုအတွက် အခြားရွေးချယ်စရာများကို ပေးအပ်တယ်လို့ နိုင်ငံရေးသုတေသီများက ထုတ်ဖော်ပြောဆိုလာကြပါတယ်။ ထို့ပြင် ရုရှား-ယူကရိန်းစစ်ပွဲကြောင့် နိုင်ငံရေး သံခင်းတမန်ခင်းကိစ္စများ မရေရာမှုများကြားမှာ တရုတ်၊ရုရှားနဲ့ အိန္ဒိယတို့အကြား RIC သုံးပွင့်ဆိုင်ဆွေးနွေးပွဲကို ပြန်လည်အသက်သွင်းဖို့ အခွင့်အလမ်းများလည်း ပေါ်ထွက်လာတယ်။ အိန္ဒိယဝန်ကြီးချုပ် မိုဒီရဲ့ခုနစ်နှစ်အတွင်း ပထမဆုံး တရုတ်နိုင်ငံခရီးစဉ်ဟာ နှစ်နိုင်ငံအကြားနယ်စပ်တင်းမာမှုများရှိနေပေမယ့် အေးစက်နေတဲ့ ဆက်ဆံရေးကို ပြန်လည်တည်ဆောက်နွေးထွေးစေခဲ့ပါတယ်။ အလားတူ ယခုအစည်းအဝေးမှာ ရုရှားသမ္မတဗလာဒီမာပူတင်နဲ့ ၎င်းရဲ့အရေးကြီးဆုံး စွမ်းအင်မိတ်ဖက်နှစ်ဦးဖြစ်တဲ့ တရုတ်၊ အိန္ဒိယတို့နဲ့ တစ်ပြိုင်နက်တွေ့ဆုံခဲ့ကြတာကလည်း သမိုင်းဝင်ပေါင်းစည်းမှုတစ်ခုအဖြစ် တွေ့မြင်ခဲ့ရပါတယ်။ အစည်းအဝေးမှာ သုံးနိုင်ငံတွေ့ဆုံခဲ့ကြပြီး မြောက်ပိုင်းပင်လယ်စကြံ (Northern Sea Route) ကို အသုံးပြုကာ ကုန်သွယ်ရေးချဲ့ထွင်ရန် သဘောတူညီခဲ့ကြသလို ရုရှားရဲ့စွမ်းအင်အရင်းအမြစ်များ၊ အိန္ဒိယရဲ့ ဒစ်ဂျစ်တယ်နည်းပညာနဲ့ တရုတ်ရဲ့လမ်းပန်းဆက်သွယ်ရေးစီမံချက်များကို ပေါင်းစပ်ဆောင်ရွက်နိုင်ရေးဆွေးနွေးခဲ့ကြတယ်လို့ သိရှိရပါတယ်။ လုံခြုံရေးဆိုင်ရာပူးပေါင်းဆောင်ရွက်မှုအနေနဲ့ အာရှတိုက်အတွင်း စစ်ရေးအရ တင်းမာမှုများလျှော့ချရေးအတွက်သုံးနိုင်ငံအကြား နယ်စပ်ယုံကြည်မှုတည်ဆောက်ရေး ဆွေးနွေးခဲ့ကြပြီး အထူးသဖြင့် အာဖဂန်နစ္စတန်နဲ့ဗဟိုအာရှဒေသမငြိမ်သက်မှုများကို ကိုင်တွယ်ဖြေရှင်းဖို့ သဘောတူညီခဲ့ကြတာကိုလည်းတွေ့ရှိရပါတယ်။ အလားတူကုလသမဂ္ဂ (UN)၊ ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့ (SCO)၊ BRICS ၊ G20 စတဲ့ နိုင်ငံစုံပလက်ဖောင်းများမှာ ညှိနှိုင်းပူးပေါင်းဆောင်ရွက်မှုအားမြှင့်တင်ကာ လူသားမျိုးနွယ်အေးအတူပူအမျှအသိုက်အဝန်းတည်ဆောက်မှုအား အတူလက်တွဲတွန်းအားပေးသွားဖို့သဘောတူညီခဲ့ကြတာကိုလည်း တွေ့ရှိရပါတယ်။ BRICS နဲ့ SCO ကဲ့သို့ အစုအဖွဲ့သစ်များမှာ ဘက်ပေါင်းစုံသဘောတူညီမှုအပေါ်အခြေခံပြီး အာရုံစိုက်ဆုံးဖြတ်ချက်ချမှုများက အပြန်အလှန်လေးစားမှုနဲ့ စစ်မှန်တဲ့ ပူးပေါင်းဆောင်ရွက်မှုအပေါ်အခြေခံထားတဲ့ သံတမန်ဆက်ဆံရေးခေတ်သစ်တစ်ခုကို ဖော်ညွှန်းလျက်ရှိပါတယ်။

ယနေ့ ရုရှား-ယူကရိန်းစစ်ပွဲနဲ့စပ်လျဉ်းကာ NATO နဲ့ G7 ကဲ့သို့ အနောက်တိုင်းအဖွဲ့အစည်းများဟာ ကျစ်ကျစ်လျစ်လျစ်ပြန်လည်စုဖွဲ့နေချိန်မှာ အာရှရပ်ဝန်းနဲ့ တောင်ကမ္ဘာခြမ်း (Global South) ကို စင်စစ်ကိုယ်စားပြုနိုင်တဲ့ SCO အဖွဲ့အစည်းတစ်ခုအဖြစ် ပုံဖော်ရောက်ရှိခဲ့ပြီဖြစ်ပါတယ်။ SCO ရဲ့ ပူးပေါင်းဆောင်ရွက်မှုဟာ စီးပွားရေးဆိုင်ရာ ကုန်သွယ်မှုနဲ့ရင်းနှီးမြှုပ်နှံမှုများကို ကျော်လွန်ပြီး ပိုမိုကျယ်ပြန့်တဲ့ နိုင်ငံရေး၊ ကာကွယ်ရေးဆိုင်ရာ မဟာဗျူဟာမြောက် ရည်ရွယ်ချက်များနဲ့ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိနေတာကို မြင်တွေ့နိုင်ပါတယ်။ သာဓကအားဖြင့် မကြာသေးခင်က ပြုလုပ်ခဲ့တဲ့ တရုတ်-ရုရှား စစ်ရေးပူးပေါင်းဆောင်ရွက်မှုများဟာ ဒေသတွင်းလုံခြုံရေးအစီအစဉ်သစ်ကို ပုံဖော်ဖို့နဲ့ ဘက်ပေါင်းစုံမှဖိအားဒဏ်များကိုတန်ပြန်ဖို့ရည်ရွယ်တာမျိုးဖြစ်ပါတယ်။







အနောက်အင်အားကြီးနိုင်ငံများရဲ့ ဒဏ်ခတ်ပိတ်ဆို့မှုအခြေအနေများကြောင့် တရုတ်-ရုရှား- အိန္ဒိယကဲ့သို့ အာရှအင်အားကြီးသုံးနိုင်ငံကို ပိုမိုစည်းလုံးသွားစေတဲ့ အခွင့်အလမ်းများဖြစ်ပေါ်လာခဲ့ပါတယ်။ တရုတ်ပြည်သူများရဲ့ ဂျပန်ခုခံတော်လှန်ရေးစစ်ပွဲနဲ့ ကမ္ဘာ့ဖက်ဆစ်ဆန့်ကျင်ရေးစစ်ပွဲအောင်နိုင်ခြင်း နှစ်(၈၀)ပြည့် အထိမ်းအမှတ် စစ်ရေးပြအခမ်းအနားကို မြောက်ကိုရီးယားခေါင်းဆောင်ကင်ဂျုံအန်းတက်ရောက်လာခဲ့တာဟာလည်း ထူးခြားမှုများစွာရှိနေခဲ့ပါတယ်။ ကင်ဂျုံအန်းရဲ့ ဒီပွဲတက်ရောက်မှုဟာ ၁၉၅၉ ခုနှစ်နောက်ပိုင်းပေကျင်းက တရုတ်စစ်ရေးပြအခမ်းအနားကို မြောက်ကိုရီးယားခေါင်းဆောင်တစ်ဦးအနေနဲ့ တက်ရောက်တာ ပထမဆုံးအကြိမ်ဖြစ်ပါတယ်။ ဒါဟာ Multipolar World ကို ပိုမိုပီပြင်စွာပေါ်ထွန်းစေခဲ့တဲ့ သမိုင်းအလှည့်အပြောင်းတစ်ခုလို့လည်း ဆိုနိုင်ပါတယ်။ ယခုလို မြောက်ကိုရီးယားအပါအဝင် နိုင်ငံပေါင်း ၂၀ ကျော်နဲ့ နိုင်ငံတကာအဖွဲ့အစည်း ၁၀ ခုကျော်တက်ရောက်ခဲ့တဲ့ သံခင်းတမန်ခင်း ဆက်နွယ်လာမှုများကလည်း SCO အား စီးပွားရေးဆိုင်ရာ ကုန်သွယ်ရေးအဖွဲ့အစည်းတစ်ခုထက်ပိုမိုတဲ့ အာရှဗဟိုပြု မဟာဗျူဟာကျတဲ့စုစည်းမှုကြီးတစ်ခုအဖြစ် သန်မာအားကောင်းစေပြီး ကမ္ဘာ့အင်အားကြီးနိုင်ငံများရဲ့ စနစ်ကို ဟန်ချက်ညီတုံ့ပြန်နိုင်စေဖို့ အသင့်ဖြစ်စေခဲ့ပါတယ်။ ဒါ့အပြင် ယနေ့ တရုတ်နိုင်ငံရဲ့ ဦးဆောင်မှုဖြင့် Global South နိုင်ငံများရဲ့ ပေါင်းစည်းအားထုတ်မှုများကိုလည်း ကမ္ဘာကိုပြသဖို့ အကောင်းဆုံးအချိန်အခါကောင်းအဖြစ် ရောက်ရှိလာပြီလို့ဆိုရမှာဖြစ်တယ်။


## မြန်မာနိုင်ငံအတွက် အခွင့်အလမ်းများ

လက်ရှိကမ္ဘာ့နိုင်ငံရေးအခြေအနေများ၊ အထူးသဖြင့် အမေရိကန်သမ္မတ အပြောင်းအလဲနဲ့အတူ ကုန်သွယ်ခွန်ကိစ္စရပ်များ၊ မြေရှားသတ္တုကိစ္စများနဲ့ အိမ်နီးချင်း ထိုင်းနဲ့ ဘင်္ဂလားဒေ့ရှ်တို့ရဲ့ ပြည်တွင်းနိုင်ငံရေး မတည်ငြိမ်မှုများအကြား တရုတ်နိုင်ငံအနေဖြင့် အိမ်နီးချင်းမြန်မာနိုင်ငံအတွင်း နိုင်ငံရေး၊ စီးပွားရေး၊ စစ်ရေး၊ လုံခြုံရေး အဘက်ဘက်မှဖွံ့ဖြိုးတိုးတက်ဖို့နဲ့တည်ငြိမ်အေးချမ်းမှုရှိနေဖို့ အထူးလိုအပ်လာပါတယ်။ တရုတ်နိုင်ငံရဲ့ "ပိုးလမ်းမစီမံကိန်း" မှာ အဓိကအစိတ်အပိုင်းဖြစ်တဲ့ မြန်မာနိုင်ငံကိုဖြတ်သန်းကာ ပင်လယ်ထွက်ပေါက်ရရှိခြင်းအပါအဝင် မဟာဗျူဟာမြောက်အကျိုးစီးပွားများစွာ တည်ရှိနေတာကြောင့် တရုတ်နိုင်ငံရဲ့ မြန်မာအပေါ်ထားရှိတဲ့ မူဝါဒဟာ ပိုမိုပြတ်သားလာပြီလို့ လေ့လာသူများက မှတ်ချက်ပြုပါတယ်။ လက်ရှိ မြန်မာနိုင်ငံဟာ SCO ရဲ့ ဆွေးနွေးဖက်နိုင်ငံ (Dialogue Partner)အဆင့်သာရှိသေးသော်လည်းယခုအစည်းအဝေးမှာ အမြဲတမ်းအဖွဲ့ဝင်ဖြစ်လာစေရေး အဖွဲ့ဝင်အားလုံးရှေ့မှာ ဆန္ဒပြုပြောဆိုခဲ့တာတွေကိုလည်း တွေ့ရှိရပါတယ်။ SCO ဟာ ကမ္ဘာ့လူဦးရေရဲ့တစ်ဝက်နီးပါးနဲ့ ကမ္ဘာ့မြေဧရိယာရဲ့ လေးပုံတစ်ပုံကို ကိုယ်စားပြုတဲ့ Major Powers များစုစည်းရာ အဖွဲ့အစည်းဖြစ်ပြီး ယင်းရဲ့ ဆက်စပ်အစည်းအဝေး၊ ဆွေးနွေးပွဲများကို တက်ရောက်ခြင်းနဲ့အကြီးအကဲများ အချင်းချင်း တွေ့ဆုံဆွေးနွေးခဲ့ခြင်းများဟာ မြန်မာနိုင်ငံအား နိုင်ငံတကာအသိုက်အဝန်းရဲ့ နွေးထွေးစွာအသိအမှတ်ပြုမှုကို ပိုမိုရရှိစေခဲ့ပါတယ်။ ဤစင်မြင့်မှာ ပြည်တွင်းငြိမ်းချမ်းရေး၊ နယ်စပ်လုံခြုံရေး၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကြိုးပမ်းမှုများနဲ့ ရွေးကောက်ပွဲလုပ်ငန်းစဉ်များအကြောင်း ကမ္ဘာကို အသိပေးချပြနိုင်ခဲ့ပါတယ်။ ယခုကဲ့သို့ သမိုင်းဝင်တွေ့ဆုံမှုများက နိုင်ငံတကာအသိုင်းအဝိုင်းရဲ့ နားလည်မှုနဲ့ထောက်ခံမှုကိုရရှိစေပြီး နိုင်ငံတော်ရဲ့ အမျိုးသားအကျိုးစီးပွားအတွက် အထောက်အကူပြုမယ့် နိုင်ငံတကာဆက်ဆံရေးနယ်ပယ်ကို ခိုင်မာလေးနက်စွာ ပုံဖော်ချိတ်ဆက်တည်ဆောက်နိုင်ခဲ့ပြီဖြစ်ပါတယ်။










SCO အဖွဲ့ဝင်နိုင်ငံများရဲ့ ကုန်သွယ်မှုပိုင်းဆိုင်ရာအား လေ့လာကြည့်ရာမှာ ၂၀၂၄ ခုနှစ်မှာ တရုတ်နဲ့အခြား SCO အဖွဲ့ဝင်နိုင်ငံများကြား ကုန်သွယ်မှုဟာ အမေရိကန်ဒေါ်လာ ၅၁၂ ဒသမ ၄ ဘီလီယံအထိ ရှိခဲ့ကြောင်းတွေ့ရှိရတယ်။ တရုတ်လုပ်ငန်းကုမ္ပဏီများဟာ SCO အခြားအဖွဲ့ဝင်နိုင်ငံများမှာ လုပ်ငန်းစုစုပေါင်း ၃၀၀၀ ကျော် တည်ထောင်ထားပြီးဖြစ်ကာ နှစ်စဉ်ပျမ်းမျှအလုပ်အကိုင်နေရာနှစ်သိန်းကျော်ကို ဖန်တီးပေးနေပါတယ်။ မြန်မာနိုင်ငံအနေဖြင့် SCO နဲ့ ဆက်ဆံမှုများ



စာမျက်နှာ ၁၁ သို့ ၁







၁ စာမျက်နှာ ၁၀ မှအဆက်

နက်ရှိုင်းလာတာနဲ့အမျှ ရင်းနှီးမြှုပ်နှံမှုများစွာကို ပိုမိုဆွဲဆောင်လာနိုင်မှာဖြစ်ပါတယ်။ ၂၀၂၄ ခုနှစ်အတွင်း တရုတ်နိုင်ငံဟာ SCO အဖွဲ့ဝင်နိုင်ငံများမှ အမေရိကန်ဒေါ်လာ ၉၀ ဘီလီယံတန်ဖိုးရှိရေနံစိမ်း၊ သဘာဝဓာတ်ငွေ့နဲ့ ကျောက်မီးသွေးများ တင်သွင်းနိုင်ခဲ့ပါတယ်၊ ဒါ့ကြောင့်မြန်မာနိုင်ငံအနေဖြင့် SCO အတွင်း သဘာဝဓာတ်ငွေ့နဲ့ စွမ်းအင်ထောက်ပံ့ရေး ကဏ္ဍတွေမှာ ရှေ့တန်းကပါဝင်လာနိုင်ပြီး စိုက်ပျိုးရေးထုတ်ကုန်များ (ဆန်၊ ပဲ၊ နှမ်း)နဲ့ သစ်တောထွက်ပစ္စည်းများအပါအဝင် အခြားစွမ်းအင်သုံးကုန်ကြမ်းများကို နိုင်ငံတကာဈေးကွက်ကြီးဆီသို့ တင်ပို့နိုင်ဖို့အခွင့်အလမ်းများစွာရရှိနိုင်မှာဖြစ်ပါတယ်။ SCO ရဲ့ **“စိမ်းလန်းတဲ့ ဖွံ့ဖြိုးမှုဖိုရမ်”** ကဲ့သို့ မဟာဗျူဟာမြောက် ဆွေးနွေးပွဲများကိုတက်ရောက်ပြီး အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြင့် သယ်ယူပို့ဆောင်ရေး၊ စွမ်းအင်နဲ့ဒစ်ဂျစ်တယ်အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ငွေကြေးနဲ့နည်းပညာပံ့ပိုးမှုများ ရရှိလာမှာဖြစ်ပါတယ်။ SCO အဖွဲ့ဝင် နိုင်ငံအချို့ဟာ စိုက်ပျိုးရေး အဆင့်မြင့်နည်းပညာများ ပိုင်ဆိုင်ထားရှိခြင်းနဲ့အတူ ယင်းတို့ထံမှ ခေတ်မီစိုက်ပျိုးရေးနည်းပညာများသင်ယူနိုင်ပြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးကို အရှိန်အဟုန်မြှင့်ဆောင်ရွက်နိုင်မှာဖြစ်ပါတယ်။

လုံခြုံရေးဆိုင်ရာ ပူးပေါင်းရယူနိုင်မယ့် အခွင့်အလမ်းများအဖြစ် SCO ရဲ့ ဒေသတွင်း အကြမ်းဖက်မှုတိုက်ဖျက်ရေးအဖွဲ့ (Regional Anti–Terrorist Structure – RATS)မှတစ်ဆင့် ဒေသတွင်းလုံခြုံရေး ခြိမ်းခြောက်မှုများဖြစ်တဲ့ အကြမ်းဖက်ဝါဒ၊ ဆိုက်ဘာလုံခြုံရေး၊ မူးယစ်ဆေးဝါး ကုန်ကြမ်းများ တင်သွင်းမှုနဲ့ လက်နက်မှောင်ခိုကိစ္စရပ်များ စတာတွေကိုပူးပေါင်း တိုက်ဖျက်ရာမှာ နည်းပညာနဲ့ သတင်းအချက်အလက်ဖလှယ်မှုများကို ထိထိရောက်ရောက်ပြုလုပ်လာနိုင်မှာဖြစ်ပါတယ်။ အဖွဲ့ဝင်နိုင်ငံများနဲ့ နယ်စပ်ဒေသလုံခြုံရေး ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်နိုင်ခြင်းနဲ့အတူ နယ်စပ်ဒေသတစ်လျှောက် တည်ငြိမ် ဖွံ့ဖြိုးတိုးတက်ရေးကို ပိုမိုအားကောင်းစေမှာပဲ ဖြစ်ပါတယ်။ ဒါ့ကြောင့်လည်း ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က **“ယခုအခါ အင်အားကြီးနိုင်ငံအချို့သည် အခြားနိုင်ငံများ၏ ၎င်းတို့နှင့်လိုက်လျောညီထွေဖြစ်သည့် ဒီမိုကရေစီနှင့်အညီ ရပ်တည်ဆောင်ရွက်နေမှု၊ ၎င်းတို့နိုင်ငံအတွင်းဖြစ်ပျက်နေသည့် အခြေအနေများကို ဥပေက္ခာပြုပြီး နိုင်ငံရေး၊ စီးပွားရေး၊ ဘဏ္ဍာရေး၊ စစ်ရေးဖိအားပေးမှုမျိုးစုံဖြင့် အနိုင်ကျင့်နေကြပါကြောင်း၊ ယခုကဲ့သို့ အခြေအနေမျိုးကို တုံ့ပြန်နိုင်ဖို့အတွက် SCO အဖွဲ့ကို စီးပွားရေးပေါင်းစည်းမှု၊ ယဉ်ကျေးမှုဖလှယ်မှုနှင့် မဟာဗျူဟာကျသည့် အဖွဲ့အစည်းတစ်ခုအဖြစ်သို့ အသွင်ကူးပြောင်းလာခဲ့ရာ လက်ရှိအခြေအနေတွင် အဖွဲ့ဝင်နိုင်ငံများ၊ ဆွေးနွေးဖက်နိုင်ငံများ၊ လေ့လာသူအဆင့် နိုင်ငံများအကြား ကဏ္ဍစုံပူးပေါင်းဆောင်ရွက်ရေး Platform တစ်ခုအဖြစ်ကိုရောက်ရှိလာပြီး ကမ္ဘာလုံးဆိုင်ရာ စိန်ခေါ်မှုများကို ရင်ဆိုင်တုံ့ပြန်လျက်ရှိပါကြောင်း၊ မိမိတို့ မြန်မာနိုင်ငံအနေဖြင့် ၂၀၂၅-၂၀၃၅ ကာလအတွက် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့ ဖွံ့ဖြိုးတိုးတက်ရေးမဟာဗျူဟာ (SCO Development Strategy for the Next Decade : 2025–2035) ကို ကြိုဆိုထောက်ခံပါကြောင်း၊ အနာဂတ်တွင်လည်း ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့(SCO)၏မူဘောင်များအတွင်း ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှု၊ အပြန်အလှန်နားလည်မှုနှင့် လေးစားမှုတို့အပေါ်အခြေခံပြီး ဘုံအကျိုးဖြစ်ထွန်းစေမည့် ပူးပေါင်းဆောင်ရွက်မှုများကို တက်ကြွစွာဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း”** အလေးအနက် ဆွေးနွေးပြောကြားခဲ့ပါတယ်။

သို့ဖြစ်ရာ မကြာသေးခင်က တီယန်ကျင်းမှာ အောင်မြင်စွာကျင်းပပြီးစီးခဲ့တဲ့ SCO ထိပ်သီးအစည်းအဝေးဟာ မြန်မာနိုင်ငံအတွက် နိုင်ငံရေး၊ စီးပွားရေး၊ လုံခြုံရေးနဲ့ နည်းပညာဆိုင်ရာ အခွင့်အလမ်းများစွာကို ဆောင်ကြဉ်းပေးလာခဲ့ပြီဖြစ်ပါတယ်။ အထူးသဖြင့် အမြဲတမ်းအဖွဲ့ဝင်နိုင်ငံဖြစ်ရေး၊ ကုန်သွယ်ရေးနဲ့ ရင်းနှီးမြှုပ်နှံရေးကဏ္ဍများ တိုးမြှင့်ဆောင်ရွက်နိုင်ရေး သာမက လုံခြုံရေးဆိုင်ရာကိစ္စရပ်များမှာ SCO နိုင်ငံများအကြား ပိုမိုပူးပေါင်းဆောင်ရွက်သွားနိုင်တော့မှာဖြစ်ပါတယ်။ ယနေ့ ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့ (SCO) ထိပ်သီးအစည်းအဝေးကြီးဟာ မကြာခင် မြန်မာနိုင်ငံမှာကျင်းပတော့မယ့်အထွေထွေရွေးကောက်ပွဲကြီး အောင်မြင်စွာကျင်းပပြီးစီးရေးနဲ့ အနာဂတ်စာမျက်နှာသစ်ဖွင့်လှစ်ရာမှာ ရေရှည်တည်တံ့ပြီး ကြံ့ကြံ့ခံနိုင်ရည်ရှိသော ဖွံ့ဖြိုးတိုးတက်မှုများနဲ့ပြည့်စုံကြွယ်ဝတဲ့ နိုင်ငံတော်တည်ဆောက်ရေးကဏ္ဍတို့အတွက် အခွင့်အလမ်းကောင်းများရရှိစေခဲ့ပြီး မဟာဗျူဟာပေါင်းစည်းမှုမှတ်တိုင်ကြီးတစ်ခုအဖြစ် သမိုင်းတင် စွဲထင်ကျန်ရစ်စေမှာဖြစ်ပါကြောင်း.....။

**ယာယီသမ္မတနိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က “ယခုအခါ အင်အားကြီးနိုင်ငံအချို့သည် အခြားနိုင်ငံများ၏ ၎င်းတို့နှင့်လိုက်လျောညီထွေဖြစ်သည့် ဒီမိုကရေစီနှင့်အညီ ရပ်တည်ဆောင်ရွက်နေမှု၊ ၎င်းတို့နိုင်ငံအတွင်းဖြစ်ပျက်နေသည့်အခြေအနေများကို ဥပေက္ခာပြုပြီး နိုင်ငံရေး၊ စီးပွားရေး၊ ဘဏ္ဍာရေး၊ စစ်ရေးဖိအားပေးမှုမျိုးစုံဖြင့် အနိုင်ကျင့်နေကြပါကြောင်း၊ ယခုကဲ့သို့အခြေအနေမျိုးကို တုံ့ပြန်နိုင်ဖို့အတွက် SCO အဖွဲ့ကို စီးပွားရေးပေါင်းစည်းမှု၊ ယဉ်ကျေးမှုဖလှယ်မှုနှင့် မဟာဗျူဟာကျသည့် အဖွဲ့အစည်းတစ်ခုအဖြစ်သို့ အသွင်ကူးပြောင်းလာခဲ့ရာ လက်ရှိအခြေအနေတွင် အဖွဲ့ဝင်နိုင်ငံများ၊ ဆွေးနွေးဖက်နိုင်ငံများ၊ လေ့လာသူအဆင့်နိုင်ငံများအကြား ကဏ္ဍစုံပူးပေါင်းဆောင်ရွက်ရေး Platform တစ်ခုအဖြစ်ကို ရောက်ရှိလာပြီး ကမ္ဘာလုံးဆိုင်ရာစိန်ခေါ်မှုများကို ရင်ဆိုင်တုံ့ပြန်လျက်ရှိပါကြောင်း၊ မိမိတို့မြန်မာနိုင်ငံအနေဖြင့် ၂၀၂၅-၂၀၃၅ ကာလအတွက် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့ ဖွံ့ဖြိုးတိုးတက်ရေးမဟာဗျူဟာ (SCO Development Strategy for the Next Decade : 2025-2035) ကို ကြိုဆိုထောက်ခံပါကြောင်း၊ အနာဂတ်တွင်လည်း ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့(SCO)၏မူဘောင်များအတွင်း ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှု၊အပြန်အလှန်နားလည်မှုနှင့်လေးစားမှုတို့အပေါ်အခြေခံပြီး ဘုံအကျိုးဖြစ်ထွန်းစေမည့်ပူးပေါင်းဆောင်ရွက်မှုများကို တက်ကြွစွာဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း” အလေးအနက်ဆွေးနွေးပြောကြားခဲ့ပါတယ်။**



# ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဗလာဒီဗော့စတော့ခ်မြို့၌ ကျင်းပသည့် (၁၀) ကြိမ်မြောက်အရှေ့ဖျားစီးပွားရေးဖိုရမ်သို့ ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦး ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့တက်ရောက်

နေပြည်တော် စက်တင်ဘာ ၉

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦး ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည်ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ၏ အကြံပေးဖြစ်သူ ဖိုရမ် ကျင်းပရေးကော်မတီ အမှုဆောင်အတွင်းရေးမှူး Mr. Anton Kobyakov ၏ ဖိတ်ကြားမှုအရ စက်တင်ဘာလ ၃ ရက်မှ ၆ ရက်အထိ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဗလာဒီဗော့စတော့ခ်မြို့၌ ကျင်းပသည့် (၁၀)ကြိမ်မြောက် အရှေ့ဖျားစီးပွားရေးဖိုရမ်သို့ တက်ရောက်ခဲ့သည်။

(၁၀)ကြိမ်မြောက် အရှေ့ဖျားစီးပွားရေးဖိုရမ်သို့ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့်အတူ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ စွမ်းအင်ဝန်ကြီးဌာန၊ စက်မှုဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး၊ ဝန်ကြီးဌာနများမှဘာသာရပ်ဆိုင်ရာ တာဝန်ရှိသူများနှင့် မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဒုတိယဥက္ကဋ္ဌတို့ ပါဝင်တက်ရောက်သည်။

ဖိုရမ်တက်ရောက်စဉ်ကာလအတွင်း စက်တင်ဘာလ ၃ ရက် နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦးနှင့် ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်တို့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ၏ အကြံပေး Mr. Anton Kobyakov အားတွေ့ဆုံ၍ မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံတို့အကြား နီးကပ်စွာ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်ကိစ္စရပ်များ၊ မြန်မာနိုင်ငံတွင် ရွေးကောက်ပွဲကျင်းပရန် ပြင်ဆင်ဆောင်ရွက်နေသည့်အခြေအနေများ၊ နှစ်နိုင်ငံ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

မွန်းလွဲပိုင်းတွင် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံဂုဏ်ထူးဆောင်ကောင်စစ်ဝန်နှင့် ရှော့စ်ကွန်ဂရက် ရင်းနှီးမြှုပ်နှံမှု ရန်ပုံငွေအဖွဲ့၏ကြီးကြပ်ရေးဘုတ်အဖွဲ့ဝင် Mr. SHATIROV Sergey Vladimirovich ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့် တွေ့ဆုံပြီး၊ မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံ ရှော့စ်ကွန်ဂရက် ရင်းနှီးမြှုပ်နှံမှု ရန်ပုံငွေအဖွဲ့တို့အကြား ပူးပေါင်းဆောင်ရွက်လျက်ရှိသော လုပ်ငန်းများ၏ဖြစ်ပေါ်တိုးတက်မှုအခြေအနေများနှင့် ရှေ့ဆက်လက်ဆောင်ရွက်မည့် ကိစ္စရပ်များအပါအဝင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး၊ ဘဏ္ဍာရေး၊ စိုက်ပျိုးရေး၊ လျှပ်စစ်၊ စွမ်းအင်၊ စက်မှုနှင့် ကျန်းမာရေးကဏ္ဍတို့တွင် ပူးပေါင်းဆောင်ရွက်နေမှုများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

ဖိုရမ်တက်ရောက်စဉ်ကာလအတွင်း စက်တင်ဘာလ ၄ ရက် နံနက်ပိုင်းတွင်ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်သည် Russia–



ASEAN Business Dialogue အစီအစဉ်တွင် Panelist အနေဖြင့် တက်ရောက်၍ ရုရှား–အာဆီယံဒေသတွင်း ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များ၊ ရုရှား–အာဆီယံကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ မဟာဗျူဟာအစီအစဉ်ကို အကောင်အထည်ဖော် ဆောင်ရွက်မည့်နည်းလမ်းများ၊ ကုန်စည်နှင့်ဝန်ဆောင်မှုများ၊ ဈေးကွက်များကို ချဉ်းကပ်ရမည့် ဘုံနည်းလမ်းများ၊ ရုရှားရင်းနှီးမြှုပ်နှံမှု စီမံကိန်းများဆွဲဆောင်နိုင်မည့်နည်းလမ်းများကို ဆွေးနွေးပြောကြားသည်။

မွန်းလွဲပိုင်းတွင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ ဒူးမားလွှတ်တော်ဒုတိယဥက္ကဋ္ဌ Mr. Sholban Valerievich KARA-OOL ဦးဆောင်သော ကိုယ်စားလှယ် အဖွဲ့နှင့် တွေ့ဆုံပြီး မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံတို့အကြား ရင်းနှီးချစ်ကြည်စွာ ပူးပေါင်းဆောင်ရွက်သည့်ကိစ္စရပ်များ၊ မြန်မာနိုင်ငံတွင် ရွေးကောက်ပွဲကျင်းပရန် ပြင်ဆင်ဆောင်ရွက်နေသည့် အခြေအနေများ၊ နှစ်နိုင်ငံ ခရီးသွားလုပ်ငန်းမြှင့်တင်ရေးဆိုင်ရာကိစ္စရပ်များ၊ သယ်ယူပို့ဆောင်ရေး၊ ဘဏ္ဍာရေး၊ လျှပ်စစ်၊ စွမ်းအင်၊ စက်မှု၊ ကူးသန်းရောင်းဝယ်ရေးနှင့် ကျန်းမာရေးကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်နေမှုများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

ညနေပိုင်းတွင်မြန်မာကိုယ်စားလှယ်အဖွဲ့သည် ရုရှား–အာဆီယံ စီးပွားရေးကောင်စီဥက္ကဋ္ဌ Mr.Ivan Viktorovich Polyakov နှင့်တွေ့ဆုံ၍ ရုရှားနိုင်ငံနှင့် အာဆီယံနိုင်ငံများအကြား စီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ၊ မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံတို့အကြား ဆန်စပါး၊ ကော်ဖီ၊ သရက်သီးနှင့် ရေထွက်ကုန်ပစ္စည်းများတင်ပို့ရေးအပါအဝင် ကုန်သွယ်မှုတိုးမြှင့်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး၊ လျှပ်စစ်၊ စွမ်းအင်ကဏ္ဍဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုကိစ္စရပ်များအား ဆွေးနွေးကြပြီး ဖိုရမ်၌ ပြသထားသော ပြခန်းများအား လေ့လာကြည့်ရှုကြသည်။

စက်တင်ဘာလ ၅ ရက် နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦးသည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ SYNERGY Corporation မှ International Recruitment Agency Director ဖြစ်သူ Ms. Lidia Filatova အား လက်ခံတွေ့ဆုံ၍ မြန်မာ–ရုရှား နှစ်နိုင်ငံအကြား အလုပ်သမားရေးရာ ကိစ္စရပ်များအား ပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် နားလည်မှုစာချွန်လွှာရေးထိုးနိုင်ရေးဆောင်ရွက်နေမှုများ၊ ပြည်ပနိုင်ငံများတွင် အလုပ်လုပ်ကိုင်လိုသူ နိုင်ငံသားများအတွက် အခွင့်အလမ်းများနှင့် လေ့ကျင့်သင်ကြားပေးရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များကို ဆွေးနွေးကြသည်။

တစ်ချိန်တည်းတွင်ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က " Global South and East : who will lead the new growth economy" ခေါင်းစဉ်ဖြင့် ကျင်းပသော စားပွဲဝိုင်းဆွေးနွေးပွဲတွင် Speaker အဖြစ် တက်ရောက်ဆွေးနွေးခဲ့ရာ မြန်မာကိုယ်စားလှယ်အဖွဲ့ဝင်များပါဝင်တက်ရောက်ကြသည်။

ဆက်လက်၍ မြန်မာကိုယ်စားလှယ်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီး H.E. Mr. Maksim Reshetnikov ခေါင်းဆောင်သော အဖွဲ့နှင့်တွေ့ဆုံ၍ ပဉ္စမအကြိမ် ရုရှား–မြန်မာအစိုးရအချင်းချင်း ကုန်သွယ်ရေးနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုကော်မရှင် အစည်းအဝေးဆုံးဖြတ်ချက်များအရ ဆောင်ရွက်လျက်ရှိသည့် ကိစ္စရပ်များ၊ မြန်မာ–ရုရှား စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ဖြစ်ပေါ်တိုးတက်မှုအခြေအနေများ၊ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုလမ်းပြမြေပုံ အကောင်အထည်ဖော်ဆောင်ရွက်မှုအခြေအနေများ၊ စွမ်းအင်ကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်မည့်ကိစ္စရပ်များ ၊ စက်မှုဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်မည့် ကိစ္စရပ်များအား ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

မွန်းလွဲပိုင်းတွင် မြန်မာကိုယ်စားလှယ်အဖွဲ့သည် (၁၀) ကြိမ်မြောက် အရှေ့ဖျားစီးပွားရေးဖိုရမ်၏ ပင်မအခမ်းအနားဖြစ်သည့် မျက်နှာစုံညီအစည်းအဝေး (Main Forum– Plenary Session) သို့ ပါဝင်တက်ရောက်သည်။

အဆိုပါအစည်းအဝေးတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတ မစ္စတာ ဗလာဒီမာပူတင်က မိန့်ခွန်းပြောကြားခဲ့ပြီး၊ နိုင်ငံတကာစီးပွားရေးဖိုရမ်၏ပင်မဆွေးနွေးမှုများကို ဦးဆောင်ဆွေးနွေးသည်။ လာအိုနိုင်ငံဝန်ကြီးချုပ် H.E. Mr.Sonsan Siphandon၊ မွန်ဂိုလီးယားနိုင်ငံဝန်ကြီးချုပ် H.E. Mr. Gombojavyn Zandanshatarနှင့် တရုတ်နိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ ပေါလစ်ဗျူရိုအဖွဲ့ဝင်၊ အမျိုးသား ပြည်သူ့ကွန်ဂရက် အမြဲတမ်း ကော်မတီ ဒုတိယဥက္ကဋ္ဌ H.E. Mr. Li Hong Zhong တို့က ဆွေးနွေးဖက်များအဖြစ် ပါဝင်ဆွေးနွေးကြသည်။

သမ္မတပူတင်က ၂၀၂၇ ခုနှစ် ဇန်နဝါရီလ ၁ ရက်မှစ၍ ရုရှားအရှေ့ဖျားနှင့် အာတိတ်ဒေသအား ဒုတိယအထူးဦးစားပေး စီးပွားရေးဒေသအဖြစ် သတ်မှတ်သွားရန်ရှိကြောင်း၊ အနာဂတ်တွင် အာရှနှင့် ဥရောပတို့အကြား မြောက်ဘက်ပင်လယ်ရေလမ်းကြောင်းမှာ များစွာအရေးကြီးလာမည်ဟု ရှုမြင်ထားကြောင်း၊ ယင်းအတွက် အာတိတ်ဒေသဖြတ်သန်းစကြံ့ထူထောင်မည်ဖြစ်ပြီး ဆိုက်ဘေးရီးယားဒေသမြစ်ကြောင်းများကို သယ်ယူပို့ဆောင်ရေးလမ်းကြောင်းများအတွက် အသုံးပြုနိုင်မှု အလားအလာကောင်းများရှိကြောင်း၊ အရှေ့ဖျားဒေသတွင် ဒရုန်းယာဉ်များအသုံးပြုမှုကျယ်ပြန့်လာစေရေးအတွက် စမ်းသပ်လုပ်ဆောင်လျက်ရှိကြောင်း၊ ရုရှားနိုင်ငံ၏စီးပွားရေး တုံ့ဆိုင်းခြင်းမရှိစေရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ယူကရိန်းအရေးနှင့် စပ်လျဉ်း၍ လုံခြုံရေးအာမခံချက်အပေါ် ရုရှားနိုင်ငံအနေဖြင့် အလေးထားကြောင်း၊ အာမခံချက်ရရှိစေရန် နှစ်ဖက်စလုံးမှ ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ယူကရိန်းနိုင်ငံအတွင်းရှိ မည်သည့်နိုင်ငံ/တပ်ဖွဲ့ကိုမဆို ဥပဒေအရ တိုက်ခိုက်ဖျက်ဆီးသွားမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

မျက်နှာစုံညီအစည်းအဝေးအပြီးတွင် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်နှင့် စွမ်းအင်ဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီးဦးကိုကိုလွင်တို့သည်ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီး H.E. Mr. Maksim Reshetnikov နှင့် GAZPROM ကုမ္ပဏီတို့မှ တာဝန်ရှိသူများအားတွေ့ဆုံပြီး မြန်မာနိုင်ငံ၏ အလားအလာကောင်း၍ အာမခံချက်ရှိသည့် ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ကွက်များတွင် ရှာဖွေတူးဖော်ထုတ်လုပ်ရေးနှင့်မြန်မာနိုင်ငံတွင် Feasibility Study ပြုလုပ်ထားပြီးဖြစ်သည့် ရေနက်ဆိပ်ကမ်းများနှင့် တည်ဆောက်ထားပြီးဖြစ်သည့် ပိုက်လိုင်းများကို အသုံးပြု၍ LNG Hub ကဲ့သို့သော Energy Trading ပြုလုပ်နိုင်မည့် အခွင့်အလမ်းများတွင် ရင်းနှီးမြှုပ်နှံဆောင်ရွက်နိုင်ရေးအတွက် အလားအလာကောင်းများရှိမှုနှင့် နှစ်နိုင်ငံစွမ်းအင်ကဏ္ဍပိုမိုပူးပေါင်းဆောင်ရွက်နိုင်ရေးကိစ္စရပ်များအား ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

စက်တင်ဘာလ ၆ ရက် မွန်းလွဲပိုင်းတွင် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းသည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ Valdivostok မြို့ရှိ Medical Center သို့ သွားရောက်ပြီး တာဝန်ရှိသူများနှင့်အတူ စက်ရုပ်အသုံးပြု၍ ခွဲစိတ်မှုများ(Robotic Surgery)၊ AI နည်းပညာအသုံးပြု၍ မှန်ပြောင်းကြည့် ခွဲစိတ်ကုသမှုများ (Endoscopic Surgery)၊ ကလေးကုသဆောင်၊ မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်းနှင့်ဦးခေါင်းဌာန၊ ပြန်လည်သန်စွမ်းရေးဌာနများသို့ ကြည့်ရှုပြီး အဆိုပါဆေးရုံရှိ ဆေးကုသမှုအခြေအနေများ၊ နိုင်ငံတကာ ဆေးကျောင်းသားများ တက်ရောက်သင်ကြားပေးနေမှုအခြေအနေများ၊ မြန်မာနိုင်ငံမှ ပညာတော်သင်ကျောင်းသားများ စေလွှတ်ပြီး ဆေးလက်တွေ့သင်ကြားနိုင်ရေးကိစ္စရပ်များကို ဆွေးနွေးသည်။

အရှေ့ဖျားစီးပွားရေးဖိုရမ်ကို ၂၀၁၅ ခုနှစ်မှစ၍ နှစ်စဉ်ကျင်းပခဲ့ပြီး ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် ရင်းနှီးမြှုပ်နှံမှုအဖွဲ့အစည်းများအကြား ဆက်သွယ်မှုထူထောင်ရေးနှင့် အာရှနှင့် ပစိဖိတ်ဒေသစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေး ပလက်ဖောင်းတစ်ခုဖြစ်စေရေး ရည်ရွယ်ကျင်းပခြင်းဖြစ်သည်။ ယခုကျင်းပသည့် (၁၀) ကြိမ်မြောက် အရှေ့ဖျားစီးပွားရေးဖိုရမ်သို့ ကမ္ဘာတစ်ဝန်းရှိ နိုင်ငံပေါင်း (၇၅)နိုင်ငံ မှ အကြီးအကဲများ၊ အစိုးရအဖွဲ့များ၊ ကျွမ်းကျင်ပညာရှင်များ၊ ပုဂ္ဂလိကစီးပွားရေး လုပ်ငန်းရှင်များ စုစုပေါင်း (၇၀၀၀) ကျော်တက်ရောက်ခဲ့ကြကြောင်းနှင့် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် စက်တင်ဘာလ ၈ ရက် မွန်းလွဲပိုင်းတွင် လေကြောင်းခရီးဖြင့် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိကြောင်း သတင်းရရှိသည်။ **မြဝတီ**

# ယခုဘဏ္ဍာနှစ် ရှစ်လတာကာလအတွင်း အလုပ်အကိုင်အခွင့်အလမ်း ၂၀၀၀၀ ကျော် ဖန်တီးပေးနိုင်မည့် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများကို အတည်ပြုပေးနိုင်ခဲ့

ရန်ကုန် စက်တင်ဘာ ၉

ယခုဘဏ္ဍာနှစ် ဇန်နဝါရီလမှ ဩဂုတ်လအထိ ရှစ်လတာကာလအတွင်း အလုပ်အကိုင်အခွင့်အလမ်း ၂၀၀၀၀ ကျော် ဖန်တီးပေးနိုင်မည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို ရန်ကုန်တိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှုကော်မတီမှ အတည်ပြုပေးနိုင်ခဲ့ကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှုကော်မတီသည် ယင်းကာလအတွင်း ဟိုတယ်နှင့်ခရီးသွားကဏ္ဍ၊ ဝန်ဆောင်မှုကဏ္ဍ၊ စက်မှုကဏ္ဍတို့တွင် ရာနှုန်းပြည့်မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ၊ ရာနှုန်းပြည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများနှင့် ဖက်စပ်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို အတည်ပြုပေးခဲ့ခြင်းဖြစ်သည်။

အတည်ပြုပေးခဲ့သည့် လုပ်ငန်းများတွင် ဟိုတယ်ဝန်ဆောင်မှုလုပ်ငန်း၊ မိုတယ်ဝန်ဆောင်မှုလုပ်ငန်း၊ အသင့်ဖျော်စပ်ပြီးသော ကွန်ကရစ်များရောင်းချဝန်ဆောင်မှုပေးခြင်းလုပ်ငန်း၊ CMP စနစ်ဖြင့် အဝတ်အထည်အမျိုးမျိုးချုပ်လုပ်ခြင်းလုပ်ငန်း၊ CMP စနစ်ဖြင့် Wearing apparel အမျိုးမျိုးချုပ်လုပ်ခြင်းလုပ်ငန်း၊ ပြည်ပသို့ ၂၀ ရာခိုင်နှုန်းတင်ပို့ပြီး ပြည်တွင်း၌ ၈၀ ရာခိုင်နှုန်းရောင်းချသည့် သစ်အခြေခံသော သစ်သားပြားအမျိုးမျိုးနှင့် ပရိဘောဂအမျိုးမျိုး ထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်း၊ ပဲအမျိုးမျိုး ကြိတ်ခွဲသန့်စင်ထုတ်လုပ်ပြီး ပြည်ပသို့ ၁၀၀ ရာခိုင်နှုန်းတင်ပို့သည့်လုပ်ငန်း၊ ပြည်ပသို့ ၉၂ ရာခိုင်နှုန်းတင်ပို့ပြီး ပြည်တွင်း၌ ၈ ရာခိုင်နှုန်းရောင်းချမည့် ဆန်ဖြူ၊ ဆန်ကွဲသန့်စင်ခြင်း၊ အရောင်တင်ခြင်းနှင့် တင်ပို့ရောင်းချခြင်းလုပ်ငန်း၊ ဆန်ကြိတ်ခွဲဖွပ်ချေသန့်စင်ထုတ်လုပ်ပြီး ပြည်ပသို့ ၁၀၀ ရာခိုင်နှုန်းတင်ပို့ရောင်းချခြင်းလုပ်ငန်းတို့ပါဝင်သည်။



အဆိုပါ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကြောင့် ဇန်နဝါရီလတွင် ၁၀၁၆ ဦး၊ ဖေဖော်ဝါရီလတွင် ၁၉၂၀ ဦး၊ မတ်လတွင် ၂၈၀၂ ဦး၊ ဧပြီလတွင် ၁၀၀၅ ဦး၊ မေလတွင် ၁၂၂၀ ဦး၊ ဇွန်လတွင် ၆၇၇၃ ဦး၊ ဇူလိုင်လတွင် ၆၉၆ ဦး၊ ဩဂုတ်လတွင် ၅၀၀၂ ဦး စုစုပေါင်း ၂၀၄၃၄ ဦးတို့အား အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ခဲ့ကြောင်း သိရသည်။

**ဝန်းရံခ**

---

# လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း ကဏန်းပျော့ပိဿာ ၇၀၀၀၀ ကျော် တင်ပို့ရောင်းချနိုင်



လပွတ္တာ စက်တင်ဘာ ၉

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာခရိုင် လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လတစ်လတာကာလအတွင်း ကဏန်းပျော့ပိဿာ ၇၀၀၀၀ ကျော် တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း လပွတ္တာမြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်းလုပ်ကိုင်သူ ဒေါ်စုခိုင်၏ပြောဆိုချက်အရ သိရသည်။

လပွတ္တာမြို့နယ်မှ ဒေသထွက်ကဏန်းပျော့များကို ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိပြီး ဇူလိုင်လအတွင်း ကဏန်းပျော့ပိဿာ ၅၅၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ကာ ဩဂုတ်လ ၁ ရက်မှ ၃၁ ရက်အထိ တစ်လတာကာလအတွင်း ကဏန်းပျော့ပိဿာ ၇၄၀၀၀ အထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ဒီဘက်ကထွက်ရှိတဲ့ကဏန်းပျော့တွေကို ရန်ကုန်ဈေးကွက်ကို အဓိကတင်ပို့ရောင်းချနေတာဖြစ်ပါတယ်။ ပြည်တွင်းဈေးကွက်မှာ အရောင်းအဝယ်သွက်လာတာပါ။ တင်ပို့ကုန်များလာတော့ ရေလုပ်ငန်းလုပ်ကိုင်တဲ့သူတွေ အဆင်ပြေလာတာတွေ့ရပါတယ်။ ဒါ့ပြင် ကုန်ပစ္စည်းတင်ပို့တဲ့လုပ်ငန်းတွေနဲ့ ဆက်စပ်တဲ့သူတွေလည်း အဆင်ပြေလာပါတယ်။ လက်ရှိရန်ကုန်ဘက်ကနေတစ်ဆင့် ကဏန်းပျော့တွေကို ပြည်ပနိုင်ငံတွေကို ပြန်လည်တင်ပို့လာတာကြောင့်လည်း အဝယ်လိုက်လာတာပါ"ဟု ဒေါ်စုခိုင်ကပြောသည်။

လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ကဏန်းပျော့များ တင်ပို့အားတက်နေခြင်းကြောင့် မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူများ၊ ရေလုပ်သားများ၊ ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း လုပ်ကိုင်သူများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများနှင့် ကုန်တင်ကုန်ချလုပ်သားများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

**သုတကျော်**

---

# ပွင့်ဖြူမြို့နယ်၌ ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီတွင် စိုက်ပျိုးထားသော နှမ်းဧက ၈၀၀၀ ကျော် ရိတ်သိမ်းပြီးစီး

ပွင့်ဖြူ စက်တင်ဘာ ၉

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ်၌ ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီတွင် စိုက်ပျိုးထားသော နှမ်းဧက ၈၀၀၀ ကျော် ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မိုးမိုးဝေ၏ပြောကြားချက်အရ သိရသည်။

ပွင့်ဖြူမြို့နယ်၌ ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီတွင် နှမ်း ၂၄၀၆၅ ဧက စိုက်ပျိုးနိုင်ခဲ့ပြီး အဆိုပါနှမ်းများကို ယခုနှစ်ဩဂုတ်လဒုတိယပတ်မှ စတင်ရိတ်သိမ်းခဲ့ရာ လက်ရှိတွင် ဧက ၈၆၄၀ ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် နှမ်း ၉ ဒသမ ၄၂ တင်းခန့် ထွက်ရှိကြောင်း သိရသည်။

"ဒီနှစ်မိုးသီးနှံစိုက်ပျိုးရာသီမှာ ပွင့်ဖြူမြို့နယ်အတွင်း နှမ်း ၂၄၀၆၅ ဧက စိုက်ပျိုးနိုင်ခဲ့ပါတယ်။ လက်ရှိမှာ နှမ်းဧက ၈၆၄၀ ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ဒေသတွင်း ဆီစားသုံးမှုဖူလုံစေဖို့နဲ့ သီးနှံဝင်ငွေတိုးပွားစေဖို့ ရည်ရွယ်ပြီး တောင်သူတွေ နှမ်းတိုးချဲ့စိုက်ပျိုးနိုင်အောင် ဆောင်ရွက်ပေးခဲ့ပါတယ်။ စိုက်ပျိုးရာမှာလည်း GAP နည်းစနစ်နဲ့ စိုက်ပျိုးနိုင်ဖို့ နည်းပညာပေးတာတွေ ဆောင်ရွက်ပေးခဲ့ပါတယ်။ ရိတ်သိမ်းပြီးနှမ်းတွေကို အရည်အသွေးကောင်းမွန်အောင် စနစ်တကျထိန်းသိမ်းကြဖို့နဲ့ ရိတ်သိမ်းဖို့ကျန်ရှိတဲ့နှမ်းတွေကို အချိန်မီရိတ်သိမ်းခြွေလှေ့နိုင်အောင် ကွင်းဆင်းဆောင်ရွက်ပေးနေပါတယ်"ဟု ဒေါ်မိုးမိုးဝေကပြောသည်။

ပွင့်ဖြူမြို့နယ်၌ ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီတွင် နှမ်းစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက သက်ဆိုင်ရာဌာနများနှင့်ပူးပေါင်းပြီး အထွက်နှုန်းကောင်းသည့်နှမ်းများ တိုးချဲ့စိုက်ပျိုးနိုင်ရေး၊ စိုက်ပျိုးနည်းစနစ်များ မှန်ကန်စေရေးနှင့် ပိုးမွှားရောဂါကင်းရှင်းရေး၊ မြေဩဇာနှင့် သွင်းအားစုများ အချိန်ကိုက်သုံးစွဲတတ်စေရေး စသည့်တောင်သူအသိပညာပေးလုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်ပေးခဲ့သည်။

နှမ်းကို အထွက်နှုန်းနှင့်အရည်အသွေးကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်းဆီစားသုံးမှုကို ဖူလုံစေရုံသာမက ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ မြင့်မားတိုးတက်လာမည်ဖြစ်သောကြောင့် နှမ်းကို ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း သိရသည်။

**လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)**

မြဝတီ ကာတွန်း



# ကလောမြို့ရှိ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းများနှင့် အားကစားနှင့်ကာယပညာသိပ္ပံ (တောင်ကြီး)ရှိ ကျောင်းသား၊ ကျောင်းသူများ ဘာသာရပ်အလိုက် ပညာသင်ကြားပေးနေမှု ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် ကြည့်ရှု



**နေပြည်တော် စက်တင်ဘာ ၉**

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်သည် ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး၊ ရှမ်းပြည်နယ်စီးပွားရေးရာဝန်ကြီး ဦးခွန်သိန်းမောင်၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ကလောမြို့၏ ထင်ရှားသောခရီးသွားဆွဲဆောင်ရာနေရာတစ်ခုဖြစ်သည့် နန်းသဲကျေးရွာရှိ Kalawe Glamping Adventure Tourism Site ဧရိယာအတွင်းရှိ စွန့်စားခရီးသွားလုပ်ငန်း၊ စခန်းချတည်းခိုနေထိုင်ခြင်းဆိုင်ရာခရီးသွားလုပ်ငန်း၊ အပန်းဖြေခရီးသွားလုပ်ငန်း၊ ကြိုးတန်းလျှောစီးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ထိုသို့ကြည့်ရှုစဉ် ပြည်ထောင်စုဝန်ကြီးက လူငယ်ခရီးသွားလုပ်ငန်း (Youth Tourism)၊ တောင်တန်းဒေသခရီးသွားလုပ်ငန်း(Mountain–eering Tourism)၊ အားကစားခရီးသွားလုပ်ငန်း (Sports Tourism)၊ တောတွင်းခရီးသွားလုပ်ငန်း (Jungle Tourism)တို့ကိုပါ တွဲဖက်ဖော်ဆောင်ရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ပြည်တွင်းပြည်ပခရီးသွားများ ပိုမိုလာရောက်လည်ပတ်ကြစေရန် ဈေးကွက်မြှင့်တင်ကြိုးစားကြရေးဆိုင်ရာများကို ဆွေးနွေးမှာကြားသည်။

ထို့နောက် ဌာနပိုင်ငှားရမ်းထားသော Kalaw Heritage Hotel ၌ ခရီးသွားဧည့်သည်များအတွက်ဝန်ဆောင်မှုကောင်းများပေးစွမ်းနိုင်ရေး ဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးပြီး ကလောမြို့ကို ခရီးသွားမြို့တော်ဖြစ်စေရန် ဝိုင်းဝန်းကြိုးပမ်းပူးပေါင်းဆောင်ရွက်ကြရေး မှာကြားသည်။

ယင်းနောက် အားကစားနှင့်ကာယပညာသိပ္ပံ (တောင်ကြီး)ရှိ နှစ်ထပ်စာသင်ကျောင်းဆောင်၌ ဆရာ၊ ဆရာမများက Grade– 11 ကျောင်းသား၊ ကျောင်းသူများအား ဘာသာရပ်အလိုက် သင်ကြားပေးနေမှုနှင့်ကျောင်းသား၊ ကျောင်းသူအိပ်ဆောင်များ၊ ဘောလုံးအားကစားကွင်း၊ ဂျူဒိုအားကစားခန်းမ၊ တိုက်ကွမ်ဒိုအားကစားခန်းမ၊ ပင်မနှစ်ထပ်ဆောင်ရှိ ရုံးခန်းများ၊ ကျန်းမာရေးစောင့်ရှောက်မှုပြုလုပ်နိုင်ရန် ဖွင့်လှစ်ထားရှိသည့် ဆေးပေးခန်းနှင့်စက်ပစ္စည်းအခြေအနေ၊ ဆေးကုသရာတွင် ဆရာဝန်နှင့် သူနာပြုအင်အားလုံလောက်စွာထားရှိပေးနိုင်ရေးအတွက် တင်ပြဆောင်ရွက်သွားရန်နှင့် 50 kW Solar Hybrid System တပ်ဆင်ခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုက်နာဆောင်ရွက်ရန် လိုအပ်သည့် လုပ်ငန်းပိုင်းဆိုင်ရာများကို မှာကြားသည်။

မွန်းလွဲပိုင်းတွင် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ရမည်းသင်းခရိုင်အားကစားကွင်း၌ သန့်ရှင်းသာယာလှပရေးဆောင်ရွက်ထားရှိမှု၊ ဂိုးတိုင်၊ ကော်နာတိုင်များ စနစ်တကျတပ်ဆင်ထားရှိမှု၊ ရေလုံလောက်မှုရှိစေရေးအတွက် ရေစင်တည်ဆောက်ထားရှိမှုနှင့် ရေလိုင်း၊ မီးလိုင်းများ စနစ်တကျသွယ်တန်းထားရှိမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တပ်ကုန်းမြို့နယ်အားကစားကွင်း၌ ကျင်းပသည့် တပ်ကုန်းမြို့နယ် ကျောင်းပေါင်းစုံ အမျိုးသားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲစဉ်အဖြစ် စံပြအလယ်တန်းကျောင်းခွဲအသင်းနှင့် MRTV အထက်တန်းကျောင်းအသင်းတို့၏ ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

မြဝတီ

| ၉-၉-၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate) | သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား ( ၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ (၅,၉၆၀,၀၀၀)ကျပ်ဖြစ်သည်။** **ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ** |
|---|---|

## အားရအောင်ဖူး

❦ မင်းနေမြို့ နေပြည်တော်
ရုပ်ပွားတော် “မာရဝိဇယ”။
ကမ္ဘာမှာ ဉာဏ်တော်အမြင့်
အဆင့်ပထမ။

❦ “မြတ်ရွှေတိဂုံ”
ရန်ကုန်မြို့ပုံရိပ်။
ကျိုက်ထိုမှာ “ကျိုက်ထီးရိုး”
တန်ခိုးဂုဏ်ဟိတ်။

❦ ရှေးဟောင်းမြို့ မန္တလာ
“မဟာမြတ်မုနိ”။
ပုသိမ်မြို့ “ရွှေမုဋ္ဌော”
ကျော်စောကိတ္တိ။

❦ “ရာဇမဏိကောင်းမှုတော်”
စစ်ကိုင်းမြို့ပေါ် အံ့ဖွယ်ထူး။
“ရွှေစက်တော်”မုန်း၊ မန်းချောင်း
“ကျောင်းတော်ရာ”ဦး။

❦ ညောင်ဦးက “ရွှေစည်းခုံ”
“ကောင်းမှုလုံ”မြောက်ဖျား။
မြန်ပြည်မှာ လျှံစည်ဖြိုးတဲ့
ပုထိုးတော်များ။

❦ ဇလွန်မြို့ “ပြည်တော်ပြန်”
အင်းလေးကန် “ဖောင်တော်ဦး”။
ကမ္ဘာလှည့်ကြတဲ့
မြန်မာရဲ့ဧည့်သည်များ
အားရအောင်ဖူး။ ။

**ခက်လှိုင်းကျော်**

## MWD Variety Channel

၁၀-၉-၂၀၂၅(ဗုဒ္ဓဟူးနေ့)

| | | |
|---|---|---|
| ၁။ | ၁၀:၃၀ | မှတ်သားလေ့လာ အိမ်တွင်းမှုပညာ |
| ၂။ | ၁၁:၃၀ | ကမ္ဘာတစ်ခွင် မှတ်တမ်းဝင် |
| ၃။ | ၁၄:၁၅ | တစ်ပတ်အတွင်း ထိပ်တန်းရောက် ကမ္ဘာ့သတင်းသုံးသပ်ချက် |
| ၄။ | ၁၅:၄၅ | ဗုဒ္ဓဓမ္မအသိများ တိုးပွားရကြစေ |

# (၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စုပေါင်းသွေးလှူဒါန်းပွဲကျင်းပ



နေပြည်တော် စက်တင်ဘာ ၉

(၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ယနေ့နံနက်ပိုင်းတွင် နေပြည်တော် လယ်ဝေးမြို့နယ်ရှိ ခုတင်-၁၀၀ ပြည်သူ့ဆေးရုံ၌ စုပေါင်းသွေးလှူဒါန်းပွဲကျင်းပသည်။

ထိုသို့လှူဒါန်းရာတွင် ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့လေကြောင်းရဲတပ်ဖွဲ့မှူးရုံးမှ ရဲတပ်ဖွဲ့ဝင် ၂၂ ဦးတို့က စုပေါင်းသွေးလှူဒါန်းကြရာ လေကြောင်းရဲတပ်ဖွဲ့မှူး ယာယီရဲမှူးချုပ်ထူးအောင်၊ မြို့နယ်ဆေးရုံအုပ်ကြီး ဒေါက်တာနန္ဒာကျော်နှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးကြကြောင်း သိရသည်။

(၅၀၀)

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၀-၉-၂၀၂၅(ဗုဒ္ဓဟူးနေ့)

| | | |
|---|---|---|
| ၁။ | ၀၆:၀၀ | တရားတော် |
| ၂။ | ၀၈:၀၀ | မှတ်သားလိုက်နာပုံပမာ |
| ၃။ | ၀၉:၀၀ | ကျန်းမာသုတ |
| ၄။ | ၁၀:၀၀ | နိုင်ငံတကာသတင်း |
| ၅။ | ၁၁:၀၀ | သီချင်းလက်ဆောင် |
| ၆။ | ၁၂:၀၀ | ရှေးမြန်မာမင်းများ၏ခေါင်းဆောင်မှု |
| ၇။ | ၁၃:၀၀ | အမှတ်တရနေ့ရက်များ |
| ၈။ | ၁၅:၀၀ | ဆောင်းပါးပေါ်မှစာစုများ |
| ၉။ | ၁၇:၀၀ | မွေးမြူသုတ |
| ၁၀။ | ၁၈:၃၀ | ထုတ်လွှင့်ပြန်ကြားသတင်းမှန်များ |
| ၁၁။ | ၁၈:၄၀ | Music Gallery |
| ၁၂။ | ၁၉:၀၀ | (၃၈)ဖြာမင်္ဂလာ ဉာတကာနဥ္စသင်္ဂဟော၊ အနဝဇ္ဇာနိ ကမ္မာနိ |

# စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ဒေသတည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေး၊ ဒေသဖွံ့ဖြိုးရေးနှင့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးဆောင်ရွက်

မုံရွာ စက်တင်ဘာ ၉

စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်သည် တိုင်းဒေသကြီးဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် မန္တလေးလျှောင်ကြီးလှုပ်ခတ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့် စစ်ကိုင်းမြို့ မဟာစည်းခုံကြီးစေတီတော်၊ ရတနာစေတီ ဆင်များရှင်စေတီတော်နှင့်မဟာစေတီတော်ကြီးများ ပြန်လည်ပြုပြင်မွမ်းမံနေမှုကို လှည့်လည်ကြည့်ရှုပြီး လိုအပ်သည်များကို မှာကြား ဖြည့်ဆည်းဆောင်ရွက်ပေးသည်။




ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည့်ခရိုင်အဆင့်ဌာနဆိုင်ရာများနှင့်တွေ့ဆုံပွဲသို့ တက်ရောက်ရာ တိုင်းဒေသကြီးဝန်ကြီးများနှင့် တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများက ဌာနအလိုက် စစ်ကိုင်းခရိုင်အတွင်း ဒေသတည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးလုပ်ငန်းများဆောင်ရွက်နေမှုများနှင့် မကြာမီကျင်းပတော့မည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး အတွက် လုပ်ငန်းများကြိုတင်စီမံဆောင်ရွက်ထားရှိမှုများကို ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် အဆိုပါ အစည်းအဝေးခန်းမ၌ ဆက်လက်ကျင်းပသည့် စစ်ကိုင်းမြို့ ဧရာဝတီတံတား(ရတနာပုံ)နှင့် ကံတလူဂိတ်တို့ရှိ တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ပူးပေါင်းစစ်ဆေးရေးအဖွဲ့များနှင့် တွေ့ဆုံပွဲသို့ တက်ရောက်ရာ တိုင်းဒေသကြီးဝန်ကြီးများနှင့်တာဝန်ရှိသူများက ဧရာဝတီတံတား (ရတနာပုံ)နှင့် ကံတလူဂိတ်တို့ရှိတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးပူးပေါင်း စစ်ဆေးရေးအဖွဲ့၏ လုပ်ငန်းဆောင်ရွက်နေမှုများကို ဆွေးနွေးတင်ပြကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုက်နာဆောင်ရွက်ရန် လိုအပ်သည့် လုပ်ငန်းပိုင်းဆိုင်ရာများကို ဆွေးနွေးမှာကြားပြီး တင်ပြချက်များအပေါ် ဖြည့်ဆည်းပေါင်းစပ် ဆောင်ရွက်ပေးသည်။

မွန်းလွဲပိုင်းတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် စစ်ကိုင်းမြို့ မြို့တော်ခန်းမ၌ ကျင်းပသည့် ၂၀၂၅ ခုနှစ် (၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားပြီး အဆင့်မြင့်ပညာ အက (ကျား)နှင့် ၁၅-၂၀ အက(ကျား) ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိကြသူများနှင့် ဒိုင်အဖြစ်ဆောင်ရွက်ခဲ့ကြသည့် အနုပညာရှင်ကြီးများအား ဂုဏ်ပြုလက်မှတ်များကိုလည်းကောင်း၊ တိုင်းဒေသကြီးဝန်ကြီးချုပ်၏ဇနီးက အဆင့်မြင့်ပညာ အက(မ)နှင့် ၁၀-၁၅ အက(မ)ပြိုင်ပွဲများတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိကြသူများအား ငွေသားဆုနှင့် ဆုတံဆိပ်များကိုလည်းကောင်း ပေးအပ်ချီးမြှင့်သည်။

ထို့နောက် စစ်ကိုင်းမြို့ပေါ်ရှိတက္ကသိုလ်၊ ဒီဂရီကောလိပ်များမှ ပါမောက္ခချုပ်များနှင့် တိုင်းဒေသကြီး၊ ခရိုင်အဆင့် ဌာနဆိုင်ရာများက (၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများတွင် ဘာသာရပ်အလိုက် ပထမ၊ ဒုတိယ၊ တတိယဆုရရှိကြသူများအား ငွေသားဆုနှင့်ဆုတံဆိပ်များပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

**အေးသန္တာ**

# အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုရန်ပုံငွေမှ ကယားပြည်နယ်အတွင်း အကြမ်းဖက်ဖြစ်စဉ်များကြောင့် နေရပ်စွန့်ခွာဝန်ထမ်းများနှင့် မိသားစုဝင်များ၊ ပြည်သူများအတွက် တတိယအကြိမ်ထောက်ပံ့ငွေများပေးအပ်ပွဲကျင်းပ

လွိုင်ကော် စက်တင်ဘာ ၉

ကယားပြည်နယ်အတွင်း အကြမ်းဖက်ဖြစ်စဉ်များကြောင့် နေရပ်စွန့်ခွာခဲ့ရသည့် ဝန်ထမ်းများနှင့် ၎င်းတို့၏မိသားစုဝင်များ၊ ပြည်သူများအတွက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုရန်ပုံငွေမှ တတိယအကြိမ် ထောက်ပံ့ငွေပေးအပ်ခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် လွိုင်ကော်မြို့ ပြည်နယ်ခန်းမ၌ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်၊ နယ်မြေခံတပ်မှတာဝန်ရှိသူတစ်ဦး၊ ပြည်နယ်တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် မိသားစုဝင်များ၊ ပြည်သူများတက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားပြီး ပြည်နယ်ဝန်ကြီးချုပ်က ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြည်နယ်ပညာရေးမှူးရုံးနှင့် ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံးရှိ ဝန်ထမ်းများနှင့် ၎င်းတို့၏မိသားစုဝင်များ၊ နမ့်ဘော်ဝမ်(ခ) နှင့် လောခမ္မရပ်ကွက်နေပြည်သူများအတွက် ထောက်ပံ့ငွေများကိုပေးအပ်ရာ သက်ဆိုင်ရာကိုယ်စားလှယ်က လက်ခံရယူကြသည်။

ယင်းနောက် နယ်မြေခံတပ်မှတာဝန်ရှိသူတစ်ဦး၊ ပြည်နယ်တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများက ဌာနဆိုင်ရာဝန်ထမ်းများ၊ မိသားစုဝင်များနှင့် ရပ်ကွက်၊ ကျေးရွာများမှပြည်သူများ၏ ကိုယ်စားလှယ်များသို့ ထောက်ပံ့ငွေများပေးအပ်သည်။

ယနေ့ အခမ်းအနားတွင် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုရန်ပုံငွေမှ တတိယအကြိမ်အဖြစ် ဌာနဆိုင်ရာ ၇၆ ခုမှ ဝန်ထမ်း ၂၄၇၄ ဦးနှင့် မိသားစုဝင် ၃၅၈၂ ဦး၊ ပြည်သူ ၈၀၀၃ ဦး စုစုပေါင်း ၁၄၀၅၉ ဦးတို့အတွက် ဧပြီလ၊ မေလ၊ ဇွန်လ သုံးလအတွက် ထောက်ပံ့ငွေကျပ် ၈၈၄ ဒသမ ၁၄၀ သန်း ပေးအပ်ခဲ့ကြောင်း သိရသည်။




မွန်းလွဲပိုင်းတွင် "မြန်မာ့အနာဂတ်မျက်နှာစာ လူငယ်မဟာဗျူဟာဖိုရမ်-၂၀၂၅" အတွေ့အကြုံစကားဝိုင်းဆွေးနွေးပွဲအခမ်းအနားကို လွိုင်ကော်မြို့ ပြည်နယ်ခန်းမ၌ ကျင်းပရာ ပြည်နယ်လူငယ်ရေးရာကော်မတီဥက္ကဋ္ဌ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်၊ ပြည်နယ်လူငယ်ရေးရာကော်မတီအဖွဲ့ဝင်များ၊ အခြေခံပညာနှင့် အဆင့်မြင့်ပညာကျောင်းများမှ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများတက်ရောက်ကြသည်။

အခမ်းအနားကို လွိုင်ကော်ပညာရေးဒီဂရီကောလိပ်ကျောင်းသား၊ ကျောင်းသူများက "လူငယ်စွမ်းရည်" သီချင်းဖြင့် ဂုဏ်ပြုသီဆိုဖွင့်လှစ်ကြပြီး ပြည်နယ်ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်ထံသို့ ပြည်နယ်လူမှုရေးရာဝန်ကြီးက လူငယ်ဖိုရမ် အထိမ်းအမှတ်တံဆိပ်အား အပ်နှံပြီး ပြည်နယ်ဝန်ကြီးချုပ်က ဖိုရမ်တက်ရောက်ခဲ့သော ပြည်နယ်ကိုယ်စားပြု လူငယ်အဖွဲ့နှင့် အခမ်းအနားတွင် ပါဝင်ဆောင်ရွက်ကြသည့် အဆိုအကအဖွဲ့များအား ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်သည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် "လူငယ်စွမ်းအားမှသည် စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုပန်းတိုင်ဆီသို့ နှင့် ဖိုရမ်နှလုံးသား" လူငယ်လှုပ်ရှားမှု မှတ်တမ်း Video Clip ပြသမှုအား ကြည့်ရှုအားပေးကြပြီး နည်းပညာတက္ကသိုလ် (လွိုင်ကော်)မှ ကထိက ဒေါ်အိအိဇင်က မြန်မာ့အနာဂတ် မျက်နှာစာလူငယ်မဟာဗျူဟာဖိုရမ်-၂၀၂၅ သို့ တက်ရောက်ခဲ့သည့် အတွေ့အကြုံများကို ရှင်းလင်းတင်ပြ၍ လွိုင်ကော်ပညာရေးဒီဂရီကောလိပ်မှ ကျောင်းသား၊ ကျောင်းသူများက "နှလုံးသားအိမ်" သီချင်းဖြင့် ကပြဖျော်ဖြေကြသည်။

ဆက်လက်၍ အခမ်းအနား ဒုတိယပိုင်းကို ကျင်းပရာ လူငယ်မောင်မယ်များက "အနာဂတ်ပညာရေးနှင့် ကျွမ်းကျင်မှု"၊ "စီးပွားရေး အခွင့်အလမ်းများနှင့် လူငယ်စွန့်ဦးတီထွင်မှု"၊ "နိုင်ငံသားပူးပေါင်းပါဝင်မှုနှင့် လူငယ်ခေါင်းဆောင်မှု"၊ "ရေရှည်တည်တံ့မှုနှင့် ရာသီဥတုဆိုင်ရာအရေးယူဆောင်ရွက်မှု"၊ "ကမ္ဘာလုံးဆိုင်ရာ ချိတ်ဆက်မှုနှင့် ယဉ်ကျေးမှုတိုးမြှင့်ခြင်း" ခေါင်းစဉ်တို့ဖြင့် ဆွေးနွေးကြပြီး နည်းပညာတက္ကသိုလ်မှ ကျောင်းသူ မသုနှင်းဇင်က "မြန်မာ့အနာဂတ်မျက်နှာစာ လူငယ်မဟာဗျူဟာဖိုရမ် -၂၀၂၅" ကြေညာစာတမ်းကို ဖတ်ကြားခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်ဆက်)**

❖ **ရှေ့ဖုံးမှအဆက်**

(သီတင်းကျွတ်လဆန်း ၇ ရက်) စက်တင်ဘာလ ၂၈ ရက် နံနက်တွင် ညောင်ရွှေမြို့ ဌာနသို့ဆိုက်ရောက်၍ သုံးရက်ကိန်းဝပ်ပူဇော်ခံပြီး (သီတင်းကျွတ်လပြည့်ကျော် ၃ ရက်)အောက်တိုဘာလ ၉ ရက်တွင် မူလသီတင်းသုံးတော်မူရာ ရတနာစံကျောင်းတော်သို့ ပြန်လည်ကြွချီ၍ စံကျောင်းတော်ဝင်ပွဲကျင်းပမည်ဖြစ်သည်။

ပွဲတော်ကာလအတွင်း အင်းသားရိုးရာလှေလှော်ပြိုင်ပွဲကို ထည့်သွင်းကျင်းပသွားမည်ဖြစ်ရာ အကြိုပွဲစဉ်များအဖြစ် (သီတင်းကျွတ်လဆန်း ၅ ရက်) စက်တင်ဘာလ ၂၆ ရက်တွင် ရေလယ်ဒွေ့ခန်းမရှေ့ရေပြင်ကျယ်၌ ကျင်းပသွားမည်ပြီး ညောင်ရွှေမြို့ ဌာနသို့ ဆိုက်ရောက်သည့် စက်တင်ဘာလ ၂၈ရက်တွင် ညောင်ရွှေမြို့ နန်းကပ်ချောင်း၌လည်းကောင်း၊ အောက်တိုဘာလ ၈ ရက်နှင့် ၉ ရက်များတွင် အင်းလေးဖောင်တော်ဦးမြတ်စွာဘုရား ရတနာစံကျောင်းတော်ရှေ့ ရေပြင်၌လည်းကောင်း စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**စိုင်းအယ်ဘဲ**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# ၅၀၀ ကေဗွီ ဘုရားကြီးဓာတ်အားခွဲရုံ တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းတိုးတက်မှုအခြေအနေ ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်း ကြည့်ရှုစစ်ဆေး

နေပြည်တော်  စက်တင်ဘာ  ၉

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းသည် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ယနေ့ မွန်းလွဲပိုင်းတွင် ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ်အတွင်း လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ၅၀၀ ကေဗွီ ဘုရားကြီးဓာတ်အားခွဲရုံစီမံကိန်း၏ လုပ်ငန်းတိုးတက်မှုအခြေအနေများ ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ထိုသို့ကြည့်ရှုစဉ် တာဝန်ရှိသူများက စီမံကိန်းဆိုင်ရာအချက်အလက်များ၊ ဓာတ်အားခွဲရုံနှင့် ဆက်စပ်စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှု၊ လုပ်ငန်းဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအမံများကို ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက အရည်အသွေးစံချိန်စံညွှန်းပြည့်မီအောင် အလေးထားဆောင်ရွက်သွားရန်၊ ဓာတ်အားခွဲရုံ စီမံကိန်းအဝင်လမ်းဖောက်လုပ်ရာတွင် အမြန်လမ်းမကြီးနယ်နိမိတ်နှင့် လွတ်ကင်းအောင်ဖောက်လုပ်သွားရန်၊ လုပ်ငန်းခွင်သုံးပစ္စည်းများ စနစ်တကျအသုံးပြုစေရေးနှင့် ကျန်ရှိသည့် လုပ်ငန်းများအား သတ်မှတ်ကာလအတွင်း ပြီးပြတ်စေရေးကြပ်မတ်ဆောင်ရွက်သွားရန်မှာကြားပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။



ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ဓာတ်အားခွဲရုံစီမံကိန်းလုပ်ငန်းခွင်တွင် ပါဝင်ဆောင်ရွက်နေသော ဝန်ကြီးဌာနမှ မျိုးဆက်သစ်အင်ဂျင်နီယာဝန်ထမ်းနှင့် တွေ့ဆုံအမှာစကားပြောကြားပြီး စီမံကိန်းလုပ်ငန်းခွင်အတွင်း Control Building တည်ဆောက်ခြင်းလုပ်ငန်းများဆောင်ရွက်နေမှု၊ Switch Yard အတွင်း ထရန်စဖော်မာများ၊ Shunt Reactor နှင့် Hybrid Gas Insulated Switchgear (HGIS) တပ်ဆင်ပြီးစီးနေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

၅၀၀ ကေဗွီဘုရားကြီးဓာတ်အားခွဲရုံ စီမံကိန်းသည် လက်ရှိအချိန်တွင် စီမံကိန်းတစ်ခုလုံးအနေဖြင့် ၉၁ ရာခိုင်နှုန်းဆောင်ရွက်ပြီးစီးနေပြီဖြစ်ပြီး စီမံကိန်းတစ်ခုလုံး ရာနှုန်းပြည့်ပြီးစီးနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

မြဝတီ

# ငလျင်ဘေးပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ၊ သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးနှင့် ရေစီးရေလာကောင်းမွန်စေရေး နေပြည်တော်ကောင်စီဥက္ကဋ္ဌ ကွင်းဆင်းစစ်ဆေး

နေပြည်တော်  စက်တင်ဘာ  ၉

နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၁) ၌ ငလျင်ကြောင့် ထိခိုက်ပျက်စီးခဲ့မှုများအား ပြန်လည်ပြုပြင်နေမှုကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးက တာဝန်ရှိသူများနှင့်အတူ သွားရောက်ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းများ အပိုင်းလိုက် အမြန်ပြီးစီးအောင်ဆောင်ရွက်ရေး၊ အရည်အသွေးပြည့်မီသည့် ပစ္စည်းများကိုသာ လုပ်ငန်းခွင်တွင်အသုံးပြုရေး၊ အချိန်မီပြီးစီးရေးအတွက် လုပ်သားအင်အားတိုးမြှင့်ဆောင်ရွက်ရေးတို့ကို မှာကြားသည်။

ထို့နောက် ရန်အောင်မြင်ဆည်၌ ငလျင်ကြောင့် ထိခိုက်ပျက်စီးခဲ့သော ပင်မတာမံနှင့် ကုန်းကြောတာမံများ ပြန်လည်ပြုပြင်နေမှု၊ ဆည်ပတ်ဝန်းကျင် မြေယာရှုခင်းများ၊ ပန်းအလှပင်များ ပြုလုပ်ရန် ဆောင်ရွက်နေမှုကိုလည်းကောင်း၊ ရာဇသင်္ဂဟလမ်းမကြီး လမ်းဘေး/ဝဲယာ စိမ်းလန်းစိုပြည်ရေး အတွက် ပန်းအလှပင်များစိုက်ပျိုးထားရှိမှုနှင့် ဆက်လက်စိုက်ပျိုးမည့် မြေနေရာများကို



လည်းကောင်း၊ ဇေယျာသီရိမြို့နယ် သစ်တက်ကျေးရွာ ရန်ကုန်-မန္တလေး ပြည်ထောင်စုလမ်းမကြီးဘေး လမ်းဘေးရေမြောင်းများ ရေစီးရေလာကောင်းမွန်စေရေး၊ လမ်းဘေး/ဝဲယာ အမှိုက်သရိုက်ကင်းစင်ရေးနှင့်သန့်ရှင်းသာယာလှပမှုရှိစေရေး ဆောင်ရွက်ထားရှိမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် နေပြည်တော်ကောင်စီ ဇမ္ဗူသီရိခန်းမ၌ ကျင်းပသည့် နေပြည်တော် လျှပ်စစ်နှင့် စွမ်းအင်ဖွံ့ဖြိုးရေးကော်မရှင် လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့တက်ရောက်သည်။

အစည်းအဝေးတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌက အမှာစကားပြောကြားပြီး တာဝန်ရှိသူများ၏ သက်ဆိုင်ရာကဏ္ဍများအလိုက် ဆွေးနွေးတင်ပြမှုများအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အောင်မျိုးဝင်း(ဥတ္တရ)

# ရွှေ့ပြောင်းသွားလာမှု၊ ဖွံ့ဖြိုးတိုးတက်မှုတို့နှင့် စပ်လျဉ်းသည့် ကမ္ဘာလုံးဆိုင်ရာဖိုရမ်၏ (၁၅) ကြိမ်မြောက် ထိပ်သီးဆွေးနွေးပွဲကျင်းပ

နေပြည်တော်  စက်တင်ဘာ  ၉

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးနိုင်မင်းကျော် ခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ကိုလံဘီယာနိုင်ငံ ရီယိုအာချာမြို့၌ စက်တင်ဘာလ ၂ ရက်မှ ၄ ရက်အထိ ကျင်းပခဲ့သည့် ရွှေ့ပြောင်းသွားလာမှု၊ ဖွံ့ဖြိုးတိုးတက်မှုတို့နှင့်စပ်လျဉ်းသည့် ကမ္ဘာလုံးဆိုင်ရာဖိုရမ်၏ (၁၅) ကြိမ်မြောက် ထိပ်သီးဆွေးနွေးပွဲ (15th Summit of the Global Forum on Migration and Develop- ment) သို့ တက်ရောက်ခဲ့သည်။

ဒုတိယဝန်ကြီး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ဖိုရမ်၏ပထမနေ့ စက်တင်ဘာလ ၂ ရက်တွင် ဖွင့်ပွဲအခမ်းအနားသို့လည်းကောင်း၊ "Striking a New Deal on Pathways: Aligning Priorities for Countries of Destination and Origin" ခေါင်းစဉ်ဖြင့် ကျွမ်းကျင်သူအဆင့်စကားဝိုင်းသို့လည်းကောင်း၊ Durable Solutions to Internal Displacement ခေါင်းစဉ်ဖြင့် ကျွမ်းကျင်သူအဆင့်စကားဝိုင်းသို့လည်းကောင်း တက်ရောက်ခဲ့သည်။

ဆွေးနွေးပွဲဖိုရမ်၏ ဒုတိယနေ့ စက်တင်ဘာလ ၃ ရက်တွင် "Care work in migration, recognition, advocacy and progress on the global and regional migration" ခေါင်းစဉ်ဖြင့် ကျွမ်းကျင်သူအဆင့်စကားဝိုင်းကိုလည်းကောင်း၊ "Restoration of Rights as the Cornerstone for a Dignified Return" ခေါင်းစဉ်ဖြင့် ကျွမ်းကျင်သူအဆင့်စကားဝိုင်းကို လည်းကောင်း တက်ရောက်ခဲ့သည်။ ဖိုရမ်တတိယနေ့ စက်တင်ဘာလ ၃ ရက်တွင် Future of the Forum ကိုလည်းကောင်း၊ ပိတ်ပွဲအခမ်းအနားကိုလည်းကောင်း တက်ရောက်ခဲ့သည်။

အဆိုပါဖိုရမ်၏ ဖွင့်ပွဲအခမ်းအနားသို့ ကိုလံဘီယာသမ္မတ H.E. Mr. Gustavo Petro နှင့် နိုင်ငံခြားရေးဝန်ကြီး Mrs. Rosa Yolanda Villavicencio Mapy တို့က တက်ရောက်၍ အဖွင့်အမှာစကားပြောကြားခဲ့ပြီး နိုင်ငံပေါင်း ၆၉ နိုင်ငံမှ ကိုယ်စားလှယ်များ၊ ကုလသမဂ္ဂ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် လေ့လာသူများ ၇၃ ဖွဲ့၊ စုစုပေါင်းအင်အား ၁၂၀၀ ခန့် တက်ရောက်ခဲ့သည်။



ဆွေးနွေးပွဲအား ရွှေ့ပြောင်းသွားလာမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုတို့နှင့်ပတ်သက်၍ ပွင့်လင်းမြင်သာမှုရှိပြီး အပြုသဘောဆောင်သော မူဝါဒဆွေးနွေးပွဲများကို အစိုးရများနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများအကြား အပြန်အလှန်ဆွေးနွေးဖလှယ်၍ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်သွားရန် ရည်ရွယ်၍ ကျင်းပခြင်းဖြစ်သည်။

ပြင်သစ်နိုင်ငံပါရီမြို့၌ ရပ်နားစဉ် ဒုတိယဝန်ကြီးသည် ပါရီမြို့ရှိ မြန်မာသံရုံးမှ သံရုံးဝန်ထမ်းများနှင့်တွေ့ဆုံကာ လိုအပ်သည်များကို မှာကြားခဲ့ကြောင်းသိရသည်။

မြဝတီ

# ရန်ကုန်တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်ဆိုင်ရာ လုံခြုံရေးညှိနှိုင်းအစည်းအဝေးကျင်းပ

ရန်ကုန်  စက်တင်ဘာ  ၉

ရန်ကုန်တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်ဆိုင်ရာ လုံခြုံရေးညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ပြည့်စုံလင်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီးရွေးကောက်ပွဲကော်မရှင်အဖွဲ့ အဖွဲ့ဝင်များ၊ တိုင်းဒေသကြီးအဆင့်ဌာနဆိုင်ရာများ၊ ခရိုင်နှင့်မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးနှင့် တိုင်းဒေသကြီးရွေးကောက်ပွဲကော်မရှင်အဖွဲ့ အတွင်းရေးမှူးတို့က ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကာလ လုံခြုံရေးဆိုင်ရာလုပ်ငန်းများဆောင်ရွက်ထားရှိမှုကိုရှင်းလင်းတင်ပြကြပြီး တက်ရောက်လာကြသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ကြိုတင်စီမံဆောင်ရွက်ထားရှိမှုနှင့်ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို ဆွေးနွေးတင်ပြကြသည်။

ညနေပိုင်းတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် တိုင်းဒေသကြီးဝန်ကြီးများ၊ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ၊ တာဝန်ရှိသူများနှင့်အတူ ရန်ကုန်မြို့ သုဝဏ္ဏဘောလုံးကွင်း၌ကျင်းပသည့် မြန်မာလက်ရွေးစင် ယူ-၂၃ အမျိုးသားအသင်းနှင့်အာဖဂန်နစ္စတန်လက်ရွေးစင် ယူ-၂၃ အမျိုးသား အသင်းတို့၏ ၂၀၂၆ ယူ-၂၃ အာရှဖလားခြေစစ်ပွဲသို့ တက်ရောက်ကြည့်ရှုအားပေးသည်။

၂၀၂၆ ယူ-၂၃ အာရှဖလားခြေစစ်ပွဲတွင် အာဖဂန်နစ္စတန်လက်ရွေးစင် ယူ-၂၃ အမျိုးသားအသင်းက ၂ ဂိုး ၁ ဂိုးဖြင့် အနိုင်ရရှိသွားကြောင်း သတင်းရရှိသည်။

ဖွဲ့ထက်ကို(ပြန်/ဆက်)

# ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာမဟာမင်းကြီးအား ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ လက်ခံတွေ့ဆုံ



နေပြည်တော် စက်တင်ဘာ ၉

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည်ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာမဟာမင်းကြီး Mr. Filippo Grandi အား ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ်မြန်မာနိုင်ငံ၌ UNHCR က လက်ရှိဆောင်ရွက်လျက်ရှိသည့်လုပ်ငန်းများနှင့်စပ်လျဉ်း၍လည်းကောင်း၊ မြန်မာနိုင်ငံနှင့် UNHCR အကြား ဆက်လက်ပူးပေါင်းဆောင်ရွက်နိုင်မည့်နည်းလမ်းများနှင့်စပ်လျဉ်း၍လည်းကောင်း ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ UNHCR ၏ အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာဗျူရိုရုံးမှ ညွှန်ကြားရေးမှူး Ms. Hai Kyung Jun ၊ UNHCR ၏ မြန်မာနိုင်ငံဆိုင်ရာ ကိုယ်စားလှယ် Ms. Noriko Takagi နှင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

မြဝတီ


မြန်မာနိုင်ငံကြက်ခြေနီအသင်း
Myanmar Red Cross Society

ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့
World First Aid Day

၂၀၂၅ခုနှစ်၊ စက်တင်ဘာလ(၁၃)ရက်။

"ဥတုဖောက်ပြန် သဘာဝဘေးရန် ရှေးဦးပြုစုခြင်းဖြင့် တို့တုံ့ပြန်"
First Aid and Climate Change


# (၅၃)ကြိမ်မြောက် အာရှဗဟိုဘဏ်များ ငွေစာရင်းရှင်းလင်းရေးအဖွဲ့(အေစီယူ)ဒါရိုက်တာအဖွဲ့ အစည်းအဝေးသို့ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ Video Conferencing ဖြင့်တက်ရောက်

နေပြည်တော် စက်တင်ဘာ ၉

မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေ ဦးဆောင်သည့်အဖွဲ့သည် ယနေ့ မွန်းတည့် ၁၂ နာရီတွင် အိမ်ရှင်နိုင်ငံဖြစ်သည့် အီရန်နိုင်ငံမှ Online ဖြင့် ကျင်းပသည့် (၅၃)ကြိမ်မြောက် အာရှဗဟိုဘဏ်များ ငွေစာရင်းရှင်းလင်းရေးအဖွဲ့ (အေစီယူ) ဒါရိုက်တာအဖွဲ့အစည်းအဝေးသို့ Video Conferencing ဖြင့်တက်ရောက်သည်။





အဆိုပါအစည်းအဝေးတွင် အေစီယူအဖွဲ့ဝင်နိုင်ငံများဖြစ်သည့် ဘင်္ဂလားဒေ့ရှ်၊ ဘူတန်၊ အိန္ဒိယ၊ အီရန်၊ မြန်မာ၊ နီပေါ၊ ပါကစ္စတန်၊ သီရိလင်္ကာ၊ မော်လဒိုက်နှင့် ဘယ်လာရုစ်နိုင်ငံများမှဗဟိုဘဏ်ဥက္ကဋ္ဌများ၊ ဒုတိယဥက္ကဋ္ဌများ၊ Executive Director များနှင့် Observers များအဖြစ် ရုရှားနိုင်ငံဗဟိုဘဏ်နှင့် အာဖဂန်နစ္စတန်နိုင်ငံဗဟိုဘဏ်တို့ တက်ရောက်ကြသည်။

အစည်းအဝေး၌ အဖွဲ့ဝင်နိုင်ငံများ၏ ဗဟိုဘဏ်ဥက္ကဋ္ဌများက ဂုဏ်ပြုပြောကြားသည့် အေစီယူ နှစ်(၅၀)ပြည့်အထိမ်းအမှတ် Video Clip အား ပြသပြီး ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွင်း အေစီယူအဖွဲ့ဝင်နိုင်ငံများ၏ မေခရိုစီးပွားရေးဆိုင်ရာကိစ္စရပ်များ၊ အဖွဲ့ဝင်နိုင်ငံများ၏ငွေပေးချေမှုစနစ်များ တိုးတက်ဆောင်ရွက်နေမှုများ၊ အေစီယူအဖွဲ့ ပိုမိုအားကောင်းခိုင်မာလာရေး၊ အေစီယူအဖွဲ့ဝင်နိုင်ငံများအကြား ကုန်သွယ်မှုတွင် အေစီယူ ဒေါ်လာ၊ အေစီယူ ယူရို၊ အေစီယူ ယန်းတို့အပြင် အိန္ဒိယရူပီးအပါအဝင် အဖွဲ့ဝင်နိုင်ငံများ၏ ငွေကြေးများအသုံးပြု၍ ငွေပေးချေမှုကို အကောင်အထည်ဖော်ဆောင်ရွက်ရေး၊ အေစီယူငွေပေးချေမှုဆိုင်ရာလုပ်ငန်းစဉ်နှင့် စည်းမျဉ်းများတွင် ပြင်ဆင်ရေးကိစ္စရပ်များ၊ အေစီယူငွေပေးချေမှုဆိုင်ရာ သတင်းအချက်အလက်ပေးပို့သည့်စနစ် အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှုအခြေအနေနှင့် ယင်းစနစ်တွင် အေစီယူငွေပေးချေမှုဆိုင်ရာ သတ်မှတ်ခွင့်ပြုထားသည့်ဘဏ် (ACU Designated Bank) များ ပါဝင်ချိတ်ဆက်နိုင်ရေးအတွက် ဆက်လက်ဆောင်ရွက်မည့်ကိစ္စရပ်များ၊ အေစီယူအဖွဲ့ဝင်နိုင်ငံများအကြား ငွေပေးချေမှုစနစ်အချင်းချင်း ချိတ်ဆက်ပေါင်းစည်းရေးဆိုင်ရာကိစ္စရပ်များ၊ အေစီယူဗဟိုဘဏ် ဒစ်ဂျစ်တယ်ငွေကြေးအကောင်အထည်ဖော်ရေးဆိုင်ရာကိစ္စရပ်များ၊ ငွေပေးချေမှုဆိုင်ရာ ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲမှုဆိုင်ရာကိစ္စရပ်များ၊ အေစီယူအဖွဲ့ဝင် ဗဟိုဘဏ်များ၏ အရာထမ်းများအား စွမ်းရည်မြှင့်တင်ရေးသင်တန်းများ ဆောင်ရွက်ပေးရေးကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

မြဝတီ

# အာရှ-အာဖရိက ဥပဒေအတိုင်ပင်ခံအဖွဲ့၏ (၆၃)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးကျင်းပ

နေပြည်တော် စက်တင်ဘာ ၉

ယူဂန်ဒါနိုင်ငံ ရှေ့နေချုပ် Mr. Kiryowa Kiwanuka ၏ ဖိတ်ကြားချက်အရ ယူဂန်ဒါနိုင်ငံ ကမ်ပါလာမြို့၌ စက်တင်ဘာလ ၇ ရက်မှ ၁၂ ရက်အထိ ကျင်းပလျက်ရှိသည့် အာရှ-အာဖရိက ဥပဒေအတိုင်ပင်ခံအဖွဲ့ (Asian-African Legal Consultative Organization-AALCO) ၏ (၆၃)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးသို့ ဥပဒေရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် ဒုတိယရှေ့နေချုပ် ဒေါက်တာထိန်လင်းဦး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ ပါဝင်တက်ရောက်လျက်ရှိသည်။

နှစ်ပတ်လည် အစည်းအဝေးဖွင့်ပွဲတွင် အာရှ-အာဖရိက ဥပဒေအတိုင်ပင်ခံအဖွဲ့ (AALCO) ၏ အထွေထွေအတွင်းရေးမှူးချုပ် H.E. Dr. Kamalinne Pinitpubadol၊ ယူဂန်ဒါနိုင်ငံလွှတ်တော်နာယက Ms. Anita Annet Among၊ ယူဂန်ဒါနိုင်ငံ တရားရေးဝန်ကြီး Mr. Norbert Mao နှင့် ယူဂန်ဒါနိုင်ငံရှေ့နေချုပ် Mr. Kiryowa Kiwanuka တို့က အဖွင့်အမှာစကား ပြောကြားကြသည်။

ထို့နောက် အာရှ-အာဖရိက ဥပဒေအတိုင်ပင်ခံအဖွဲ့(AALCO)၏ အထွေထွေအတွင်းရေးမှူးချုပ်ရုံးက တင်သွင်းသော ၂၀၂၆ ခုနှစ်အတွက် ဘတ်ဂျက်စာရင်းကို အတည်ပြုခြင်း၊ အစည်းအဝေးဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌ ရွေးချယ်ခြင်း၊ အထွေထွေအတွင်းရေးမှူးချုပ်အား ပြန်လည်ခန့်အပ်ခြင်း၊ အာရှ-အာဖရိက ဥပဒေအတိုင်ပင်ခံအဖွဲ့(AALCO)၏ နှစ်ပတ်လည်အစီရင်ခံစာနှင့် အပြည်ပြည်ဆိုင်ရာ ဥပဒေဂျာနယ်ထုတ်ဝေခြင်းတို့ကို အဖွဲ့ဝင်နိုင်ငံများက အတည်ပြုဆောင်ရွက်ကြသည်။

နှစ်ပတ်လည်အစည်းအဝေးတွင် ဒုတိယဝန်ကြီးနှင့် ဒုတိယရှေ့နေချုပ် ဒေါက်တာထိန်လင်းဦးက မြန်မာနိုင်ငံသည် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာကုလသမဂ္ဂကွန်ဗင်းရှင်း (United Nations Convention against Corruption - UNCAC)ကို လက်မှတ်ရေးထိုးပြီး ပြည်တွင်းဥပဒေမူဘောင်၊ စည်းမျဉ်းစည်းကမ်းများချမှတ်၍ အကောင်အထည်ဖော်လျက်ရှိကြောင်း၊ အာကာသပိုင်နက်နှင့်စပ်လျဉ်း၍ အာကာသသည် လူသားတိုင်းနှင့်သက်ဆိုင်ပြီး နိုင်ငံများ၏ သိပ္ပံနှင့်နည်းပညာ ဖွံ့ဖြိုးမှုအဆင့်အပေါ် မသတ်မှတ်ဘဲ လူသားအားလုံးတန်းတူညီမျှ ရရှိပိုင်ဆိုင်ခွင့်ရှိစေရမည်ဟူသော မူဝါဒကို မြန်မာနိုင်ငံမှ လက်ခံကျင့်သုံးလျက်ရှိကြောင်း။



အာကာသ အသုံးပြုခြင်းကို တန်းတူညီမျှမှုဖြစ်စေရေးအတွက် နည်းပညာများမျှဝေခြင်း၊ ငွေကြေးထောက်ပံ့ခြင်း၊ လူ့စွမ်းအား အရင်းအမြစ်များတိုးတက်လာအောင် လေ့ကျင့်သင်ကြားပေးခြင်းတို့ကို နိုင်ငံများက ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ ယနေ့ကာလတွင် ဆိုက်ဘာမှုခင်းများ၏ အန္တရာယ်ကို နိုင်ငံတိုင်းက ရင်ဆိုင်ရလျက်ရှိကြောင်း၊ မြန်မာနိုင်ငံတွင် ဆိုက်ဘာလုံခြုံရေးဥပဒေအား ၂၀၂၅ ခုနှစ် ဇန်နဝါရီလ ၁ ရက်တွင် ပြဋ္ဌာန်းခဲ့ပြီး ၂၀၂၅ ခုနှစ် ဇူလိုင်လ ၃၀ ရက်တွင် အာဏာတည်၍ ဆိုက်ဘာလုံခြုံရေးနှင့် အင်တာနက် အသုံးပြုခြင်းကိစ္စများတွင် တရားမဝင်ဆောင်ရွက်ချက်များအပေါ် ဖော်ထုတ်အရေးယူရန် ဆောင်ရွက်ထားကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် အာရှ-အာဖရိက ဥပဒေအတိုင်ပင်ခံအဖွဲ့ (AALCO) တွင် စဉ်ဆက်မပြတ်တက်ကြွစွာပါဝင်ခဲ့ပြီး ဆက်လက်၍ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

ထို့ပြင် နှစ်ပတ်လည်အစည်းအဝေးတွင် ဒုတိယဝန်ကြီးနှင့် ဒုတိယရှေ့နေချုပ် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့က အပြည်ပြည်ဆိုင်ရာဥပဒေကော်မရှင် (International Law Commission-ILC) မှ ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းစဉ်များ၊ ပင်လယ်ပြင်ဆိုင်ရာဥပဒေ၊ အပြည်ပြည်ဆိုင်ရာ လူသားချင်းစာနာထောက်ထားမှုဥပဒေ၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးတို့ကို အဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များနှင့်အတူ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

မြဝတီ

MYAWADY IN ENGLISH

www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

## Straw mushroom marketable in Kyonpyaw Township



KYONPYAW September 9

"Trading of straw mushroom is booming in Kyonpyaw Township of Ayeyawady Region," said Daw Ni Ni Win, the owner of green grocery trading commodity in Kyonpyaw Township.

In Kyonpyaw Township, it is reported that local cultivation and trade of straw mushrooms has been going well since the second week of July this year. These straw mushrooms are currently being traded at daily volumes ranging from 1,500 viss to 2,500 viss.

"The type of mushrooms being traded now are mostly grown using paper waste and rice straw. It's the time when mushrooms grown by farmers are starting to sprout. As the mushrooms are now producing and the market is good, both the farmers and farm workers are benefiting. The good price this year is partly due to fewer growers compared to last year and also because the demand is coming not only from local markets but also from the Yangon market," said Daw Ni Ni Win.

In Kyonpyaw Township, farmers cultivate straw mushrooms alongside their paddy farming, and some also grow seasonal crops. Each farmer is growing mushrooms on areas ranging from one to five acres, and the market price has reached up to Ks-21,500 per viss.

**SMK**

## More than 2,000 acres of rainfed paddy planted in Kalewa Township

KALEWA September 9

Local farmers have so far planted more than 2,000 acres of rainfed paddy in Kalewa Township of Sagaing Region during this monsoon, the statistics of Kalewa Township Agriculture Department indicated.

In the 2025-2026 monsoon crop cultivation season, local authorities earmarked cultivation of 18,635 acres of rainfed paddy in the township but local farmers grew 2,762 acres of crops against the target cultivation.

U Myo Naing, Head of Kalewa Township Agriculture Department stated: "Local authorities set a plan to grow more than 18,000 acres of rainfed paddy in the township this year but farmers have so far planted more than 2,000 acres of crops against the target cultivation. Our department helps local farmers meet the target cultivation. Moreover, we provided them with necessary agricultural techniques and quality seeds to grow rainfed paddy in time."

This year, officials of the township Agriculture Department cooperate with local farmers in growing rainfed paddy without any difficulties.

Officials of the department provide agricultural techniques and raise farmer awareness to prevention of pests, minimize loss and waste of crops and keep the harvested crops under shelter in time.

**SK**

## Farmers plant more than 3,000 acres of maize and sweet corns in Katha District



KATHA September 9

Local farmers have planted more than 3,000 acres of maize and sweet corns in Katha District of Sagaing Region, according to the district agriculture department.

In 2025-2026 monsoon crop cultivation season, Katha District authorities earmarked cultivation of 3,131 acres of maize and 2,550 acres of sweet corns. So far, local farmers have planted 823 acres of maize and 2,530 acres of sweet corns, totalling 3,353 acres.

"This year, Katha District has planned to cultivate over 5,000 acres of maize and sweet corn. So far, more than 3,000 acres have already been planted. We are working toward achieving the targeted acreage. To ensure successful maize and corn cultivation, we are raising awareness and providing education to prevent pest and disease outbreaks," said Daw Khin Myat Myat Oo, Head of the Katha District Department of Agriculture.

This year, Katha Township grew 698 acres of maize and 908 acres of sweet corn, Indaw Township 955 acres of sweet corn, Htigyaing Township 125 acres of maize and 210 acres of sweet corn, and Banmauk Township 457 acres of sweet corn, totalling 3,353 acres.

Moreover, Katha Township earmarked cultivation of 2,942 acres of maize and 1,725 acres of sweet corn, Indaw Township 61 acres of maize and 500 acres of sweet corn, Htigyaing Township 128 acres of maize and 125 acres of sweet corn, and Banmauk Township 200 acres of sweet corn, totalling 5,618 acres.

This year, farmers cultivating maize and sweet corn in Katha District are receiving training, field demonstrations, and guidance from the township agricultural departments. These include preventative measures against the fall armyworm, integrated pest management techniques using neem-based pesticides, and the use of natural remedies such as ginger and chili against pests, along with general agricultural education.

In Katha District, Maize yields over 50 baskets per acre, with a cultivation cost of approximately Ks-500,000 per acre. Sweet corn yields around 15,000 cobs per acre, with cultivation costs exceeding Ks-500,000 per acre.

**SMK**

## Farmers cultivate more than 30,000 acres of pigeon pea in Budalin Township

BUDALIN September 9

According to the agricultural data of the Budalin Township Agriculture Department of Sagaing Region, local farmers planted 30,490 acres of pigeon pea as monsoon crops in Budalin Township this year.

In the 2025-2026 monsoon crop season, it is estimated that 34,500 acres of pigeon pea will be cultivated in Budalin Township. Starting from this May, cultivation has begun, and as of today, 30,490 acres have already been planted.

"The target for pigeon pea cultivation in Budalin Township this monsoon season is over 34,000 acres. So far, more than 30,400 acres have been cultivated. Efforts are being made to meet the target acreage, and we are also working to ensure good yield outcomes. Pigeon peas are grown both as a sole crop and as an intercrop," said U Phyo Wai, Head of the Budalin Township Department of Agriculture.

This year, the Budalin Township Department of Agriculture is providing field-based technical assistance to farmers cultivating pigeon peas. This includes guidance on selecting quality and pure seeds, proper cultivation methods, pest and disease prevention, and achieving good yields.

Officials of the Township Agriculture Department demonstrated the making process of natural fertilizers and pesticides in order to cut agricultural cost of farmers.

**SK**

# Plan to launch distribution of paddy husk ash fertilizer to local farmers in Yangon Region

YANGON September 9

"A project is being implemented to distribute the fertilizer made of ash from paddy husk to local farmers in Yangon Region," said deputy director Dr Kay Thwe Khaing from the Department of Research and Innovation under the Ministry of Science and Technology.

The paddy husk ash fertilizer will be combined with urea fertilizer. Such a kind of fertilizer is manufactured systematically in line with the FAO guideline and it will be distributed to paddy farmers from Yangon Region.

"The Yangon Region Government and the department will cooperate with each other in producing the paddy husk ash fertilizer. The department takes responsibilities of production technology. After conducting the tests for the fertilizer on the ground, it is produced under the FAO guideline. Such fertilizer must be used as one to three tons per acre of crops. Sample of paddy husk ash were taken from Thilawa industrial zone combined with urea fertilizer. According to the tests and research, the increased yield of paddy using that fertilizer can reach 8.4 baskets of paddy per acre," she disclosed.

Such kind of fertilizer has been used in paddy and pulses and beans plots on test. It needs to use three tons of such fertilizer per acre of paddy, one ton per bean and two tons per sunflower in four batches.

Such fertilizer will be distributed to Thanlyin, Kyauktan, Thongwa, Kayan, Twantay, Kungyangon, Kawhmu, Hlegu, Taikkyi and Hmawby townships which mainly cultivate paddy, pulses and beans and vegetables.

**SMK**

# Kyaiklat Township dispatches Manaw Thukha rice to Yangon market

KYAIKLAT September 9

"Local entrepreneurs from Kyaiklat Township of Ayeyawady Region sold 73,000 bags of Manaw Thukha rice containing 24 pyis each to Yangon market," said Daw Ei Ei Moe, the owner of rice and paddy trading commodity in Kyaiklat Township.

Up to 73,000 bags of Manaw Thukha rice (24-pyi type) were shipped and sold to the Yangon market. It is reported that this type of rice falls under the category of rough rice.

"The rice being transported from here to the Yangon market is of good quality. That's why shipments have been continuous. Among the rice varieties shipped from here, Manaw Thukha rice was in high demand from the Yangon side, resulting in a larger volume being sent and sold in the Yangon market over the past month. The rice bags are mainly delivered by road," said Daw Ei Ei Moe.

It is also reported that the 24-pyi bags of Manaw Thukha rice shipped from Kyaiklat to the Yangon market were priced as high as Ks-92,500 per bag. Due to the strong sales of this rice, farmers, traders, loading and unloading workers, and transport vehicle rental operators have been gaining employment and livelihood opportunities.

**SMK**



# Yinmabin District expands sown acreage of monsoon sesame this year



YINMABIN September 9

According to data of Yinmabin District Agriculture Department, local farmers could expand sown acreage of sesame as monsoon crops exceeding the target cultivation in Yinmabin District of Sagaing Region this year.

During the 2025-2026 monsoon cropping season, a total of 180,662 acres of monsoon sesame cultivation is projected in Yinmabin District. Planting began in May this year, and as of today, 188,438 acres have already been cultivated, exceeding the initial target.

Daw Myat Moe Win, Head of the Yinmabin District Agriculture Department, stated, "This year, the district targeted 180,662 acres of monsoon sesame, and so far, 188,438 acres have already been cultivated. We expect to exceed the projected acreage. Efforts are being made to expand the cultivated area, improve yield, and encourage farming practices that follow GAP (Good Agricultural Practices) guidelines."

In terms of township-level progress this year, Yinmabin Township has completed cultivation of 50,648 acres, Kani Township 39,150 acres, Salingyi Township 18,580 acres, and Pale Township leads with 80,060 acres, making a district-wide total of 188,438 acres cultivated.

For the 2025-2026 monsoon season, Yinmabin Township authorities earmarked cultivation of 51,860 acres of sesame, Kani Township 39,150 acres, Salingyi Township 18,560 acres, and Pale Township 71,092 acres, totalling 180,662 acres.

To support farmers in Yinmabin District, respective township agriculture offices have been providing awareness and training programs on expanding sesame cultivation, proper farming techniques, GAP-based practices, using quality seeds, and increasing crop productivity.

Crops grown under GAP guidelines are known to be of higher quality compared to those produced using conventional methods. They also command better prices and offer access to both domestic and international markets. As a result, farmers practicing GAP-based cultivation are expected to benefit from increased income and improved socio-economic conditions.

**SK**

# Shwebo Township finishes harvest of all summer paddy plantations

SHWEBO September 9

According to the statistics of Shwebo Township Agriculture Department, local farmers have harvested all sown acreage of summer paddy in Shwebo Township of Sagaing Region this year.

In Shwebo Township, a total of 64,910 acres of summer paddy were cultivated during this year's summer crop season. Harvesting began in May and, as of today, all cultivated acres have been fully harvested, with an average yield of 87.54 baskets per acre, according to reports.

"This year, Shwebo Township cultivated up to 64,910 acres of summer paddy during the summer crop season. All of the cultivated fields have now been 100 per cent harvested. The actual cultivation area exceeded the initial target. Farmers were provided with agricultural techniques, pest and disease prevention awareness, guidance to avoid crop loss, and advice to ensure timely and protected post-harvest storage of the paddy," said U Hsan Oo, Head of the Department of Agriculture for Shwebo Township.

To improve per-acre yields and achieve target production, farmers were supported with quality seed varieties, the distribution of agricultural pamphlets, farmer training sessions, awareness discussions, and timely access to necessary inputs.

Large-scale farmers have also been encouraged to coordinate with the Department of Agriculture and prepare in advance by following official guidelines for crop pest and disease prevention, implementing soil nutrient enrichment programs, and securing quality seeds in advance. These measures aim to ensure the timely cultivation of summer paddy and other crops following the harvest of monsoon paddy and monsoon-season crops.

**SK**

# Israel conducts strike on 'Hamas leadership' in Qatar

JERUSALEM September 9

Israel has conducted a "precise strike" against the "senior leadership of Hamas," the Israel Defence Forces (IDF) announced on Tuesday, shortly after multiple blasts rocked the headquarters of the Palestinian militant group in Doha, Qatar.

The Israeli military said it carried out the operation in coordination with the Shin Bet security agency (ISA). The IDF did not name the exact location targeted in the strike.

"The IDF and ISA conducted a precise strike targeting the senior leadership of the Hamas terrorist organization," the IDF said in a statement. "Prior to the strike, measures were taken in order to mitigate harm to civilians, including the use of precise munitions and additional intelligence."

The announcement came after at least ten blasts reportedly rocked the Hamas headquarters in Doha. Footage circulating online shows the building was badly damaged. According to multiple media reports citing Hamas sources, the strike targeted the group's negotiating team, which has been discussing the latest US proposal on the cessation of the hostilities with Israel.

Qatar has condemned the "cowardly Israeli attack," describing the location affected by the strike as "residential buildings housing several members of the political bureau of the Hamas movement."

It is not immediately clear whether the attack reached its intended target, conflicting media reports citing sources within the group indicate. While some suggest that several high-profile Hamas figures were killed in the attack, others claim that the group's leadership escaped the strike unharmed. Israeli Prime Minister Benjamin Netanyahu's office insisted that the attack on Hamas in Qatar was a unilateral action and no other countries were involved in the operation.



"Today's action against the top terrorist chieftains of Hamas was a wholly independent Israeli operation. Israel initiated it, Israel conducted it, and Israel takes full responsibility," it said in a statement.

UN Secretary-General Antonio Guterres condemned the Israeli attack as a "flagrant violation of the sovereignty and territorial integrity of Qatar."

"All parties must work towards achieving a permanent ceasefire, not destroying it," he told reporters.

**RT**

# Five killed, 3 injured as landslide hits India's Himachal Pradesh

NEW DELHI September 9

At least five people were killed and three others injured Tuesday after a massive landslide hit India's northern state of Himachal Pradesh, officials said.

The landslide struck Sharmani village of Kullu district, about 210 km northeast of Shimla, the capital city of Himachal Pradesh.

"The tragedy occurred while the residents were asleep, thus leaving no time for immediate evacuation," a local government official said.

The deceased include two women and two small children.



"The three rescued in injured condition have been hospitalized," the official said.

The ongoing monsoon season in Himachal Pradesh has triggered widespread landslides, flash floods and cloudbursts, claiming hundreds of lives and wreaking havoc.

A report released by Himachal Pradesh State Emergency Operations Center on Tuesday said at least 378 people were killed and 40 others reported missing, besides 437 injured in the monsoon rains between June 20 and September 9.

**Xinhua**

# Direct flight from Wuhan to Moscow resumes amid new visa-free policy

WUHAN September 9

The direct flight from Wuhan, capital of central China's Hubei Province, to Moscow, capital of Russia, resumed on Tuesday, boosting bilateral exchanges between the two countries.

China Southern Airlines flight CZ8003 departed from Wuhan at around 3:00 p.m. on Tuesday local time with 271 passengers on board. The route is scheduled to operate by Airbus A350-900 aircraft twice weekly on Sundays and Tuesdays from Wuhan to Moscow.

The outbound flight from Wuhan takes off at 3:10 p.m. Beijing time and arrives in Moscow at 7:15 p.m. local time. The return flight departs from Moscow at 9:15 p.m. local time and lands in Wuhan at 10:30 a.m. Beijing time the next day.

The route was first launched in July 2014; however, it was suspended later due to the COVID-19 pandemic.

The resumption has been well received, with the presale rate at around 80 percent on the round-trip flights so far this month, according to Wang Gang with the airline's Hubei branch.

The move came after China announced a visa-free policy for Russian ordinary passport holders from Sept. 15 this year to Sept. 14, 2026. Russia has said it will reciprocate the measure.

China's visa-free policy for Russian citizens makes exchanges between the two countries more convenient, she added.

**Xinhua**

# Russia strongly condemns Western attempts to oust Republika Srpska President Dodik - Lavrov

MOSCOW September 9

Russian Foreign Minister Sergey Lavrov stated that Russia strongly condemns attempts by the West to remove Milorad Dodik, President of Republika Srpska in Bosnia and Herzegovina, from power.

"We strongly condemn attempts to remove Serbian leaders disliked by the West from power through fabricated criminal cases. In particular, our interlocutor today, our friend, the legally elected, legitimate President of Republika Srpska, Milorad Dodik," the Russian Foreign Minister said at a press conference on Tuesday.

Sergey Lavrov said he considers the upcoming October 25 referendum on confidence in Republika Srpska President Milorad Dodik to be an honest initiative.

"I want to mention the referendum that Republika Srpska, under President Dodik, is planning for October 25, asking citizens whether they support the republic's leadership or not. I consider this an honest step," Lavrov said.

Lavrov added that Russia will raise the issue of Bosnia and Herzegovina during its October chairmanship of the UN Security Council.

"As a permanent member of the UN Security Council and one of the guarantors of the Dayton Accords, Russia will continue efforts to support this key document and the forces that defend the preservation and unconditional respect of Dayton principles in practice. We will pay special attention to this topic in October, when Russia will chair the Security Council, and the next meeting on Bosnia and Herzegovina is scheduled for October 31," Lavrov said following talks with Republika Srpska President Milorad Dodik.

The foreign minister emphasized that Russia will carefully prepare for the upcoming meeting. "Our colleagues will have to answer uncomfortable but entirely legitimate questions," he said.

Lavrov also noted that "the West does not like referendums; Kosovo's independence was declared without any referendum at all."

**Sputnik**

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# 10 Common Residential Uses of Solar Power in Your Homes

Solar power has transformed households across India over time. These solar power panels have brought in a ton of new utilities that have embedded the usage of renewable energy to a point where dependency and acceptance of solar-powered devices are at their highest. There have been several positions of advantage that have increased the uses of solar power applications, not just in lighting but across different devices and daily use cases. Read on to learn more about the uses of solar energy at home.



**Top 10 uses of solar panels in homes:**

Here are 10 uses of solar energy in homes that serve as an alternative, renewable, and green source of energy:

**An alternate source of electricity:**

The biggest and most popular use case of solar power is as an alternative source of domestic electricity. Many home-based appliances and lighting can be powered with solar heat energy transformed into electricity. This, in turn, reduces regular coal-based electricity consumption and, therefore, reduces the monthly bills. Additionally, as a popular form of clean and green energy, solar power contributes 0 percent of pollutants or any other harmful emissions.

**Solar water heaters:**

An interesting use case of solar energy is with solar water heaters. These are available in two different types, each involving the application of solar energy to heat the water.

These two types of solar water heaters are as follows:

- **Direct/active water heater:** These are typically pump-based water heaters that run through solar power. The heating takes place as a direct result of the pumps working to boil the water.
- **Indirect/passive water heater:** The passive water heater works with a different principle. Instead of using pumps to heat up, the solar water collectors directly boil cold water and transfer heat before the water is received via facet.

**Solar cooker:**

Solar cooking is a way to use direct sunlight in panels that convert into heat energy and allow the cooking of almost all food dishes. Whether it is a pot, frying pan, or any other utensils, cooking is easy with solar cookers without any application of LPG-based gas stoves.

**Solar ventilation fan:**

Solar exhaust or solar ventilation fans are among the most popular and cost-effective types of exhaust fans that are installed in households. One of the striking features of using a solar ventilation fan concerns the low and comparatively affordable installation costs. Once done, the overall cost of maintaining a solar exhaust fan is at par or sometimes even cheaper than installing conventional electricity-based exhaust fans. Structure-wise, it is similar to a conventional metal-based ventilation fan, but the utility completely depends on the amount of solar energy generated.

**Portable solar fan:**

As the summer heats up and the mercury scorches up the weather conditions, there is one great way to make the most use of solar energy fans. Much like a regular pedestal fan or even a ceiling fan, a portable solar fan is highly efficient in terms of performance. The Solar fan needs to be placed in such a place where sunlight is imminent and the device gathers enough sun radiation to convert it into a productive energy resource. Solar-powered fans are seeing an excellent boom in terms of fanfare, and many Indian houses are switching to its usage.

**Charging EV batteries:**

One of the biggest breakout facts of solar powered systems is the ability to generate energies that would charge up EVs to a great level. Although the technology related to EV charging with purely solar power is in its nascent stages, the future looks bright for a time when 100 percent charging using solar power would be imminent. For now, it is more than possible to charge a vehicle using solar panels and use it for regular commutes within the city range. Another astounding fact about solar-based charging is the option of bidirectional charging techniques, which would allow it to send excess power back to the grid without dissipating. The technology is getting ready for the future of EVs as a whole.

**Solar cells for lighting homes:**

For people intending to beautify their homes with lights and decors, home beautification using solar lights and lamps is the best bet. This is particularly useful for decorating while hosting house parties and get-togethers. There are a ton of new and interesting varieties of solar lighting options that can dazzle your house with the cost of no regular electricity but are completely powered with green solar energy.

**Solar chimney:**

Solar energy is so convenient that it can be used both for heating and cooling at room temperature with the help of solar chimneys. A solar chimney uses direct sunlight and air to compress heat energy in different forms and works wonders to keep the interiors warm and comfortable. In comparison to conventional chimneys, a solar chimney is far more economical and reduces the overall cost of plumbing and setting up.

**Solar-enhanced home security device:**

The uses of solar power in homes exceed all expectations in several segments. One of the more recent yet increasingly popular solar energy applications is energy as a form of home security device. Also, people have reported the battery shelf life of a CCTV based on solar energy has done exceedingly well with the performance and lasts for a considerable amount of time. Some solar-powered cameras claim to last for a few months before they are recharged once again.

**Solar dryer:**

Solar dryers are arguably one of the fastest-growing alternatives to conventional fruit dryers. Not only do solar-powered dryers have the advantage of drying out the moisture from fruits and vegetables, but they also assure an ample amount of sunlight-based drying that doesn't combine any artificial or chemical stuff. For farmers, solar-based dryers assist in getting a superior quality yield and allow them to increase production as a result.

FE

# အသုံးများတဲ့ဝမ်းပျော့ဆေးတစ်မျိုးက ကျောက်ကပ်ပျက်စီးမှုကို နှေးကွေးစေနိုင်



နာတာရှည်ကျောက်ကပ်ပျက်စီးမှုရောဂါ(CKD)ဆိုတာ ကမ္ဘာ့တစ်ဝန်းမှာဖြစ်များပြီး ဆေးပညာအရလည်း တော်တော်လေးရှုပ်ထွေးတဲ့အခြေအနေဖြစ်ပါတယ်။ တချို့သူတွေဆိုရင် ကျောက်ကပ်ပျက်စီးသွားပြီဆိုတာနဲ့ အသက်ဆက်ရှင်နိုင်စေဖို့အရေး ငွေကြေးများစွာအကုန်အကျခံပြီး အသက်ဆက်နေရတတ်ပါတယ်။ CKD ရောဂါက ကမ္ဘာ့တစ်ဝန်းမှာဖြစ်ပွားနေတဲ့ရောဂါဖြစ်ပေမယ့်လည်း စိတ်မကောင်းစရာတစ်ခုက ကျောက်ကပ်လုပ်ဆောင်ချက်ကို တိုက်ရိုက်ကောင်းမွန်စေနိုင်တဲ့ ဆေးဝါးတွေကိုမတွေ့ရှိခဲ့ရပါဘူး။

အခုတော့ တိုဟိုကုတက္ကသိုလ်မှ ဆေးကျောင်းမှ ပါမောက္ခတာကာဘာကီ အာဘေးဦးဆောင်တဲ့သုတေသနပညာရှင်များက အံ့အားသင့်ဖွယ်ကောင်းတဲ့ ဖြစ်နိုင်ခြေတစ်ခုကို ရှာဖွေတွေ့ရှိလိုက်ပါတယ်။ သူတို့ကသာမန်အားဖြင့် အသုံးပြုလေ့ရှိတဲ့ ဝမ်းပျော့ဆေးတစ်မျိုးနဲ့ စမ်းသပ်လိုက်တာပါ။

အဲဒီစမ်းသပ်မှုအရ လူဘီပရိုစတုန်းဆိုတဲ့ဆေးဝါးက CKD ရောဂါခံစားနေရတဲ့ လူနာတွေမှာ ကျောက်ကပ်ရဲ့လုပ်ဆောင်ချက်ကျဆင်းခြင်းကို နှေးကွေးစေဖို့ကူညီပေးပါတယ်။ ဘာကြောင့်လဲဆိုရင် လူဘီပရိုစတုန်းက စပါမီဒင်းထုတ်လုပ်မှုကို ပိုမိုတိုးမြှင့်ပေးပါတယ်။ အဲဒီစပါမီဒင်းတွေက မိုင်တိုခွန်ဒရီယာလုပ်ဆောင်ချက်ကို မြှင့်တင်ပေးတာဖြစ်ပါတယ်။

Ref: STD

ကိုထက်

# မိုက်ခရိုပလတ်စတစ်ချိန်ကိုက်ဗုံးဖြစ်လာတဲ့ ကိုဗစ်ကာလနှာခေါင်းစည်းများ



ကိုဗစ်ကာလအတွင်း ဘီလီယံနဲ့ချီတဲ့ ကမ္ဘာ့လူဦးရေများက ရောဂါကူးစက်မှုမှ ကာကွယ်ရေးအတွက် နှာခေါင်းစည်းအခုရေဘီလီယံပေါင်းများစွာကို အသုံးပြုခဲ့ရပါတယ်။ အဲဒီအချိန်တုန်းက မဖြစ်မနေအသုံးပြုခဲ့ရတဲ့ နှာခေါင်းစည်းများက အခုဆိုရင် သဘာဝပတ်ဝန်းကျင်အတွက် ချိန်ကိုက်ဗုံးဖြစ်လာပါပြီ။

ကိုဗစ်ကာလမှာအသုံးပြုခဲ့တဲ့ နှာခေါင်းစည်းများက မြေပြင်နဲ့ရေပြင်မှာတဖြည်းဖြည်းနဲ့ပုပ်ပွလာနေပြီး မိုက်ခရိုပလတ်စတစ်များအဖြစ်ပြိုကွဲကာ ပတ်ဝန်းကျင်တစ်ခွင်ကိုအဆိပ်သင့်စေတဲ့ ဓာတုပစ္စည်းတွေဟာ ထွက်လာရပါတော့တယ်။ ကွန်ဗန်ထရီတက္ကသိုလ်မှ သုတေသနပညာရှင်များရဲ့ လေ့လာမှုအရဆိုရင် အသုံးမပြုရသေးတဲ့ နှာခေါင်းစည်းတွေကတောင်မှ ရေထဲကို ညစ်ညမ်းမှုဖြစ်စေတဲ့အရာတွေထုတ်ပေးတယ်လို့တွေ့ရှိရပါတယ်။ ဒါဆိုရင် အသုံးပြုပြီးသားနှာခေါင်းစည်းတွေက ပတ်ဝန်းကျင်ညစ်ညမ်းမှုကို ဘယ်လောက်တောင်မှ ဖြစ်ပေါ်နေစေပြီလဲဆိုတာ တွေးဆနိုင်ပါတယ်။ အဲဒီနှာခေါင်းစည်းတွေကနေထွက်လာတဲ့ ပတ်ဝန်းကျင်ညစ်ညမ်းစေမှုပစ္စည်းများက ပိုလီပရိုပိုင်လင်းများဖြစ်ပါတယ်။ ဒါ့အပြင် ပိုလီအီသိုင်လင်း၊ ပိုလီယက်စတာ၊ နိုင်လွန်နဲ့ ပီဗီစီများသည်လည်း နှာခေါင်းစည်းကနေထွက်လာစေတယ်ဆိုတာကို တွေ့ရှိထားပါတယ်။ အများစုကတော့ သဘာဝအတွင်းပြိုကွဲမှုဖြစ်ဖို့ အချိန်အလွန်ကြာမြင့်လေ့ရှိပါတယ်။

Ref: IE

ကိုထက်

# မျိုးဆက်သစ် ဘန်ကာဖျက်ဗုံးများအတွက် ရှေ့ပြေးပုံစံထုတ်လုပ်ရန် အမေရိကန်ကြိုးပမ်းနေ



အမေရိကန်လေတပ်မှာ အဆင့်မြင့်လှတဲ့လက်နက်တစ်ခုကတော့ ဘန်ကာဖျက်ဗုံးဖြစ်ပါတယ်။ လက်ရှိအသုံးပြုလျက်ရှိတဲ့ဘန်ကာဖျက်ဗုံးက ပေါင် ၃၀၀၀၀ ရှိပါတယ်။ အမျိုးအစားက GBU-57 ပါ။ အခုလေတပ်က အဲဒီဗုံးအမျိုးအစားမှာ နောက်ထပ်မျိုးဆက်သစ်ဘန်ကာဖျက်ဗုံးများနဲ့ အစားထိုးနိုင်ဖို့အတွက် ကနဦးအနေနဲ့ ရှေ့ပြေးပုံစံကိုထုတ်လုပ်ဖို့ကြိုးပမ်းလာနေပါတယ်။

အမေရိကန်လေတပ်က မျိုးဆက်သစ်ဘန်ကာဖျက်ဗုံးများထုတ်လုပ်ပေးနိုင်စေဖို့အတွက် အသုံးချသုတေသနအဖွဲ့(ARA)ကို ကန်ထရိုက်ပေးလိုက်ပါတယ်။ အဲဒီမှာ ဘိုးအင်းကုမ္ပဏီက မိတ်ဖက်အနေနဲ့ပါဝင်သွားမှာပါ။ ARA က မျိုးဆက်သစ်ဖောက်ထွင်းအားကောင်းဗုံးအတွက် ဒီဇိုင်းပိုင်းကို ရေးဆွဲပေးရမှာဖြစ်ပြီး ဘိုးအင်းကုမ္ပဏီက ပုံစံတူနဲ့ရှေ့ပြေးပုံစံကိုထုတ်လုပ်ပေးကာ လက်တွေ့စမ်းသပ်မှုလုပ်ပေးရမှာဖြစ်ပါတယ်။

လက်ရှိအသုံးပြုနေတဲ့ GBU-57 ဗုံးများက အမေရိကန်လေတပ်အတွက် နှစ်များစွာကြာမြင့်နေပြီဖြစ်တဲ့ သမားရိုးကျလက်နက်တစ်မျိုးဖြစ်ပါတယ်။ အခုနှစ်အစောပိုင်းက အမေရိကန်က အီရန်နိုင်ငံကို တိုက်ခိုက်ရာမှာ ဒီဗုံးကိုအသုံးပြုခဲ့တာကြောင့် လူစိတ်ဝင်စားမှုကို ရရှိခဲ့တာပါ။

Ref: IE

ကိုထက်

# BMW ရဲ့လျှပ်စစ်ကားများကို ပြောင်းလဲလာစေမယ့် ပုံစံအသစ်နဲ့ 2026 iX3



BMW ကုမ္ပဏီက သူတို့အနေနဲ့လျှပ်စစ်ကားထုတ်လုပ်မှုမှာ ကြီးမားတဲ့ပြောင်းလဲမှုတွေလုပ်ဖို့စီစဉ်ထားပါတယ်။ သူတို့စီစဉ်ထားမှုအရ စတင်အကောင်အထည်ဖော်လိုက်တာက 2026 iX3 ဆိုတဲ့လျှပ်စစ်ကားနဲ့ပါ။ 2026 iX3 က လန်းဆန်းတက်ကြွတဲ့ ဒီဇိုင်း၊ ဆန်းသစ်လှတဲ့အတွင်းပိုင်းတို့နဲ့အတူ ထွက်ပေါ်လာတာဖြစ်ပြီး ဇိမ်ခံလျှပ်စစ်ကားဈေးကွက်ကို အရယူနိုင်ဖို့ ကြိုးပမ်းလာပုံပါပဲ။

အခုထုတ်ဖော်ပြသလိုက်တဲ့ လျှပ်စစ်ကားက မော်တာနှစ်လုံးနဲ့ လေးဘီးယက်စနစ်သုံးကားဖြစ်ပြီး မြင်းကောင်ရေ ၄၆၃ ကောင်အားကိုထုတ်လုပ်ကာ သုညကီလိုမီတာမှ ၁၀၀ ကီလိုမီတာအထိကို ၄ ဒသမ ၇ စက္ကန့်အတွင်းအရှိန်တင်နိုင်မှာဖြစ်တယ်လို့ဆိုပါတယ်။ အမြင့်ဆုံးသွားနိုင်တဲ့အမြန်နှုန်းက တစ်နာရီကို ၂၀၉ ကီလိုမီတာအထိရှိမှာပါ။

အတွင်းပိုင်းမှာဆိုရင် ဒက်ရှ်ဘုတ်ကို Panoramic iDrive မြင်ကွင်းအသုံးပြုထားတဲ့အတွက် သူ့ရဲ့အလျားကယာဉ်မောင်းသူဘက်ကနေ ခရီးသည်ဘက်အထိ ရှည်လျားပြီး ပင်မထိန်းချုပ်မှုဖန်သားပြင်လည်းပါဝင်ပါတယ်။

Ref: IE

ကိုထက်

# ကမ္ဘာ့ပထမဆုံး နျူကလီးယားစွမ်းအင်သုံး LNG တင်သင်္ဘော တောင်ကိုရီးယား၌ အသုံးပြုခွင့်ရ




တောင်ကိုရီးယားနိုင်ငံမှ Korea Atomic Energy Research Institute (KAERI) နဲ့ ဆမ်ဆောင်းအကြီးစားစက်မှုလုပ်ငန်းတို့ ပူးပေါင်းပြီး ထုတ်လုပ်ထားတဲ့ ကမ္ဘာ့ပထမဆုံးသောနျူကလီးယားစွမ်းအင်သုံးသဘာဝဓာတ်ငွေ့အရည်(LNG)တင်သင်္ဘောက အခုဆိုရင် တာဝန်ရှိသူများဆီကနေ အသုံးပြုခွင့်ရသွားပြီပဲဖြစ်ပါတယ်။

အခုလိုမျိုးအသုံးပြုခွင့်ရရှိခြင်းဟာ သန့်ရှင်းပင်လယ်ရေကြောင်းသွားလာမှုမှာ ကြီးမားတဲ့ ခြေလှမ်းတစ်ရပ်ဖြစ်တယ်လို့ ဆိုပါတယ်။ အဲဒီသင်္ဘောမောင်းနှင်ဖို့အတွက် အသုံးပြုထားတာက အသေးစားဆားပျော်ရည် ဓာတ်ပေါင်းဖိုအမျိုးအစားဖြစ်တယ်လို့ အင်ဂျင်နီယာများကပြောပါတယ်။

ဆားပျော်ရည်ဓာတ်ပေါင်းဖိုဆိုတာက နျူကလီးယားဓာတ်ပေါင်းဖိုအမျိုးအစားတစ်မျိုးဖြစ်ပြီး အဲဒီဓာတ်ပေါင်းဖိုအတွက် အအေးပေးစနစ်က ဆားပျော်ရည်ကိုအသုံးပြုထားတာဖြစ်ပါတယ်။ အခုအသုံးပြုတဲ့ ဓာတ်ပေါင်းဖိုကနေ ထုတ်ပေးနိုင်တဲ့ စွမ်းအင်ပမာဏက ၁၀၀ မဂ္ဂါဝပ်သာမယ်ရှိတဲ့အတွက် တကယ့်ကိုအသေးစားနျူကလီးယားဓာတ်ပေါင်းဖိုအတွက် မျိုးဆက်သစ်ဆန်းသစ်မှုဖြစ်လာပါတယ်။ ဒါ့အပြင် ဒီနည်းပညာက သမားရိုးကျနျူကလီးယားဓာတ်ပေါင်းဖိုနည်းပညာကနေ ကွဲထွက်နေတာဖြစ်ပါတယ်။

Ref: IE

ကိုထက်

# ထိုင်းတရားရုံးချုပ်က သက်ဆင်ရှင်နာဝပ်ကို အကျဉ်းထောင်၌ တစ်နှစ်နေရန် အမိန့်ချမှတ်

**ဘန်ကောက်၊ ပြည်တွင်းရေး**

ထိုင်းနိုင်ငံ၏တရားရုံးချုပ်က ဝန်ကြီးချုပ်ဟောင်း သက်ဆင်ရှင်နာဝပ်ကို အကျဉ်းထောင်၌ တစ်နှစ်နေရန် စက်တင်ဘာလ ၉ ရက်တွင် အမိန့်ချမှတ်လိုက်ကြောင်း သိရသည်။

သက်ဆင်သည် ထောင်ဒဏ်ကျခံနေစဉ် အတွင်း ဆေးရုံ၌နေထိုင်ခဲ့ကြောင်း၊ ထိုသို့ နေထိုင်ခြင်းသည် တရားမဝင်ကြောင်း၊ ထို့ကြောင့် ကျန်ရှိသောထောင်ဒဏ်ကျခံရမည့်နှစ်ကို အကျဉ်းထောင်၌ဆက်လက်ကျခံရမည်ဖြစ်ကြောင်း တရားရုံးချုပ်က အမိန့်ချမှတ်လိုက်ခြင်းဖြစ်သည်။

သက်ဆင်သည် စက်တင်ဘာလ ၉ ရက် နံနက် ၁၀ နာရီတွင် ၎င်း၏အငယ်ဆုံးသမီးဖြစ်သည့် ဝန်ကြီးချုပ်ဟောင်း ဖယ်ထုန်ထန် ရှင်နာဝပ်နှင့်အတူ တရားရုံးသို့ရောက်ရှိလာခြင်းဖြစ်သည်။ တရားရုံးက အမိန့်ချပြီးနောက် ၎င်းအနေဖြင့် တရားရုံး၏အမိန့်ကို ကြည်ဖြူစွာခံယူသွားမည်ဖြစ်ကြောင်း သက်ဆင်က ၎င်း၏လူမှုမီဒီယာတွင် ရေးထားသည်။

သက်ဆင်ရှင်နာဝပ်သည် ၂၀၂၃ ခုနှစ် ဩဂုတ်လတွင် ထိုင်းနိုင်ငံသို့ပြန်လည်ရောက်ရှိလာစဉ် ထောင်ဒဏ်ရှစ်နှစ်ချမှတ်ခံရသော်လည်း နောက်တစ်ရက်တွင် ရဲတပ်ဖွဲ့အထွေထွေဆေးရုံသို့တက်ရောက်ကာဆေးရုံ၌ပင်နေထိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **Ref: Xinhua**

# နီပေါနိုင်ငံ၌ ဆန္ဒပြမှုများနှင့် ဆူပူအုံကြွမှုများဖြစ်ပွားစဉ် ဝန်ကြီးချုပ်က ရာထူးမှနုတ်ထွက်



**ခတ္တမန္ဒူ၊ ပြည်တွင်းရေး**

နီပေါနိုင်ငံ၌ ဆန္ဒပြမှုများနှင့်ဆူပူအုံကြွမှုများဖြစ်ပွားနေစဉ် ဝန်ကြီးချုပ်ကေပီရှာမားအိုလီသည် စက်တင်ဘာလ ၉ ရက်တွင် ရာထူးမှနုတ်ထွက်သွားပြီဖြစ်ကြောင်းသိရသည်။

နိုင်ငံအတွင်း ပုံမှန်မဟုတ်သောအခြေအနေများကြောင့် ၎င်းအနေဖြင့် ယနေ့မှစ၍ ဝန်ကြီးချုပ်ရာထူးမှနုတ်ထွက်ကြောင်း၊ ထိုသို့နုတ်ထွက်မှုကြောင့် ပြဿနာများကိုဖြေရှင်းနိုင်ရေးအတွက် လုပ်ဆောင်နိုင်စေမည်ဖြစ်ကြောင်း ဝန်ကြီးချုပ်ကေပီရှာမားအိုလီက သမ္မတထံသို့ပေးပို့သော ရာထူးမှနုတ်ထွက်စာတွင်ဖော်ပြထားသည်။

ထို့နောက် နီပေါနိုင်ငံသမ္မတ ရမ်ချန်ဒရာပိုဒယ်က ဝန်ကြီးချုပ်၏နုတ်ထွက်စာကိုလက်ခံလိုက်ကြောင်း သမ္မတရုံးသတင်းထုတ်ပြန်ရေးအဖွဲ့တာဝန်ရှိသူက Xinhua သတင်းဌာနသို့ပြောသည်။

နီပေါနိုင်ငံတစ်ဝန်း၌ စက်တင်ဘာလ ၈ ရက်တွင် ဆန္ဒပြမှုများဖြစ်ပွားရာ အဆိုပါဆန္ဒပြမှုများက ဆူပူအုံကြွမှုများအဖြစ်သို့ ပြောင်းလဲလာသည့်အတွက် အနည်းဆုံးလူ ၁၉ ဦးသေဆုံးထားသည်။ ထို့ပြင် နိုင်ငံအတွင်းရှိ ဒေသအများအပြားတွင် ညမထွက်ရအမိန့်ထုတ်ပြန်ထားသော်လည်း ဆန္ဒပြသူများက ထိုအမိန့်ကိုဖီဆန်လာသောကြောင့် ရဲတပ်ဖွဲ့ဝင်များနှင့်ရုန်းရင်းဆန်ခတ်မှုများဖြစ်ပွားသည်။

နီပေါနိုင်ငံ၌ လူမှုမီဒီယာများအသုံးပြုမှုတားမြစ်ခြင်းကို ဆန့်ကျင်သည့်အနေဖြင့် ဆန္ဒပြမှုများလုပ်ဆောင်ခြင်းဖြစ်ပြီး ဆန္ဒပြသူများက လွှတ်တော်အဆောက်အအုံကို ပင်ဝင်ရောက်စီးနင်းမှုများလုပ်ရန် ကြိုးပမ်းလာသည့်အတွက် ရဲတပ်ဖွဲ့ဝင်များက အဓိကရုဏ်းနှိမ်နင်းရေးလက်နက်များဖြင့် ဖြိုခွဲမှုများလုပ်ဆောင်သည်။

ယင်းနောက် အစိုးရကထုတ်ပြန်ထားသည့်တားမြစ်ချက်ကို ပြန်လည်ရုပ်သိမ်းပေးလိုက်သော်လည်း ဆန္ဒပြမှုများရပ်စဲသွားခြင်းမရှိဘဲ ဝန်ကြီးချုပ်ကို ရာထူးမှနုတ်ထွက်ရန်ဖိအားပေးလာခြင်းဖြစ်သည်။

ယခုဖြစ်ပွားနေသည့်အခြေအနေသည် နီပေါနိုင်ငံအတွင်း အဆိုးဝါးဆုံးသောဆူပူအုံကြွမှုဖြစ်ကြောင်း လေ့လာသူများကပြောသည်။ ဝန်ကြီးချုပ်ကေပီရှာမားအိုလီသည် ပြီးခဲ့သည့်နှစ် ဇူလိုင်လတွင် ၂၀၀၈ ခုနှစ်နောက်ပိုင်း နိုင်ငံ၏ ၁၄ ဦးမြောက် ဝန်ကြီးချုပ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သူဖြစ်ကြောင်းသိရသည်။

**Ref: Xinhua, AGC**

# ဂျပန် LDP ပါတီက ပါတီခေါင်းဆောင် ရွေးကောက်ပွဲကို လာမည့်လတွင် ကျင်းပမည်

**တိုကျို၊ ပြည်တွင်းရေး**

ဂျပန်နိုင်ငံ၏အာဏာရ လစ်ဘရယ်ဒီမိုကရက်တစ်ပါတီ (LDP) သည် ပါတီခေါင်းဆောင်ရွေးကောက်ပွဲကို လာမည့်လတွင် ကျင်းပသွားမည်ဖြစ်ကြောင်း တာဝန်ရှိသူများက စက်တင်ဘာလ ၉ ရက်တွင်ထုတ်ပြန်သည်။

အဆိုပါရွေးကောက်ပွဲတွင် လွှတ်တော်အမတ်အဖြစ်တာဝန်ယူနေသူများနှင့် ပါတီဝင်များက ဆန္ဒမဲပေးကာ မကြာသေးမီက ရာထူးမှနုတ်ထွက်သွားသော ပါတီဥက္ကဋ္ဌ ရှီဂဲရူအီရှီဘာ၏နေရာ ဆက်ခံမည့်သူကို ရွေးကောက်သွားမည်ဖြစ်သည်။

ထိုရွေးကောက်ပွဲကို အောက်တိုဘာလ ၄ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း၊ ယင်းရွေးကောက်ပွဲအတွက် မဲဆွယ်စည်းရုံးမှုကာလကို ၁၂ ရက်ကျော် သတ်မှတ်ထားကြောင်း၊ အဆိုပါရွေးကောက်ပွဲသည် ပါတီကိုပြန်လည်ဖွဲ့စည်းမှုများလုပ်ရန်နှင့် အမျိုးသားနိုင်ငံရေးအင်အားစုအဖြစ် ရှေ့ဆက်သွားနိုင်ရန် အရေးကြီးသည့်အခွင့်အရေးတစ်ခုဖြစ်ကြောင်း LDP ပါတီအတွင်းရေးမှူးချုပ် ဟီရိုရှီမိုရီယာမာကပြောထားသည်။

ပါတီခေါင်းဆောင်နေရာအတွက် နိုင်ငံခြားရေးဝန်ကြီးဟောင်း၊ အစိုးရအဖွဲ့အတွင်းရေးမှူးချုပ်နှင့် စီးပွားရေးဖူလုံမှုဝန်ကြီးဟောင်းတို့က ပါဝင်ယှဉ်ပြိုင်လိုကြောင်းသိရသည်။ **Ref: Xinhua**

# အစ္စရေးက ကာတာနိုင်ငံရှိ ဟားမက်အဖွဲ့၏ဌာနချုပ်ကို လေကြောင်းမှတိုက်ခိုက်မှုလုပ်

**ဒိုဟာ၊ စစ်ရေး**

အစ္စရေးက ကာတာနိုင်ငံရှိ ဟားမက်အဖွဲ့၏ဌာနချုပ်ကို လေကြောင်းမှတိုက်ခိုက်မှုလုပ်ဆောင်ကြောင်းနှင့် ပေါက်ကွဲမှု ၁၀ ကြိမ်ထက်မနည်းကို ကြားရကြောင်း အစ္စရေးတာဝန်ရှိသူများနှင့် ဒေသတွင်းတာဝန်ရှိသူများကပြောသည်။

အစ္စရေးတပ်မတော်သည် ရှင်းဘက်အမည်ရှိ လုံခြုံရေးအေဂျင်စီနှင့်အတူ လက်တွဲ၍အဆိုပါစစ်ဆင်ရေးကိုဆောင်ရွက်ခြင်းဖြစ်ကြောင်းနှင့် တိကျသောတိုက်ခိုက်မှုကိုလုပ်ဆောင်ခြင်းဖြစ်ကြောင်း စက်တင်ဘာလ ၉ ရက်တွင်ထုတ်ပြန်ထားသည်။

ထိုကဲ့သို့တိုက်ခိုက်မှုမလုပ်မီတွင် အရပ်သားများ ထိခိုက်မှုလျော့နည်းစေရန် ကြိုတင်ဆောင်ရွက်ချက်များကို လုပ်ဆောင်ခဲ့ကြောင်း၊ တိကျမှုရှိသောခဲယမ်းများကို အသုံးပြုခြင်းနှင့် သေချာမှုရှိသောထောက်လှမ်းရေးသတင်းအချက်အလက်များကို အသုံးချခြင်းတို့ကို လုပ်ဆောင်ခဲ့ကြောင်း အစ္စရေးတပ်မတော်၏ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။



အွန်လိုင်းပေါ်တွင်မြင်တွေ့ရသော ဓာတ်ပုံများအရ တိုက်ခိုက်ခံရသည့်အဆောက်အအုံများသည် ဆိုးဝါးစွာပျက်စီးကြောင်း၊ တိုက်ခိုက်မှုသည် စေ့စပ်ညှိနှိုင်းရေးအဖွဲ့ကို ပစ်မှတ်ထားခြင်းဖြစ်ကြောင်း၊ ယင်းအဖွဲ့သည် အမေရိကန်က အဆိုတင်သွင်းထားသော အစ္စရေးနှင့် အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်အတွက် ဆွေးနွေးမှုများလုပ်နေသည့်အဖွဲ့ဖြစ်ကြောင်း ဟားမက်အဖွဲ့၏ထုတ်ပြန်ချက်ကိုကိုးကား၍ သတင်းဌာနများကဖော်ပြထားသည်။

**Ref: Xinhua**

# တရုတ်၊ ရုရှား၊ မွန်ဂိုလီးယားတို့က နယ်စပ်ကာကွယ်ရေး ပူးတွဲစစ်ရေးလေ့ကျင့်



**ပေကျင်း၊ ချစ်ကြည်ရေး**

တရုတ်၊ ရုရှားနှင့် မွန်ဂိုလီးယားတို့က ၎င်းတို့ကြား ပထမဆုံးအကြိမ်ဖြစ်သည့် နယ်စပ်ကာကွယ်ရေးပူးတွဲစစ်ရေးလေ့ကျင့်မှုကိုလုပ်ဆောင်ကြောင်း တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်က စက်တင်ဘာလ ၉ ရက်တွင် ထုတ်ပြန်ထားသည်။

Border Defence Cooperation 2025 အမည်ရှိ အဆိုပါပူးတွဲစစ်ရေးလေ့ကျင့်မှုကို အတွင်းပိုင်းမွန်ဂိုလီးယားဒေသရှိ မန်ကျိုးလီဒေသအနီးနှင့် သုံးနိုင်ငံနယ်စပ်မျဉ်းတစ်လျှောက်တွင် စက်တင်ဘာလ ၈ ရက်မှ ၉ ရက်အထိ ဆောင်ရွက်ခြင်းဖြစ်သည်။

အဆိုပါစစ်ရေးလေ့ကျင့်မှုသည် နယ်စပ်ဒေသများ၌ အကြမ်းဖက်လုပ်ဆောင်မှုများကို တားဆီးကာကွယ်ရေးနှင့်နှိမ်နင်းရေးအတွက် အဓိကဦးစားပေးဆောင်ရွက်ခြင်းဖြစ်ကြောင်း တရုတ်တပ်မတော်၏ထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။

**Ref: SCMP**

# မော်လမြိုင်တက္ကသိုလ်၌ မြန်မာ့အနာဂတ်မျက်နှာစာ လူငယ်မဟာဗျူဟာဖိုရမ်-၂၀၂၅ သို့ တက်ရောက်ခဲ့သော လူငယ်ကိုယ်စားလှယ်အဖွဲ့၏ အတွေ့အကြုံစကားဝိုင်းဆွေးနွေးပွဲကျင်းပ



မော်လမြိုင် စက်တင်ဘာ ၉

မြန်မာ့အနာဂတ်မျက်နှာစာ လူငယ်မဟာဗျူဟာဖိုရမ် -၂၀၂၅ သို့ တက်ရောက်ခဲ့သော လူငယ်ကိုယ်စားလှယ်အဖွဲ့၏ အတွေ့အကြုံ စကားဝိုင်းဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် မော်လမြိုင်မြို့ရှိ မော်လမြိုင်တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ကျင်းပရာ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့်တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် ပြည်နယ်ဝန်ကြီးချုပ်က ယနေ့အခမ်းအနားသည် မြန်မာ့အနာဂတ်မျက်နှာစာ လူငယ်မဟာဗျူဟာဖိုရမ် -၂၀၂၅ သို့တက်ရောက်ခဲ့သော လူငယ်ကိုယ်စားလှယ်အဖွဲ့အနေဖြင့် ရရှိခဲ့သည့်အတွေ့အကြုံကောင်းတွေကို လူငယ်များသိရှိအောင်ပြန်လည်မျှဝေပေးသည့် အနှစ်သာရပြည့်စုံကောင်းမွန်သော အခမ်းအနားတစ်ခုဖြစ်ကြောင်းပြောကြားသည်။

ထို့နောက် ပြည်နယ်လူမှုရေးရာဝန်ကြီးက ပြည်နယ်ဝန်ကြီးချုပ်ထံ လူငယ်ဖိုရမ်အထိမ်းအမှတ်တံဆိပ်အပ်နှင်းပြီး လူငယ်ဖိုရမ်မှတ်တမ်းဗီဒီယိုပြသကာ လူငယ်ကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင်နှင့် ကိုယ်စားလှယ်များက ခရီးစဉ်အတွေ့အကြုံများနှင့် လူငယ်မဟာဗျူဟာဖိုရမ်မှရရှိခဲ့သည့်အကျိုးကျေးဇူးများကို ရှင်းလင်းတင်ပြကြပြီး အနာဂတ်တည်ဆောက်မည့် ခေတ်သစ်မျိုးဆက်များအတွက် မြန်မာ့အနာဂတ်မျက်နှာစာ လူငယ်မဟာဗျူဟာဖိုရမ် ကြေညာစာတမ်းကိုဖတ်ကြားကာ ပြည်နယ်လူမှုရေးရာဝန်ကြီးက အားကစားနှင့်လူငယ်ရေးရာအထောက်အကူပြုလုပ်ငန်းကော်မတီဖွဲ့စည်းထားရှိမှုကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

မြဝတီ

# အရွက်အရောင်တိုင်းကတ်အသုံးပြု၍ စပါးပင်၏အာဟာရဓာတ်ကို စီမံခန့်ခွဲမှု တောင်သူနည်းပညာပေးဆွေးနွေး



နေပြည်တော် စက်တင်ဘာ ၉

စပါးသီးနှံပန်းတိုင်အထွက်ရရှိရေးအတွက် စပါးပင်၏အာဟာရဓာတ်လိုအပ်ချက်နှင့် အညီ ဓာတ်မြေဩဇာ စနစ်တကျထည့်သွင်းအသုံးပြုတတ်စေရန်ရည်ရွယ်၍ အရွက်အရောင်တိုင်းကတ်အသုံးပြုပြီး စပါးသီးနှံအာဟာရဓာတ်စီမံခန့်ခွဲမှု တောင်သူနည်းပညာပေးဆွေးနွေးပွဲနှင့် လက်တွေ့ကွင်းသရုပ်ပြပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ပုဗ္ဗသီရိမြို့နယ် ဘဲကုန်းစိုက်ကွင်း၌ ကျင်းပသည်။

ကွင်းသရုပ်ပြပွဲတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်က စပါးသီးနှံ ပန်းတိုင်အထွက်ရရှိရေးအတွက် မြေဩဇာအသုံးပြုရာတွင် ထည့်သွင်းလိုက်သည့်မြေဩဇာ၌ပါရှိသည့် အာဟာရဓာတ်များအား စပါးပင်က ကောင်းစွာစုပ်ယူစားသောက်နိုင်ရန်အတွက် စပါးသီးနှံအာဟာရဓာတ်ကို စီမံခန့်ခွဲမှုနည်းပညာသည် လွန်စွာအရေးကြီးကြောင်း ၊ အရွက်အရောင်တိုင်းကတ်အသုံးပြု၍ စပါးပင်၏နိုက်ထရိုဂျင်မြေဩဇာလိုအပ်ချိန်ကို သိရှိခြင်းဖြင့် အပင်၏လိုအပ်ချက်နှင့်အညီ မြေဩဇာ အချိန်ကိုက်ထည့်သွင်းခြင်းက အလေအလွင့်နည်းပါး၍ ကုန်ကျစရိတ်ကို ၂၀ ရာခိုင်နှုန်းမှ ၃၀ ရာခိုင်နှုန်းသက်သာစေကာ တောင်သူများအတွက် များစွာအကျိုးရှိစေမည်ဖြစ်ကြောင်း၊ ကွဲပြားသည့်မြေအမျိုးအစားများတွင် မြေအမျိုးအစားအလိုက် မြေဩဇာစတင်လိုအပ်သည့်အချိန်ကွာခြားခြင်း၊ ထည့်သွင်းလိုက်သည့်အာဟာရထိန်းသိမ်းနိုင်မှုကွာခြားခြင်းကို တောင်သူများ စနစ်တကျသိရှိဆောင်ရွက်နိုင်ရေး ပညာရှင်များက နည်းပညာပေးကြရန်လိုကြောင်း ပြောကြားသည်။

ထို့နောက် စိုက်ပျိုးရေးဦးစီးဌာန မြေအသုံးချရေးဌာနခွဲမှ ကျွမ်းကျင်ပညာရှင် ဒေါက်တာခင်ခင်ဝေက အရွက်အရောင်တိုင်းကတ် (Leaf Color Chart; LCC) နည်းပညာအသုံးပြု၍ စပါးသီးနှံ၏ လိုအပ်ချက်အလိုက် နိုက်ထရိုဂျင်စီမံခန့်ခွဲမှု၊ အရွက်အရောင်တိုင်းကတ် (Leaf Color Chart; LCC)အသုံးပြု၍ အာဟာရလိုအပ်ချိန် တိုင်းတာရာတွင် လိုအပ်သည့်ပစ္စည်းများ၊ တိုင်းတာရမည့်အချိန်၊ အသုံးပြုပုံနှင့် အသုံးပြုရာတွင် သတိပြုရမည့်အချက်များကို ရှင်းလင်းပြသကြကာ တောင်သူများကို အရွက်အရောင်တိုင်းကတ် အသုံးပြုပုံကို စိုက်ကွင်းအတွင်း လက်တွေ့တိုင်းတာသရုပ်ပြသကြသည်။

အဆိုပါကွင်းသရုပ်ပြပွဲသို့ စိုက်ပျိုးရေးဦးစီးဌာန မြေအသုံးချရေးဌာနခွဲ ညွှန်ကြားရေးမှူး၊ နေပြည်တော်ကောင်စီနယ်မြေ စိုက်ပျိုးရေးဦးစီးဌာနမှူးနှင့်ခရိုင်ဦးစီးမှူးများ၊ ပုဗ္ဗသီရိမြို့နယ်နှင့် ဇေယျာသီရိမြို့နယ်တို့မှ စိုက်ပျိုးရေးဦးစီးမှူးများနှင့် ပညာပေးဝန်ထမ်းများ၊ တောင်သူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

မြဝတီ

# ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှကာကွယ်ပေးရေး ဥပဒေပုဒ်မ ၂၃(က)အရ ပြစ်ဒဏ်ချမှတ်မှု သတင်းထုတ်ပြန်ခြင်း

နေပြည်တော် စက်တင်ဘာ ၉

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးမြို့နယ်၌ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို ပျက်ပြားစေရန်ရည်ရွယ်၍ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ လုပ်ဆောင်ခဲ့သူတစ်ဦးအား ပြစ်မှုထင်ရှားသဖြင့် တောင်ကြီးမြို့နယ်တရားရုံးက အလုပ်နှင့်ထောင်ဒဏ် ၇ နှစ်တိတိကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဩဂုတ်လ ၂၅ ရက်နေ့တွင် တောင်ကြီးမြို့နယ်၊ အေးသာယာမြို့၊ ရပ်ကွက်(၁)နေ နေသွေး (၃၆)နှစ် (ဘ) ဦးအောင်ခင်သည် ၎င်းအသုံးပြုသည့် "Lashio Baegyi" Facebook Account လူမှုကွန်ရက်စာမျက်နှာပေါ်တွင် “မဲပေးဖို့ချည်း ဇွတ်ပြောပြီ၊ မင်းတို့က ဘာကောင်တွေလဲ၊ စောက်လုံးပါရင် သေချာကြည့် ပြည်သူဆီကမဲလိုချင်ရင်ပြည်သူကို ဘယ်လိုအကျိုးပြုရမလဲစဉ်းစား၊ အလကားနေဘာမှစောက်ပြစ်မရှိဘဲ ပြည်သူဆီကပဲလိုချင်ရင်တော့…”စသည့်စာသားများကို ဖြန့်ဝေကာ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို ပျက်ပြားစေရန်ရည်ရွယ်၍ ပြုလုပ်နေကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် တောင်ကြီးမြို့နယ်၊ အေးသာယာနယ်မြေရဲစခန်း(ပ)၉၉/ ၂၀၂၅၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှကာကွယ်ပေးရေးဥပဒေပုဒ်မ ၂၃(က) ဖြင့် အမှုရေးဖွင့်စစ်ဆေး၍ တောင်ကြီးမြို့နယ်တရားရုံးသို့တရားစွဲတင်ပို့ခဲ့ရာ ရာဇဝတ်ကြီးမှုအမှတ် ၂၇၁၄/၂၀၂၅ ဖြင့် လက်ခံစစ်ဆေးခဲ့ပြီး စက်တင်ဘာလ ၉ ရက်နေ့တွင် ပြစ်မှုထင်ရှားသဖြင့် တရားခံနေသွေးကို ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှကာကွယ်ပေးရေးဥပဒေပုဒ်မ ၂၃(က) အရ အလုပ်နှင့်ထောင်ဒဏ် ၇ နှစ်တိတိကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း သတင်းရရှိပါသည်။

(၁၀၀)



အေးသာယာနယ်မြေရဲစခန်း(ပ)၉၉/၂၀၂၅၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှကာကွယ်ပေးရေးဥပဒေပုဒ်မ ၂၃(က) အမှုမှ တရားခံနေသွေး၏ မှတ်တမ်းဓာတ်ပုံ။

# ကူမင်းမြို့၌ကျင်းပသော ကမ္ဘာလုံးဆိုင်ရာ တောင်ပိုင်းဒေသမီဒီယာနှင့် Think TanK အဆင့်မြင့်ဖိုရမ်အခမ်းအနားသို့တက်ရောက်ခဲ့သည့် ကိုယ်စားလှယ်အဖွဲ့ပြန်လည်ရောက်ရှိ

ရန်ကုန် စက်တင်ဘာ ၉

စက်တင်ဘာလ ၄ ရက်မှ ၈ ရက်အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ကူမင်းမြို့၌ ကျင်းပသော ကမ္ဘာလုံးဆိုင်ရာ တောင်ပိုင်းဒေသမီဒီယာနှင့် Think Tank အဆင့်မြင့်ဖိုရမ်သို့တက်ရာက်ခဲ့ကြသည့် ဝန်ကြီးဌာနများ၊ ပြင်ပမီဒီယာနှင့်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များပါဝင်သောအဖွဲ့သည် ယမန်နေ့နှင့်ယနေ့တို့တွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။

ကိုယ်စားလှယ်အဖွဲ့တွင်ပါရှိသည့် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနနှင့် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားတို့မှအကအဖွဲ့များက ဖိုရမ်ဖွင့်ပွဲအခမ်းအနား၊ ဈေးရောင်းပွဲတော်ဖွင့်ပွဲအခမ်းအနားတို့တွင် ဖျော်ဖြေတင်ဆက်ကပြခြင်း၊ ရုပ်သေးအကဖြင့်ဖျော်ဖြေခြင်း၊ ပြည်ထဲရေးဝန်ကြီးဌာနမှ ကိုယ်စားလှယ်များနှင့်ပြင်ပမီဒီယာအဖွဲ့များမှကိုယ်စားလှယ်များက မန္တလေးငလျင်ကြီးတွင် ပထမဆုံးရောက်ရှိခဲ့သော ယူနန်ပြည်နယ်ကယ်ဆယ်ရေးအဖွဲ့အပါအဝင် တရုတ်ကယ်ဆယ်ရေးအဖွဲ့များ၏ကူညီကယ်ဆယ်ရေး ပါဝင်ဆောင်ရွက်ခဲ့မှုနှင့်တရုတ်-မြန်မာ ချစ်ကြည်ရေးပိုမိုခိုင်မြဲစေခဲ့မှုတို့နှင့်စပ်လျဉ်းသည့် စကားဝိုင်းတွင် ပါဝင်ဆွေးနွေးခြင်း၊ သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနနှင့်ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနတို့မှ မြန်မာလက်မှုပညာထုတ်ကုန်များနှင့် မြန်မာနိုင်ငံ၏ တောတောင်ရေမြေသဘာဝနှင့် ခရီးစဉ်ဒေသများ၊ လက်ဆောင်ပစ္စည်းအရောင်းပြခန်းများကို ဈေးရောင်းပွဲတော်တွင် ပါဝင်ခင်းကျင်းပြသခြင်းဆောင်ရွက်ခဲ့ကြသည်။

မြဝတီ

# မန္တလေးတိုင်းဒေသကြီး (၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ

မန္တလေး စက်တင်ဘာ ၉

မန္တလေးတိုင်းဒေသကြီး ၂၀၂၅ ခုနှစ် (၂၆) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ချမ်းအေးသာစံမြို့နယ်ရှိ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရုံး မြို့တော်ခန်းမ၌ကျင်းပသည်။

အခမ်းအနားသို့ (၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ တိုင်းဒေသကြီးအဆင့် ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့်တာဝန်ရှိသူများ၊ ပြိုင်ပွဲကျင်းပရေးကော်မတီ၊ ဆပ်ကော်မတီတို့မှ တာဝန်ရှိသူများ၊ အကဲဖြတ်ဒိုင်အဖွဲ့ဝင် ပညာရှင်များ၊ ပြိုင်ပွဲဝင်ခရိုင်နှင့် တက္ကသိုလ်များမှ ပြိုင်ပွဲဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနား၌ တိုင်းဒေသကြီးဝန်ကြီးချုပ်က မြန်မာ့ရိုးရာယဉ်ကျေးမှုအနုပညာများကို ဖွံ့ဖြိုးတိုးတက်စေရုံသာမက အစဉ်ထာဝရမြင့်မားနေစေရန်၊ ရိုးရာခလေ့ထုံးစံအမွေအနှစ်များ လက်ဆင့်ကမ်းထိန်းသိမ်းနိုင်သည့် မျိုးဆက်သစ်လူငယ်များ ပေါ်ထွန်းလာစေရန်၊ မြန်မာ့ဂုဏ်ရည်များ အစဉ်ထာဝရရှင်သန်ထက်မြက်နေစေရန်နှင့် မြန်မာ့ရိုးရာယဉ်ကျေးမှုကို လေးစားမြတ်နိုးထိန်းသိမ်းလိုသည့်စိတ်များ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန် အားလုံးဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်းနှင့် ဆို၊ က၊ ရေး၊ တီး ဗဟိုအဆင့်ပြိုင်ပွဲအတွက် အရည်အချင်းပြည့်ဝသူ အနုပညာရှင်များကို တိုင်းဒေသကြီးအဆင့်ပြိုင်ပွဲများတွင် သမာသမတ်ကျစွာ ရွေးချယ်ပေးသွားကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်(မန္တလေး) ပါမောက္ခချုပ်နှင့် တာဝန်ရှိသူများက အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ဆို၊ က၊ ရေး၊ တီး ဂုဏ်ပြုတေးဖြင့် ဖျော်ဖြေတင်ဆက်မှု၊ ပဉ္စဂီတယိမ်းအကဖြင့် ဖျော်ဖြေတင်ဆက်မှု၊ အိုးစည်အဖွဲ့လိုက် ဖျော်ဖြေတင်ဆက်မှုတို့ကို ကြည့်ရှုအားပေးပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က ဂုဏ်ပြုငွေများချီးမြှင့်ခဲ့ကြောင်းနှင့် အခမ်းအနား ဒုတိယပိုင်းကို အစီအစဉ်အတိုင်း ဆက်လက်ကျင်းပရာ(၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲယိမ်းအကအဖွဲ့များက ယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးခဲ့ကြောင်းသိရသည်။

မြဝတီ



# လျှောင်ဘေးသင့်ဒေသပြည်သူများသို့ ရှာဖွေကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် စက်တင်ဘာ ၉

မြန်မာနိုင်ငံတွင် မတ်လ ၂၈ ရက်က လှုပ်ခတ်ခဲ့သော အင်အားအလွန်ပြင်းထန်သည့် ငလျင်ဒဏ်ကို ပြင်းထန်စွာခံစားခဲ့ရသော တိုင်းဒေသကြီး/ပြည်နယ်ခြောက်ခုတို့တွင် ယနေ့အထိ သေဆုံးသူ ၃၈၁၇ ဦး၊ ထိခိုက်ဒဏ်ရာရရှိသူ ၅၁၀၄ ဦးနှင့် ပျောက်ဆုံးသူ ၅ ဦးရှိသည်။

မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့အနေဖြင့် အပျက်အစီးရှင်းလင်းရေးနှင့် ရှာဖွေကယ်ဆယ်ရေးများအား ဆောင်ရွက်ပေးလျက်ရှိပြီး အဆောက်အအုံများအတွင်း ပိတ်မိနေသူများအား ရှာဖွေကယ်ဆယ်ခဲ့ရာ ယနေ့အထိ အသက်ရှင်သူ ၆၅၃ ဦးကို ရှာဖွေကယ်ဆယ်ပေးနိုင်ခဲ့ပြီး သေဆုံးသူ ၈၈၀ ဦးကို ရှာဖွေပေးနိုင်ခဲ့သည်။

နိုင်ငံတော်အစိုးရအနေဖြင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို နိုင်ငံတော်နှင့် ပြည်တွင်း၊ ပြည်ပမှ စေတနာရှင်၊ အလှူရှင်များ၏ ကူညီထောက်ပံ့လှူဒါန်းပေးမှုများဖြင့် ဆက်လက်ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

မြဝတီ

# အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက်ရှိ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအား တွေ့ဆုံ




အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်နိုင်ဇော်ဦး ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအတွက် ချီးမြှင့်ငွေနှင့် စားသောက်ဖွယ်ရာများပေးအပ်စဉ်။

နေပြည်တော် စက်တင်ဘာ ၉

အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက်ရှိပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များ တွေ့ဆုံပွဲကို ယနေ့မွန်းလွဲပိုင်းတွင် တိုင်းစစ်ဌာနချုပ်၊ သံလွင်ခန်းမ၌ပြုလုပ်ရာ တိုင်းမှူး ဗိုလ်မှူးချုပ်နိုင်ဇော်ဦးနှင့် တာဝန်ရှိသူများ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားပြီး ပြည်သူ့စစ်(ဌာနေ)အဖွဲ့ဝင်များအား ချီးမြှင့်ငွေနှင့် စားသောက်ဖွယ်ရာများ ပေးအပ်ရာ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များမှ အသီးသီးလက်ခံရယူကြသည်။ ထို့နောက် ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များ၏ တင်ပြချက်များအပေါ် တိုင်းမှူးနှင့်တာဝန်ရှိသူများက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

# “ပြည်သူ့ကြားက ပြည်သူ့စကား” အစီအစဉ်

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ရင်တွင်းခံစားချက်စကားသံများအား သဇင် FM ၏ **“ပြည်သူ့ကြားက ပြည်သူ့စကား”** အစီအစဉ်မှ **“NUG၊ PDF တို့အတွက် အမှားကိုဝန်ချတောင်းပန်ပြီး ဥပဒေဘောင်ဝင်ရောက်ရုံမှတစ်ပါး အခြားမရှိ”** ခေါင်းစဉ်ဖြင့် ၁၀-၉-၂၀၂၅ ရက် **(ယနေ့)** မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **“ကျိုက်မရောမြို့နယ် ကော့ပနောကျေးရွာအနီး အရပ်သားပြည်သူနဲ့ ခရီးသွားပြည်သူများ ကြောက်ရွံ့ထိတ်လန့်ထိခိုက်စေရန် KNU/PDF အကြမ်းဖက်သမားများက Drop Bomb ချ တိုက်ခိုက်ခဲ့မှုကြောင့် ထိခိုက်ဒဏ်ရာရရှိခဲ့တဲ့ ပြည်သူ ၁၁ ဦး”** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီအချိန်မှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ပါကြောင်းနှင့် ပါဝင်လာသည့်ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၀-၉-၂၀၂၅ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၉၄၅ | ၃၀၅၅ | ၃၀၂၅ | ၂၉၆၀ | ၃၀၆၅ | ၃၀၈၀ | ၃၀၉၅ | ၃၀၁၅ | ၄၅၀၅ | ၃၃၁၀ | ၃၀၃၀ | ၃၀၃၅ | ၃၁၀၅ | ၃၀၇၀ | ၃၀၉၀ | ၃၃၄၅ |
| 95 Ron | ၃၀၁၀ | ၃၁၂၀ | ၃၀၉၀ | ၃၀၂၅ | ၃၁၃၀ | ၃၁၄၅ | ၃၁၆၀ | ၃၀၈၀ | ၄၅၆၀ | ၃၃၇၅ | ၃၀၉၅ | ၃၁၀၀ | ၃၁၇၀ | ၃၁၃၅ | ၃၁၅၅ | ၃၄၁၀ |
| HSD (500 ppm) | ၂၅၆၀ | ၂၆၇၅ | ၂၆၄၀ | ၂၅၇၅ | ၂၆၈၀ | ၂၆၉၅ | ၂၇၁၀ | ၂၆၃၀ | - | ၂၉၂၅ | ၂၆၅၀ | ၂၆၅၀ | ၂၇၂၀ | ၂၆၈၅ | ၂၇၀၅ | ၂၉၆၅ |
| HSD (50 ppm) | ၃၁၇၀ | ၃၂၈၀ | ၃၂၅၀ | ၃၁၈၅ | ၃၂၉၀ | ၃၃၀၅ | ၃၃၂၀ | ၃၂၄၀ | ၄၈၃၀ | ၃၅၃၅ | ၃၂၅၅ | ၃၂၆၀ | ၃၃၃၀ | ၃၂၉၅ | ၃၃၁၅ | ၃၅၇၀ |
| HSD (10 ppm) | ၃၁၇၀ | ၃၂၈၀ | ၃၂၅၀ | ၃၁၈၅ | ၃၂၉၀ | ၃၃၀၅ | ၃၃၂၀ | ၃၂၄၀ | - | ၃၅၃၅ | ၃၂၅၅ | ၃၂၆၀ | ၃၃၃၀ | ၃၂၉၅ | ၃၃၁၅ | ၃၅၇၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၇၇၆ | ၂၈၆၅ |
| 95 Ron | ၂၈၃၉ | ၂၉၂၉ |
| HSD (500 ppm) | ၂၄၀၄ | ၂၄၈၂ |
| HSD (50 ppm) | ၂၉၉၄ | ၃၀၈၃ |
| HSD (10 ppm) | ၂၉၉၄ | ၃၀၈၃ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇-၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇-၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

# ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေး ဟောပြောပွဲ နံရံကပ်စာအုပ်စာစောင်ပြပွဲ ကျင်းပ

**ကျောက်ဆည် စက်တင်ဘာ ၉**


မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ ကျောက်ဆည်မြို့ ခရိုင်လူထုအခြေပြု ဗဟိုဌာန၌ ကျောင်းသား၊ ကျောင်းသူများ ကျောင်းစာအပြင် အသိပညာဗဟုသုတများ ရရှိစေရန် စက်တင်ဘာလ ၉ ရက်တွင် ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေး ဟောပြောပွဲ၊ နံရံကပ်စာအုပ်စာစောင်ပြပွဲ ကျင်းပသည်။

အဆိုပါအသိပညာပေးဟောပြောပွဲတွင် ကျောက်ဆည်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်တင်တင်ထွေးက ကလေး အလုပ်သမားဆိုသည်မှာ ကလေးငယ်များ၏ဂုဏ်သိက္ခာကိုကင်းမဲ့စေပြီး ရုပ်ပိုင်း ဆိုင်ရာဖွံ့ဖြိုးတိုးတက်မှုကို ထိခိုက်နစ်နာစေသည့်အလုပ်မျိုးတွင် လုပ်ကိုင်နေရသူများ ကို ဆိုလိုခြင်းဖြစ်ကြောင်း၊ ကလေးများ၏စိတ်ပိုင်းဆိုင်ရာ၊ အကျင့်စာရိတ္တပိုင်းဆိုင်ရာ ထိခိုက်နစ်နာစေသည့်အလုပ်မျိုးနှင့် ပညာသင်ကြားရေးကို ထိခိုက်နစ်နာစေသည့် အလုပ်မျိုး၊ ကျောင်းတက်ရန်အခွင့်အလမ်းရွေးချယ်နိုင်မှုမရှိခြင်း၊ အချိန်မတိုင်မီကျောင်း မှထွက်ရခြင်းစသည့် အကြောင်းအရာများကို အသိပညာပေးဟောပြောသည်။

ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်နှင်းရီက ကလေးအလုပ်သမားဖြစ်ရသည့်အကြောင်းရင်းများ၊ ကလေးအလုပ် သမားပပျောက်ရေးရည်မှန်းချက်တာဝန်များကို အသိပညာပေးဟောပြောသည်။ ထို့နောက် ကျောင်းသား၊ ကျောင်းသူများ၏ သိရှိလိုသည့်မေးမြန်းချက်များကို တာဝန်ရှိသူများက ပြန်လည်ဖြေကြားပေးကြသည်။

ဟောပြောပွဲအပြီးတွင် ကျောင်းသား၊ ကျောင်းသူများက ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှခင်းကျင်းပြသထားသော သုတ၊ ရသစာအုပ်စာစောင် နှင့် ကလေးအလုပ်သမားပပျောက်ရေး၊ အရွယ်မရောက်သေးသည့် ကလေးလူငယ်များ စစ်မှုထမ်းခြင်းမှကာကွယ်ခြင်း၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအန္တရာယ်ကင်းရှင်း ရေးနှင့် သဘာဝဘေးအန္တရာယ်ကာကွယ်ရေး အသိပညာပေးနံရံကပ်စာစောင်များကို ကြည့်ရှုလေ့လာကြကြောင်း သိရသည်။

**စုစုအေး(ကျောက်ဆည်)**




# ၁၀ ဂရမ်အထက် စားသုံးဆီအမျိုးမျိုးနှင့် အလှကုန်ပစ္စည်းအမျိုးမျိုးတွင် ကုန်အညွှန်းအမှတ်အသားပါရှိမှု ရှိ/မရှိ ကွင်းဆင်းစစ်ဆေး



**ရန်ကုန် စက်တင်ဘာ ၉**

ရန်ကုန်တိုင်းဒေသကြီး သန်လျင်ခရိုင် ခရမ်းမြို့နယ် စားသုံးသူရေးရာဦးစီးဌာနမှ မြို့နယ်အတွင်းရှိ ၁၀ ဂရမ်အထက် စားသုံးဆီအမျိုးမျိုးနှင့် အလှကုန်ပစ္စည်း အမျိုးမျိုးတွင် ကုန်အညွှန်းအမှတ်အသား ပါရှိမှု ရှိ/မရှိစစ်ဆေးခြင်းကို စက်တင်ဘာ လ ၈ ရက်တွင် ခရမ်းမြို့ မြို့မဈေးကြီး အတွင်းရှိ ဈေးဆိုင်များ၌ တာဝန်ရှိသူများ ကွင်းဆင်း၍ ဈေးကွက်စောင့်ကြည့် စစ်ဆေးခြင်းများ ဆောင်ရွက်ကြောင်း သိရသည်။

စားသုံးသူများအသုံးပြုလျက်ရှိသည့် ကုန်စည်များနှင့်စပ်လျဉ်း၍ ကုန်အညွှန်း အမှတ်အသားတွင် ဖော်ပြရမည့်အချက် များ ပါရှိမှု ရှိ/မရှိ ဈေးကွက်စောင့်ကြည့် စစ်ဆေးခြင်းလုပ်ငန်းများ ဆောင်ရွက် ရာတွင် ပိုမိုစနစ်တကျဖြစ်စေရန်နှင့် ထိရောက်မှုရှိစေရန် ယခုဘဏ္ဍာနှစ် အတွင်း ဈေးကွက်စောင့်ကြည့်စစ်ဆေး ရန် ဦးစားပေးကုန်စည်အမျိုးအစား (၁၀)မျိုးအား သတ်မှတ်ကာလများအတိုင်း ဈေးကွက်စောင့်ကြည့်စစ်ဆေးခြင်းဖြစ် ကြောင်း သိရသည်။

ဈေးကွက်စောင့်ကြည့်စစ်ဆေးခြင်း လုပ်ငန်းဆောင်ရွက်ရာတွင် မြို့နယ် စားသုံးသူရေးရာဦးစီးဌာနနှင့် စည်ပင် သာယာရေးဌာနတို့ ပူးပေါင်းဆောင်ရွက် ခြင်းဖြစ်ကြောင်း သိရသည်။ **ချမ်းမြေ့**

# လှိုင်းဘွဲ့မြို့နယ် ကမော့လဲ့(မအဲ)ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေ ထုတ်ချေး

**လှိုင်းဘွဲ့ စက်တင်ဘာ ၉**

ကရင်ပြည်နယ် ဘားအံခရိုင် လှိုင်းဘွဲ့မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ကမော့လဲ့ (မအဲ)ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေ နဝမအကြိမ်ထုတ်ချေးခြင်းကို စက်တင်ဘာ လ ၉ ရက်တွင် အဆိုပါကျေးရွာ၌ ဆောင်ရွက်ကြောင်း သိရသည်။

ရှေးဦးစွာ လှိုင်းဘွဲ့မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက် ရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်နိုင်ထွန်းက မြစိမ်းရောင်ကျေးရွာ စီမံကိန်းကို ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျှော့ကျစေ ရန်နှင့် တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများနှင့် တခြားမိသားစုဝင်ငွေတိုးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင် စေရန်ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ကျေးရွာသူ၊ ကျေးရွာ သားများအနေဖြင့် စီမံကိန်းရန်ပုံငွေများကို ထိရောက်အောင်မြင် အောင်ဆောင်ရွက်ကြစေလိုကြောင်း မှာကြားသည်။

ထို့နောက် လှိုင်းဘွဲ့မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက် ရေးဦးစီးဌာန ဦးစီးမှူးနှင့် ဝန်ထမ်းများက ကမော့လဲ့(မအဲ) ကျေးရွာမှ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေများ လွှဲပြောင်းပေးအပ်ပြီး စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၇ ဦး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ခုနစ်ဦး၊ အသက်မွေး ဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူ ခြောက်ဦး စုစုပေါင်း အသင်း သား၊ အသင်းသူ ၃၀ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်း မပျောက်လည်ပတ်ရန်ပုံငွေ ငွေကျပ် ၅၅၅ သိန်းကို အတိုးနှုန်း သက်သာစွာ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **ကိုသက်**

# ပွင့်ဖြူမြို့၌ ပလတ်စတစ်သုံးစွဲမှုလျှော့ချရေး အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေ

**ပွင့်ဖြူ စက်တင်ဘာ ၉**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ မြို့နယ်အတွင်း သဘာဝပတ်ဝန်းကျင် သန့်ရှင်းသာယာလှပစေရန်နှင့် ပလတ် စတစ်သုံးစွဲမှုလျှော့နည်းပပျောက်စေရန် ဈေးရောင်းဈေးဝယ်များအား ပလတ် စတစ်သုံးစွဲမှုလျှော့ချရေး အသိပညာ ပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေး ခြင်းကို စက်တင်ဘာလ ၈ ရက်က ပွင့်ဖြူ မြို့မစည်ပင်သာယာဈေး၌ ကွင်းဆင်း ဆောင်ရွက်ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းဆောင်ရွက်ရာတွင် ပွင့်ဖြူမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးလင်းမင်းညွန့်နှင့် ဝန်ထမ်းများက မြို့နယ်စည်ပင်သာယာ ရေးကော်မတီဝင်များ၊ ဈေးကော်မတီ ဝင်များနှင့်အတူ ပွင့်ဖြူမြို့မစည်ပင် သာယာဈေးသို့ သွားရောက်၍ ဈေးရောင်း ဈေးဝယ်များနှင့်တွေ့ဆုံပြီး သဘာဝပတ် ဝန်းကျင်သန့်ရှင်းသာယာလှပစေရန်နှင့် ပလတ်စတစ်သုံးစွဲမှုလျှော့နည်းပပျောက် စေရန် ဈေးသည်များဈေးရောင်းချရာတွင် သဘာဝပတ်ဝန်းကျင်ကို ဆိုးကျိုးဖြစ်စေ သည့် ပလတ်စတစ်အိတ်များနှင့် ပလတ် စတစ်ပစ္စည်းများ သုံးစွဲခြင်းမပြုကြ ရန်၊ ပလတ်စတစ်အစားထိုးပစ္စည်းများ ဖြစ်သော အင်ဖက်၊ ငှက်ပျောဖက်၊ ကြာဖက်၊ စက္ကူတို့ကို အသုံးပြု၍ ထုပ်ပိုး ရောင်းချကြရန် အသိပညာပေးရှင်းလင်း ပြောကြားသည်။

ထို့နောက် ဌာနဆိုင်ရာတာဝန်ရှိသူ များပူးပေါင်းအဖွဲ့မှ သဘာဝပတ်ဝန်း ကျင်သန့်ရှင်းသာယာလှပစေရန် မြို့မ ဈေးအတွင်း၊ အပြင်ရှိ ဈေးရောင်း ဈေးဝယ်များကို ပလတ်စတစ်သုံးစွဲမှု လျှော့ချရေး အသိပညာပေးလက်ကမ်း စာစောင်များဖြန့်ဝေပေးခဲ့ပြီး ဈေး ပတ်ဝန်းကျင်သန့်ရှင်းသာယာလှပရေး လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရ သည်။

**လှိုင်ဝင်းလေး( ပွင့်ဖြူမြေ )**



# ဦးမြတ်ဦး
## နိုင်ငံတော်၏ စွမ်းဆောင်မှုဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ်
## လူမှုထူးချွန်ဆု(တတိယဆင့် + ဒုတိယဆင့် + ပထမဆင့်)(၃)ဆင့်ရသူ
## ဘဘ ဦးမြတ်ဦး အသက်(၉၀)ပြည့်နှစ် ဂါရဝပြုခြင်း

အမျိုးသားညီလာခံ တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်

ရောဝတီတိုင်းဒေသကြီး ဓမ္မာရုံ (ရန်ကုန်) နာယက
ရောဝတီတိုင်းဒေသကြီး တောင်သူလယ်သမားဖွံ့ဖြိုးရေးအသင်း နာယက
လပွတ္တာမြို့နယ် ဇီဝိတဒါနပါရမီကုသိုလ်ပြုအဖွဲ့ နာယက
လပွတ္တာမြို့နယ် လူမှုရေးအသင်း နာယက

ဘဘ ဦးမြတ်ဦး၏ စက်သုံးဆီ၊ ဒီဇယ်ဆီကူညီပေးသဖြင့် လယ်ယာစိုက်ပျိုးရေး/ကျေးရွာမီးလင်းခြင်း/ ဘုန်းကြီးကျောင်းနှင့် စာသင်ကျောင်း မီးလင်းခြင်း၊ ရေလမ်းခရီးသွားရေးအဆင်ပြေခြင်း၊

ဘဘ ဦးမြတ်ဦး အသက်(၉၀)ပြည့် ကျန်းမာ ချမ်းသာ သက်ရှည်ပါစေကြောင်း ဆုတောင်းမေတ္တာပို့အပ်ပါသည်။

ကံဘက်မြို့ (လပွတ္တာခရိုင်)

ဦးစိုးလွင် ဒေါ်ကျင်ရီ ဦးကျော်ဇင်လတ်
ဦးဇော်ဝင်း ဒေါ်ဇာဇာ ဦးထင်ကျော်
ဦးအောင်မြင် ဦးကိုကိုထက်




### ဖခင်အမည်မှန်
နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ အ.ထ.က (ကျည်တောင်ကန်)Grade-12 မှ မထွေးထွေး၏ဖခင် ဦးသိန်း၏အမည်မှန်မှာ ဦးမောင်သိန်း ၉/ပမန(နိုင်)၀၇၉၃၃၆ ဖြစ်ပါကြောင်း။
ဦးမောင်သိန်း

### ပျောက်ဆုံးကြောင်း
မန္တလေးတိုင်းဒေသကြီး၊ အမရပူရနေ ဒေါ်စိုးစိုးထွန်း(ဘ)ဦးထွန်းတင် ၅/ဝသန(နိုင်)၀၁၈၆၃၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၇၀၈၁၄၇၈၄

### ဖခင်အမည်မှန်
မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့ UAZL ကိုယ်ပိုင်အထက်တန်းကျောင်း Grade-12 ကျောင်းဝင်အမှတ် ၃၄၈၈ မောင်ဟန်ဖြိုးလင်း၏ဖခင် ဦးသိန်းလင်း၏အမည်မှန်မှာ ဦးသိန်းလင်းဇော် ၈/မသန(နိုင်)၀၇၈၃၉၁ ဖြစ်ပါကြောင်း။ ဦးသိန်းလင်းဇော်

### ဖခင်အမည်မှန်
ဧရာဝတီတိုင်းဒေသကြီး၊ ဇလွန်မြို့နယ်၊ ဂျမ်းတိုက်ကျေးရွာအုပ်စု-အ.ထ.က ရွှေကျောင်း Grade-12 မှ မဂျူးဂျူးနိုင်၏ဖခင်အမည်မှန်မှာ ဦးအောင်သူရ ၁၄/ဇလန(နိုင်)၀၅၂၅၄၉ ဖြစ်ပါကြောင်း။
ဦးအောင်သူရ

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးဝန်ကြီးဌာန
## ကုသရေးဦးစီးဌာန
## ရန်ကုန်ကလေးဆေးရုံကြီး
## အကြီးစားပြုပြင်ရေးလုပ်ငန်းများဆောင်ရွက်ရန်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကုသရေးဦးစီးဌာန၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ရန်ကုန်ကလေးဆေးရုံကြီး၊ အရေးပေါ်နှင့်အထူးကုပြင်ပလူနာဌာန အကြီးစားပြုပြင်မွမ်းမံခြင်းလုပ်ငန်းများဆောင်ရွက်မည်ဖြစ်ပါသဖြင့် စိတ်ပါဝင်စားသူ မြန်မာနိုင်ငံသားလုပ်ငန်းရှင်များမှ (မြန်မာကျပ်ငွေဖြင့်)တင်ဒါတင်သွင်းနိုင်ပါကြောင်း အသိပေးဖိတ်ခေါ်အပ်ပါသည်။

တင်ဒါပုံစံစတင်ရောင်းချမည့်နေ့ရက် ။ ။ ၉-၉-၂၀၂၅
တင်ဒါလျှောက်လွှာပိတ်မည့် ။ ။ ၂၃-၉-၂၀၂၅
နေ့ရက်/အချိန် (၁၆:၀၀)နာရီ

၂။ တင်ဒါပုံစံများကို ဆေးရုံအုပ်ကြီးရုံးတွင် (၉-၉-၂၀၂၅)ရက်နေ့မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းမေးမြန်းနိုင်ပါကြောင်း အသိပေးအပ်ပါသည်။

ဆေးရုံအုပ်ကြီးရုံး၊ ရန်ကုန်ကလေးဆေးရုံကြီး၊ အမှတ်(၂) ပြည်ထောင်စုရိပ်သာလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

တင်ဒါကော်မတီ
ရန်ကုန်ကလေးဆေးရုံကြီး

### တစ်ဦးတည်းဖြစ်ပါကြောင်း
နမ့်ခမ်းမြို့၊ အ.မ.က(၂)မှ မူလတန်းကျောင်းအုပ် အဘ ဦးခမ်းဆွယ်၏ သမီး ဒေါ်ခမ်းမွန်း(ခ)ဒေါ်ခမ်းမွန် ၁၃/နခန(နိုင်)၀၁၅၅၂၂ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။ ဒေါ်ခမ်းမွန်း(ခ)ဒေါ်ခမ်းမွန်

### ပျောက်ဆုံးကြောင်း
နှင်းဝေလှိုင်(ဘ)ဦးအောင်မင်း ၁၄/အဂပ(နိုင်) ၂၁၄၄၁၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MH 004053)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

### တစ်ဦးတည်းဖြစ်ပါကြောင်း
ဧရာဝတီတိုင်းဒေသကြီး၊ တောင်တန်းကုန်းကျေးရွာအုပ်စု၊ တောင်တန်းကုန်းကျေးရွာနေ နော်ဖောအယ်မူး ၁၄/ပသန(နိုင်) ၂၃၅၇၂၃ ၏ဖခင်အမည်မှာ စောဇော်လင်း(ခ)ဦးဇော်လင်းမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။ စောဇော်လင်း(ခ)ဦးဇော်လင်း

### တစ်ဦးတည်းဖြစ်ပါကြောင်း
ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့၊ အမှတ်(၆) ရပ်ကွက်၊ ၁၄၉/လှည်းရအတွင်းလမ်းနေ ဒေါ်ခင်မြင့်နွယ် ၁၄/ပသန(နိုင်)၀၄၃၆၉၅ ၏ဖခင်အမည်မှာ ဦးချူးတီး(ခ)ဦးချူးတီးသည် တစ်ဦးတည်းဖြစ်ပါကြောင်း။ ဦးချူးတီး(ခ)ဦးချူးတီး

### ပျောက်ဆုံးကြောင်း
ပန်းနုဝါ(ဘ)ဦးမြင့်သန်း ၁၂/မဂဒ(နိုင်) ၁၀၅၈၃၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

### တစ်ဦးတည်းဖြစ်ပါကြောင်း
ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့၊ ဇင်ပြွန်းကုန်းကျေးရွာအုပ်စု၊ ကြည်သာရွာနေ ဒေါ်စန္ဒာလင်း ၁၄/ပသရ(နိုင်)၁၁၁၀၇၅၏ ဖခင်အမည်မှာ ဦးမိုး(ခ)ဦးစိုးသည်တစ်ဦးတည်းဖြစ်ပါကြောင်း။
ဦးမိုး(ခ)ဦးစိုး

### ပျောက်ဆုံးကြောင်း
နန်းမိုဟွမ်နွန်း(ဘ)ဦးတင်လေး ၁၃/တကန(နိုင်)၂၅၀၀၈၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၉၈၅၃၃၄၇

### တစ်ဦးတည်းဖြစ်ပါကြောင်း
ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့နယ်၊ ရွှေမြင်တင်ကျေးရွာနေ ၁၄/ပသန(နိုင်)၀၈၃၆၁၂ ကိုင်ဆောင်သူ ဒေါ်နေကြည်လင်း(ခ)ဒေါ်နေခြည်လင်းသည် တစ်ဦးတည်းဖြစ်ပါကြောင်း။
ဒေါ်နေကြည်လင်း(ခ)ဒေါ်နေခြည်လင်း

### ပျောက်ဆုံးကြောင်း
ထွန်းဖြိုးနိုင်(ဘ)ဦးဉာဏ်ဆင် ၅/မရန(နိုင်) ၃၀၆၀၁၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၅၆၇၁၃၇၅၀

### ဖခင်အမည်မှန်
ပဲခူးတိုင်းဒေသကြီး၊ ကြို့ပင်ကောက်မြို့၊ အထက-ပန်းတင်၊ Grade-7 မှ မရွှေသဇင်၏ဖခင်အမည်မှန်မှာ ဦးလှမြင့် ၇/ကပက(နိုင်)၀၀၁၃၇၇ ဖြစ်ပါကြောင်း။
ဦးလှမြင့်

### ပျောက်ဆုံးကြောင်း
မတွယ်တာဦး(ဘ)ဦးသန်းမျိုးဦး ၁၄/ပသန(နိုင်)၃၀၀၈၈၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၈၈၃၂၁၀၂၀၈

### ပျောက်ဆုံးကြောင်း
ပဲခူးတိုင်းဒေသကြီး၊ အုတ်တွင်းမြို့၊ ကြက်သွန်းခင်း(၁)ရပ်ကွက်နေ မဇင်ယော်ထက်(ဘ)ဦးသိန်းလွင် ၇/အတန(နိုင်)၁၆၂၉၆၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 746500)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၄၇၇၇၆၆၁

### ပျောက်ဆုံးကြောင်း
နေပြည်တော်၊ လယ်ဝေးမြို့၊ ရေကာကျေးရွာအုပ်စု၊ ရေကာကျေးရွာနေ ယဉ်ထွေး(ဘ)ဦးဝင်းမောင် ၉/လဝန(နိုင်)၁၄၁၉၂၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၀၈၅၈၅၁၆

### ပျောက်ဆုံးကြောင်း
မင်းသူအောင်(ဘ)ဦးမောင်မောင်သန်း ၁၂/လမန(နိုင်)၁၅၀၉၃၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၈၂၁၄၉၆၇၁

### ပျောက်ဆုံးကြောင်း
အေးသန္တာထွန်း(ဘ)ဦးစိန်ထွန်း ၁၄/ပသန(နိုင်)၃၀၀၈၇၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၈၈၃၂၁၀၂၀၈

### ပျောက်ဆုံးကြောင်း
ကျော်သီဟ(ဘ)ဦးသီဟ ၁၂/လကန(နိုင်)၂၁၉၄၇၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 048281)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၈၈၉၇၆၆၅၃၀


## ဓါတုကလျာကုမ္ပဏီလီမိတက်
## မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ ၃၅၇ နှင့်
## လူမွဲခံယူခြင်းဆိုင်ရာ ဥပဒေ ၂၁၁ အရ
## (အစုရှင်များ၏ဆန္ဒအရစာရင်းရှင်းလင်းဖျက်သိမ်းခြင်း)
## နောက်ဆုံးအစည်းအဝေးဖိတ်ကြားခြင်း

ဓါတုကလျာကုမ္ပဏီလီမိတက်အစုရှင်များ၏ နောက်ဆုံးအစည်းအဝေးကို (၁၆-၉-၂၀၂၅)ရက်နေ့ နံနက်(၁၀:၀၀)နာရီတိတိတွင် ရန်ကုန်တိုင်းဒေသကြီး၊ လမ်းမတော်မြို့နယ်၊ အနော်ရထာလမ်းနှင့် ၅ လမ်းထောင့်၊ အမှတ်-၂၉၅၊ ပထမထပ်ရှိ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိရုံးခန်းတွင် ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် အစုရှင်များအားလုံးတက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

ယင်းအစည်းအဝေးတွင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ အစီရင်ခံစာနှင့် စာရင်းရှင်းတမ်းကိုတင်ပြကာ ကုမ္ပဏီအား အပြီးသတ်ဖျက်သိမ်းသွားမည်ဖြစ်ပါသည်။

ဦးဇင်ဝေ
လက်မှတ်ရပြည်သူ့စာရင်းကိုင်(စဉ်-၂၁၀)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
အမှတ်-၂၉၅၊ ပထမထပ်၊ အနော်ရထာလမ်းနှင့် ၅ လမ်းထောင့်၊
လမ်းမတော်မြို့နယ် ရန်ကုန်မြို့။

# ရီးယဲလ်မက်ဒရစ်အသင်းနည်းပြအလွန်ဆို စပိန်လာလီဂါပြိုင်ပွဲ၏ ဩဂုတ်လအတွက် တစ်လတာအကောင်းဆုံးနည်းပြဆုရရှိ



**မက်ဒရစ် စက်တင်ဘာ ၉**

ရီးယဲလ်မက်ဒရစ်အသင်းနည်းပြ အလွန်ဆိုသည် ယခုဘောလုံးရာသီ စပိန်လာလီဂါပြိုင်ပွဲ၏ ဩဂုတ်လအတွက် တစ်လတာအကောင်းဆုံးနည်းပြဆုကို ရရှိခဲ့ကြောင်း သိရသည်။

နည်းပြအလွန်ဆိုသည် ၎င်း၏ ရီးယဲလ်မက်ဒရစ်အသင်း ပထမဆုံးနည်းပြဘဝ ပထမဆုံးလတွင်ပင် စပိန်လာလီဂါအမှတ်ပေးပြိုင်ပွဲ သုံးပွဲကစားထားရာတွင် အိုဆာဆူနာအသင်းကို ၁ ဂိုး-ဂိုးမရှိ၊ အိုဗီဒိုအသင်းကို သုံးဂိုးပြတ်၊ မာယော့ကာအသင်းကို ၂ ဂိုး-၁ ဂိုးဖြင့် သုံးပွဲစလုံး ရာနှုန်းပြည့်အနိုင်ရရှိခဲ့ပြီး သွင်းဂိုးခြောက်ဂိုး၊ ပေးဂိုးတစ်ဂိုးရှိခဲ့ခြင်းကြောင့် တစ်လတာအကောင်းဆုံးနည်းပြဆု ရရှိခဲ့ခြင်းဖြစ်သည်။

အသက် ၄၃ နှစ်အရွယ် လီဗာပူးအသင်းကစားသမားဟောင်း အလွန်ဆိုသည် ၂၀၂၂ ခုနှစ်မှ ၂၀၂၅ ခုနှစ် မေလအထိ ဂျာမန်ဘွန်ဒက်စ်လီဂါကလပ် လေဗာကူဆင်အသင်းကိုကိုင်တွယ်ခဲ့ပြီး ဂျာမန်ပိုကယ်ဖလား၊ အမှတ်ပေးချန်ပီယံနှင့် ဂျာမန်စူပါကပ်တို့ကို ဆွတ်ခူးနိုင်အောင် စွမ်းဆောင်ပေးနိုင်ခဲ့သည်။

ထို့နောက် ယခုဘောလုံးရာသီတွင် ရီးယဲလ်မက်ဒရစ်အသင်းနည်းပြဟောင်း အန်ဆယ်လော့တီနေရာ၌ ခန့်အပ်ခံခဲ့ရခြင်းဖြစ်ကာ ၎င်း၏ ရီးယဲလ်မက်ဒရစ်အသင်းနည်းပြ ပထမဆုံးရာသီ ပွဲဦးထွက်တွင် သုံးပွဲဆက်အနိုင်ရရှိအောင် စွမ်းဆောင်ထားနိုင်ခဲ့ခြင်းဖြစ်သည်။

ထို့ပြင် အလွန်ဆိုသည် တစ်လတာအကောင်းဆုံးနည်းပြဆုကို ဘီလ်ဘာအိုအသင်းနည်းပြ ဗယ်လ်ဗာဒီနှင့် အက်စ်ပန်ညိုအသင်းနည်းပြ မာနိုလိုဂွန်ကလက်ဇ်တို့အား ကျော်ဖြတ်ပြီး ဆွတ်ခူးနိုင်ခဲ့ကြောင်း သိရသည်။ *Ref; Fotmob*

# တားမြစ်ဆေးသုံးစွဲမှုကြောင့် ဘီလ်ဘာအိုအသင်း ကစားသမား အယ်ဗာရက်ဇ် ပွဲကစားခွင့်ပိတ်ပင်ခံရ

**မက်ဒရစ် စက်တင်ဘာ ၉**

စပိန်ကလပ် ဘီလ်ဘာအိုအသင်းနောက်ခံကစားသမား အယ်ဗာရက်ဇ်သည် တားမြစ်ဆေးသုံးစွဲမှုကြောင့် ၁၀ လအထိ ပွဲကစားခွင့်ပိတ်ပင်ခံခဲ့ရကြောင်း သိရသည်။

အသက် ၃၀ အရွယ် အယ်ဗာရက်ဇ်သည် ကင်ဆာရောဂါကို ဆေးကုသမှုခံယူရာတွင် ၎င်းသုံးစွဲခဲ့သည့် ဆေးဝါးများ၌ တားမြစ်ဆေးများပါဝင်နေကြောင်း စစ်ဆေးတွေ့ရှိခဲ့ပြီးနောက် ဥရောပဘောလုံးအဖွဲ့ချုပ် (ယူအီးအက်ဖ်အေ)က ယခုကဲ့သို့ ပွဲပယ်ပြစ်ဒဏ် ချမှတ်ခဲ့ခြင်းဖြစ်သည်။

ထို့ပြင် အယ်ဗာရက်ဇ်သည် ၂၀၁၆ ခုနှစ်က ကင်ဆာရောဂါခံစားခဲ့ရပြီး ဆေးကုသမှုခံယူရာတွင် ကစားသမားများအတွက် တားမြစ်ထားသည့်ဆေးကို မှားယွင်းစွာသောက်မိခဲ့ခြင်းဖြစ်သည်။

အယ်ဗာရက်ဇ်သည် မေလက မန်ယူအသင်းကို သုံးဂိုးပြတ်ရှုံးနိမ့်သည့် ယူရိုပါလိဂ်ဆီမီးဖိုင်နယ်ပွဲစဉ်အပြီး ဆေးစစ်ချိန်တွင် တားမြစ်ဆေးသုံးစွဲမှုစစ်ဆေးတွေ့ရှိခဲ့ခြင်းဖြစ်ကာ ပြီးခဲ့သည့်ဇွန်လမှစ၍ ပွဲကစားခွင့်ရပ်ဆိုင်းခံခဲ့ရသည်။

ထို့ကြောင့် ၎င်း၏ပြစ်ဒဏ်ကာလမှာ အဆိုပါကာလအတွင်း၌ပင် စတင်အကျုံးဝင်ခဲ့ပြီဖြစ်ကြောင်း သိရသည်။ *Ref; Fabrizio Romano*

# နော်တင်ဟမ်အသင်းက နည်းပြနူနိုဆန်းတို့စ်ကို ထုတ်ပယ်

**လန်ဒန် စက်တင်ဘာ ၉**

နော်တင်ဟမ်အသင်းသည် နိုင်ငံတကာရက်သတ္တပတ်ပြိုင်ပွဲများမပြီးဆုံးမီ နည်းပြနူနိုဆန်းတို့စ်ကို ထုတ်ပယ်ခဲ့ကြောင်း သိရသည်။

နည်းပြနူနိုဆန်းတို့စ်သည် ၂၀၂၃ ခုနှစ် ဒီဇင်ဘာလက နော်တင်ဟမ်အသင်းနည်းပြအဖြစ် ခန့်အပ်ခံခဲ့ရခြင်းဖြစ်ပြီး ယခုအခါ အသင်းကို ၂၁ လကြာကိုင်တွယ်အပြီးတွင် ထုတ်ပယ်ခံခဲ့ရခြင်းဖြစ်သည်။

အသက် ၅၁ နှစ်အရွယ် ပေါ်တူဂီလူမျိုးနည်းပြနူနိုဆန်းတို့စ်သည် ကစားသမားဝယ်ယူအားဖြည့်မှုနှင့်ပတ်သက်၍ အသင်းပိုင်ရှင်နှင့် လူသိရှင်ကြားအချင်းများကြပြီးနောက် ၎င်း၏အနာဂတ်မှာ မရေမရာဖြစ်လာကြောင်း အစောပိုင်းကာလက သတင်းများထွက်ပေါ်ခဲ့သည်။

၎င်းလက်ထက်တွင် နော်တင်ဟမ်အသင်းသည် ၁၉၉၅-၁၉၉၆ ဘောလုံးရာသီနောက်ပိုင်း ပရီးမီးယားလိဂ်တွင် အမြင့်ဆုံးအဆင့်အဖြစ် အမှတ်ပေးဇယားအဆင့်(၇)နေရာ၌ ရပ်တည်နိုင်အောင် ပြီးခဲ့သည့်ဘောလုံးရာသီက စွမ်းဆောင်ပေးနိုင်ခဲ့သည့်အပြင် နော်တင်ဟမ်အသင်းအနေဖြင့်လည်း နှစ်ပေါင်း ၃၀ အတွင်း ပထမဆုံးအကြိမ်အဖြစ် ဥရောပဝင်ခွင့်ရရှိခဲ့သည်။

ထို့ကြောင့် နော်တင်ဟမ်အသင်းက နည်းပြနူနိုဆန်းတို့စ်ကို ပြီးခဲ့သည့်ဇွန်လက သုံးနှစ်သက်တမ်းရှိ စာချုပ်သစ်ကို ထပ်မံချုပ်ဆိုခဲ့သော်လည်း ယခုဘောလုံးရာသီတွင် နော်တင်ဟမ်အသင်းအနေဖြင့် ဝက်စ်ဟမ်းအသင်းကို အိမ်ကွင်း၌ သုံးဂိုးပြတ်ရှုံးနိမ့်ခဲ့သည့် ပရီးမီးယားလိဂ်ပွဲစဉ်(၃)အပြီးတွင် အသင်းတာဝန်ရှိသူများက နည်းပြနူနိုဆန်းတို့စ်ကို ထုတ်ပယ်ခဲ့ခြင်းဖြစ်သည်။

နော်တင်ဟမ်အသင်းသည် ပရီးမီးယားလိဂ်အဖွင့်ပွဲစဉ်(၁)တွင် ဘရန့်ဖို့ဒ်အသင်းကို ၃ ဂိုး-၁ ဂိုးဖြင့် အနိုင်ရရှိခဲ့သော်လည်း ပွဲစဉ်(၂)တွင် ပဲလေ့စ်အသင်းကို တစ်ဂိုးစီသရေ၊ ပွဲစဉ်(၃)တွင် ဝက်စ်ဟမ်းအသင်းကို သုံးဂိုးပြတ်ဖြင့် ရှုံးနိမ့်ခဲ့ခြင်းဖြစ်သည်။



ထို့ပြင် နော်တင်ဟမ်အသင်းအနေဖြင့် စက်တင်ဘာလ ၁၃ ရက်တွင် ပရီးမီးယားလိဂ်ပွဲစဉ်(၄) အဖြစ် အာဆင်နယ်အသင်းကို အဝေးကွင်း၌ သွားရောက်ယှဉ်ပြိုင်ကစားရမည်ဖြစ်သည့်အပြင် ယူရိုပါလိဂ်ပြိုင်ပွဲကိုလည်း ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

လက်ရှိတွင် နည်းပြနူနိုဆန်းတို့စ်၏နေရာ၌ စပါးအသင်းနည်းပြဟောင်း ပိုစတီကိုဂလူး၊ ဇီနာဘာချီအသင်း နည်းပြဟောင်း မော်ရင်ဟို၊ လေဗာကူဆင်အသင်းနည်းပြဟောင်း တန်ဟတ်တို့ထဲမှ တစ်ဦးကို ခန့်အပ်ရန်စီစဉ်နေသည်ဟု သတင်းများထွက်ပေါ်နေကြောင်း သိရသည်။ *Ref; Fotmob*

# စပါးအသင်းက အမှုဆောင်ဥက္ကဋ္ဌကို ထုတ်ပယ်ခဲ့သော်လည်း အသင်းကို ရောင်းချမည်မဟုတ်ကြောင်း ထုတ်ပြန်ကြေညာ

**လန်ဒန် စက်တင်ဘာ ၉**

စပါးအသင်းသည် ပြီးခဲ့သည့်ရက်ပိုင်းက အသင်း၏ အမှုဆောင်ဥက္ကဋ္ဌကို ထုတ်ပယ်ခဲ့သော်လည်း အသင်းကို ရောင်းချမည်မဟုတ်ကြောင်း ထုတ်ပြန်ကြေညာခဲ့သည်။

စပါးအသင်းသည် ပြီးခဲ့သည့်ရက်ပိုင်းက အမှုဆောင်ဥက္ကဋ္ဌ ဒါနီရယ်လီဗိုင်းကို ရာထူးမှထုတ်ပယ်ပြီးနောက် အသင်းကိုရောင်းချနိုင်သည်ဟု သတင်းများထွက်ပေါ်လာပြီး ကမ်းလှမ်းမှုတချို့ရှိလာခဲ့သော်လည်း ပယ်ချလိုက်ပြီးနောက် အသင်းက ယခုကဲ့သို့ ထုတ်ပြန်ကြေညာခဲ့ခြင်းဖြစ်သည်။

စပါးအသင်းကို ဝယ်ယူရန် ကမ်းလှမ်းခဲ့ရာတွင် နယူးကာဆယ်အသင်းရှယ်ယာရှင်ဟောင်း အာမန်ဒါစတာဗီလေ၏ကုမ္ပဏီနှင့် ဒေါက်တာ ရိုဂျာကန်နေဒီ ဦးဆောင်သည့် ရင်းနှီးမြှုပ်နှံမှုအဖွဲ့လည်း ပါဝင်ခဲ့သည်။

သို့သော် စပါးအသင်းကို ရှယ်ယာ ၈၇ ရာခိုင်နှုန်းဖြင့် ဦးဆောင်စီမံထားသည့် ENIC Sports & Developments Holdings Ltd. က အဆိုပါကမ်းလှမ်းမှုများကို ပယ်ချခဲ့ပြီး အသင်းကို ရောင်းချရန်အစီအစဉ်မရှိကြောင်း ထုတ်ပြန်ကြေညာသည်။

ENIC Sports & Developments Holdings Ltd. ၏အဓိကရှယ်ယာများကို ဗြိတိန်စီးပွားရေးလုပ်ငန်းရှင် ဂျိုးလူးဝစ်က ပိုင်ဆိုင်ထားခြင်းဖြစ်ပြီး ၃၀ ရာခိုင်နှုန်းကို လုပ်ငန်းရှင် ဒါနီရယ်လီဗိုင်းနှင့် မိသားစုဝင်များက ပိုင်ဆိုင်ထားသည်။

ထို့ပြင် ဒါနီရယ်လီဗိုင်းသည် စပါးအသင်းကို ၂၅ နှစ်နီးပါး ဦးဆောင်ခဲ့သူဖြစ်ကာ ပရီးမီးယားလိဂ်သမိုင်းတွင်လည်း သက်တမ်းအရှည်ဆုံးဥက္ကဋ္ဌအဖြစ် မှတ်တမ်းဝင်ထားခဲ့ပြီး ၎င်း၏သက်တမ်းကာလအတွင်း စပါးအသင်းအနေဖြင့် ဝင်ငွေ ပေါင်သန်း ၅၀ နီးပါးရရှိထားကြောင်း သိရသည်။ *Ref; Goal.com*




### ၂၀၂၅ ခုနှစ်၊ လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့၏ရည်ရွယ်ချက်(၄)ရပ်

- လူကုန်ကူးမှု တိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန်အဖြစ် သတ်မှတ်၍ နိုင်ငံသားအားလုံး ပူးပေါင်းဆောင်ရွက်ရန်။
- လူကုန်ကူးမှုဆိုင်ရာအသိပညာများ ပြည်သူလူထုအတွင်း စိမ့်ဝင်ပျံ့နှံ့စေရန်။
- လူကုန်ကူးခံရသူများအား စာနာနားလည်ခြင်းဖြင့် ကာကွယ်စောင့်ရှောက်နိုင်ရန်။
- လူကုန်ကူးမှုတိုက်ဖျက်ရေးလုပ်ငန်းစဉ်များအားလုံးတွင် ဌာနဆိုင်ရာများ၊ လူမှုရေးအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပြည်သူလူထု တစ်ရပ်လုံး၏ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရန်။

# တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့၌ Professional Youth Leadership Management သင်တန်းဆင်းပွဲကျင်းပ

ထားဝယ် စက်တင်ဘာ ၉

တိုင်းရင်းသားလူငယ်များအတွက် အချိန်နှင့်လူ့စွမ်းအားအရင်းအမြစ်များကို စနစ်တကျစီမံခန့်ခွဲတတ်စေရန်ရည်ရွယ်ဖွင့်လှစ်သည့် Professional Youth Leadership Management သင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ရှိ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန တိုင်းဒေသကြီးညွှန်ကြားရေးမှူးရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က Professional Youth Leadership Management သည် ဒေသခံတိုင်းရင်းသားပြည်သူများ၏ အလုပ်အကိုင်အခွင့်အလမ်းများ ဖွံ့ဖြိုးတိုးတက်မည်ဖြစ်ပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အောင်မြင်စွာ ပူးပေါင်းဆောင်ရွက်နိုင်စေသည့် အကျိုးကျေးဇူးများရရှိကြောင်း၊ သင်တန်းတက်ရောက်ပြီး လူငယ်လူရွယ်များအနေဖြင့် နိုင်ငံတော်ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံခန့်ခွဲရေးကဏ္ဍတွင် အုတ်တစ်ချပ် သဲတစ်ပွင့် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားပြီး သင်တန်းနည်းပြများအား ဂုဏ်ပြုလက်မှတ်ပေးအပ်၍ သင်တန်းသား၊ သင်တန်းသူများအား သင်တန်းဆင်းလက်မှတ်ပေးအပ်သည်။



ထို့နောက် သင်တန်းသား၊ သင်တန်းသူများရိုက်ကူးထားသော Video Clip ကိုပြသပြီး သင်တန်းသား၊ သင်တန်းသူများကိုယ်စား သင်တန်းသားတစ်ဦးက ကျေးဇူးတင်စကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**မူမူအေး**




စစ်ကိုင်းတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။



ပဲခူးတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။

**➜ ကျောဖုံးမှအဆက်**

လိုင်စင်မဲ့မော်တော်ယာဉ်(၁)စီးနှင့် လိုင်စင်မဲ့မော်တော်ဆိုင်ကယ် (၅)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၀၀၀၀၀)ကိုလည်းကောင်း၊ **စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁၅၃၀၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းနောက် ပဲခူးတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **စက်တင်ဘာလ ၅ ရက်၊ ၆ ရက်နှင့် ၇ ရက်**တို့တွင် ပဲခူးခရိုင်နှင့် ပြည်ခရိုင်တို့အတွင်း၌ တရားမဝင်ကျွန်းသစ် (၉ ဒသမ ၄၀၁)တန် **(ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၈၈၃၈၀)**ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် မကွေးတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ **စက်တင်ဘာလ ၄ ရက်**တွင် မကွေးမြို့နယ်၊ စလင်းမြို့နယ်နှင့် ရေနံချောင်းမြို့နယ်တို့၌ လိုင်စင်မဲ့မော်တော်ဆိုင်ကယ် (၁၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ်၄၁၅၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ မင်းဘူးမြို့နယ်၊ ရွာသာယာကျေးရွာအနီး၌ တရားမဝင်ရေနံစိမ်း(၁၆၀)ဂါလန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၈၅၀၀၀)ကို ပြည်သူပိုင်ပစ္စည်းကာကွယ်ရေးအက်ဥပဒေအရလည်းကောင်း၊ အောင်လံမြို့နယ်၊ စမ်းချောင်းရပ်ကွက်၌ တရားမဝင်လောင်းကစားပြုလုပ်ရာတွင်အသုံးပြုသည့် လက်ကိုင်ဖုန်း (၅)လုံးနှင့် ငွေစက္ကူရောရာ (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁၃၄၀၀၀)ကို လောင်းကစားဥပဒေအရလည်းကောင်း၊ **စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၇၃၆၉၀၀၀)**ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ဧရာဝတီတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **စက်တင်ဘာလ ၃ ရက်နှင့် ၄ ရက်**တို့တွင် ဟင်္သာတမြို့နယ်၊ ငပုတောမြို့နယ်၊ ညောင်တုန်းမြို့နယ်နှင့် ကြံခင်းမြို့နယ်တို့၌ တရားမဝင်ကျွန်းသစ် (၁ ဒသမ ၈၃၄)တန်၊ သစ်မာ (၈ ဒသမ ၂၆၁)တန်၊ အခြားသစ် (၅ ဒသမ ၇၉၁)တန် **စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၇၆၈၉၀၅၅)**ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဆက်လက်၍ နေပြည်တော်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **ဩဂုတ်လ ၂၆ ရက်**တွင် လယ်ဝေးမြို့နယ်၊ သရက်ကုန်းကျေးရွာ၌ လိုင်စင်မဲ့ သုံးဘီးမော်တော်ဆိုင်ကယ် (၁)စီး **(ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းနောက် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **စက်တင်ဘာလ ၇ ရက်**တွင် ကော့သောင်းမြို့၊ တော်ဝင်ဆိပ်ကမ်းတံတား၌ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း (၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၆၂၀၀၀၀၀)ကိုလည်းကောင်း၊ တာချီလိတ်မြို့နယ်၊ စေခမ်းရပ်ကွက်ရှိ ခြံဝင်းတစ်ခုအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း (၆)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၈၂၄၀၀၀၀)ကိုလည်းကောင်း၊ **စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၄၄၄၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဩဂုတ်လ ၂၆ ရက်၊ စက်တင်ဘာလ ၄ ရက်၊ ၅ ရက်၊ ၆ ရက်နှင့် ၇ ရက်တို့တွင် ဖမ်းဆီးရမိမှု **စုစုပေါင်းမှာ အမှုတွဲ (၃၇)မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၄၂၈၈၆၄၃၅)**ကို ဖမ်းဆီးရမိခဲ့သည်။ ထိုကဲ့သို့ တရားမဝင်တင်သွင်းလာမှုများကြောင့် တရားဝင်တင်သွင်းသည့် ကုန်သည်လုပ်ငန်းရှင်များအတွက် ဈေးကွက်ယှဉ်ပြိုင်နိုင်မှုစွမ်းအားကျဆင်းခြင်းနှင့် ထိခိုက်နစ်နာမှုများဖြစ်ပေါ်နိုင်စေပြီး နိုင်ငံတော်အတွက် ရသင့်ရထိုက်သည့် အခွန်ဘဏ္ဍာဆုံးရှုံးနစ်နာခြင်းများ ဖြစ်ပေါ်စေနိုင်ပါသည်၊ သို့ဖြစ်ပါ၍ တရားမဝင်ကုန်စည်တင်သွင်းမှုများအား သက်ဆိုင်ရာတာဝန်ရှိသူများမှ ယခုထက်ပိုမိုတားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှသိရသည်။

**မြဝတီ**

**➤ အာရှဖလား ယူ-၂၃ မှ**

မြန်မာအသင်းချေပဂိုးရရှိရေး ဘောလုံးပိုင်ဆိုင်မှုအသာဖြင့်ကစားခဲ့ရာ ပွဲကစားချိန် မိနစ် ၄၀ တွင် ရှိုင်းဝဏ္ဏအောင်၏ပေးပို့မှုမှ တစ်ဆင့် စွမ်းထက်က ခေါင်းတိုက်သွင်းကာ ချေပဂိုးယူနိုင်ခဲ့၍ ၁ ဂိုး ၁ ဂိုးဖြင့် ပထမပိုင်းပြီးဆုံးခဲ့သည်။

ဒုတိယပိုင်းပြန်စသည်တွင် မြန်မာကစားသမားအချို့ အပြောင်းအလဲပြုလုပ်ပြီး တိုက်စစ်ထပ်မြှင့်လာကာ ဂိုးသွင်းနိုင်ရေးကြိုးစားခဲ့သည်။ ပွဲကစားချိန် မိနစ် ၇၀ တွင် အာဖဂန်နစ္စတန်အသင်းခေါင်းဆောင်တင်ပို့ပေးမှုကို တိုက်စစ်မှူး Safi ကခပ်ပြင်းပြင်းကန်သွင်းပြီး အသင်းအတွက် ဒုတိယဂိုးရယူသွားသည်။ လက်ကျန်အချိန်များအား မြန်မာအသင်း ချေပဂိုးရရှိရေးကြိုးစားခဲ့သလို အာဖဂန်နစ္စတန်အသင်းကလည်း ပါးနပ်စွာထိန်းကစားရင်း ပွဲအပြီးတွင် အာဖဂန်နစ္စတန်အသင်းက ၂ ဂိုး ၁ ဂိုးဖြင့် မြန်မာအသင်းကို အနိုင်ရရှိသွားသည်။


၂၀၂၆ အာရှဖလားခြေစစ်ပွဲ ယူ-၂၃ အမျိုးသားဘောလုံးပြိုင်ပွဲအား တစ်အုပ်စုလျှင် အသင်းလေးသင်းခွဲ၍ အုပ်စု ၁၁ စုခွဲကာ ယှဉ်ပြိုင်လျက်ရှိပြီး အုပ်စုပထမရသည့် အသင်း ၁၁ သင်းနှင့် အကောင်းဆုံးဒုတိယလေးသင်းတို့သည် ဆော်ဒီအာရေဗျနိုင်ငံက အိမ်ရှင်အဖြစ်ကျင်းပမည့် ၂၀၂၆ အာရှဖလား ယူ-၂၃ အမျိုးသားဘောလုံးပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရရှိကြမည်ဖြစ်သည်။ မြန်မာအသင်းသည် အုပ်စုတွင်းပြိုင်ပွဲ၌ ကူဝိတ်အသင်းကို ဂိုးမရှိသရေ၊ ဂျပန်အသင်းကို ၂ ဂိုး ၁ ဂိုး၊ အာဖဂန်နစ္စတန်အသင်းကို ၂ ဂိုး ၁ ဂိုးဖြင့်ရှုံးနိမ့်ခဲ့ပြီး အုပ်စုအဆင့်ဖြင့်သာ ကျေနပ်ခဲ့ရသည်။

**ဝန်းရံခ**


အရည်အသွေးမြင့် စားသောက်ကုန်များ အပါအဝင် ထုတ်ကုန်ပစ္စည်း အမျိုးမျိုးကို
ပိတ်ရက်မရှိ လက်လီလက်ကား ဝယ်ယူရရှိနိုင်ပါသည်။
STARMART nine mile Showroom - ၉-မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART Mandalay Wholesale - ၂၆ လမ်း နှင့် ၆၆ လမ်းထောင့် မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇
STARMART nine mile Showroom
TRISTAR
SUGARMEC
Lemon Tea


ကုန်ဆုံးသွားသော စွမ်းအားများ
DAGON Malta Fresh
နဲ့ ဖြည့်စွမ်းထား
MALTA FRESH
DAGON
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၁ ၃၆၁၀၈၄၁၊ ၀၁ ၆၅၁၁၇၇၊ ၀၁ ၆၅၂၁၆၉
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇


ဗန္ဓုလသယ်ယူပို့ဆောင်ရေးကုမ္ပဏီလီမိတက်
ရန်ကုန် - နေပြည်တော် - တောင်ကြီး - မုံရွာ - မန္တလေး - ပြင်ဦးလွင် - ကျောက်ပန်းတောင်း - ချောက် - ဆိပ်ဖြူ - ပုဂံ(ညောင်ဦး) - ပခုက္ကူ
မကွေး - မိတ္ထီလာ - မြင်းခြံ - ပုသိမ် - မော်လမြိုင် - သံဖြူဇရပ် - ကျိုက္ကမီ - တောင်ငူ - ဆွာ - ရေနီ - ပဲခူး - ညောင်လေးပင် - ဘားအံ - မြဝတီ
➢ပါရမီ(YBS)
09-459448201
➢ရွှေမန်းသူ
09-254781060
➢မန္တလေးအခြေစိုက်
09-426500153
➢တော်ဝင်
09-423333250
➢ ပါရမီတက္ကစီ
01-3643641
➢ကုန်စည်
09-440619258
ဘေးကင်း လုံခြုံစိတ်ချ တာဝန်ယူမှုပြည့်ဝသော ခရီးသွားဝန်ဆောင်မှု မြို့တွင်း/ မြို့ပြင် ဘုရားဖူးခရီးစဉ်များ ငှားရမ်းပေးလျက်ရှိပါသည်။


MYAWADDY BANK LIMITED
မြဝတီဘဏ်လီမိတက်
MYAWADDY BANK LIMITED
~ (01) 2301421, 2317166
MPU
UnionPay
Phone No : (01) 2301367, 2301368, 2301452, 2301378
Internet & Mobile Banking Services
Account Transfer
Mobile Topup ( Phone Bill )
Cardless ATM Withdrawl
Remittance
Credit Card Payment
Tax Payment
"မှန်သည်
မြန်သည်
မြဝတီ"

❖ နိုင်ငံတစ်ခုဖွံ့ဖြိုးတိုးတက်ခြင်း၏အခြေခံသည် တည်ငြိမ်အေးချမ်းပြီး လက်နက်ကိုင်ပဋိပက္ခများ ကင်းဝေးရန်ပင်ဖြစ်...

❖ သို့မှသာ အခြေခံအဆောက်အအုံများတည်ဆောက်နိုင်ပြီး ကုန်စည်ကူးသန်းရောင်းဝယ်မှုကောင်းမွန်လာမည်ဖြစ်...

❖ အလားတူ ဒေသခံများ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးကဏ္ဍစုံကိုလည်း ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်မည်ဖြစ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့တွင်ပြုလုပ်သော တပ်မတော်စွမ်းရည်သတ္တိဆိုင်ရာဂုဏ်ထူးဆောင်တံဆိပ်ချီးမြှင့် အပ်နှင်းခြင်းအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော်ရှေ့သို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

# အာရှဖလား ယူ-၂၃ ခြေစစ်ပွဲ အုပ်စုပြိုင်ပွဲတွင် မြန်မာအသင်း အုပ်စုအဆင့်ဖြင့်သာ ကျေနပ်ခဲ့ရ

ရန်ကုန် စက်တင်ဘာ ၉

၂၀၂၆ အာရှဖလား ယူ-၂၃ ခြေစစ်ပွဲအုပ်စုတွင်းပြိုင်ပွဲ၏ နောက်ဆုံးယှဉ်ပြိုင်မှုအဖြစ် မြန်မာအသင်းနှင့် အာဖဂန်နစ္စတန်အသင်းတို့၏ယှဉ်ပြိုင်မှုကို ယနေ့ညနေပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ်ရှိ သုဝဏ္ဏကွင်း၌ကျင်းပရာ အာဖဂန်နစ္စတန်အသင်းက မြန်မာအသင်းကို ၂ ဂိုး ၁ ဂိုးဖြင့် အနိုင်ရရှိသွားသည်။ မြန်မာအသင်းသည် အုပ်စုတွင်းပြိုင်ပွဲများ၌ နိုင်ပွဲပျောက်ဆုံးခဲ့ပြီး အုပ်စုအဆင့်ဖြင့်သာ ကျေနပ်ခဲ့ရသည်။

အုပ်စုနောက်ဆုံးပွဲစဉ်ဖြစ်၍ နှစ်ဖက်အသင်းကစားသမားများ သိက္ခာဆယ်နိုင်ပွဲတစ်ပွဲရရှိရေး အကြိတ်အနယ်ယှဉ်ပြိုင်ခဲ့ကြသည်။ ပွဲကစားချိန် ၁၈ မိနစ်တွင် တိုက်စစ်မှူး Maroof က အာဖဂန်နစ္စတန်အသင်းအတွက် ဦးဆောင်ဂိုးသွင်းယူခဲ့သည်။

စာမျက်နှာ ၂၉ ကော်လံ ၁ ➤



## ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေး ဥပဒေပုဒ်မ ၂၃(က) အရ ပြစ်ဒဏ်ချမှတ်မှု သတင်းထုတ်ပြန်ခြင်း

စာ - ၂၄ သို့

## ကမ္ဘာ့ပထမဆုံး နျူကလီးယားစွမ်းအင်သုံး LNG တင်သင်္ဘော တောင်ကိုရီးယား၌ အသုံးပြုခွင့်ရ

စာ - ၂၂ သို့

## ရေကြီးမှုအခြေအနေ

နေပြည်တော် စက်တင်ဘာ ၉

ယနေ့နံနက် ၆ နာရီခွဲအချိန်တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ပေဝက်ခန့်ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း ၃ လက်မခန့်မြင့်တက်လာနိုင်ကာ ယင်းမြို့၏စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ တောင်ငူမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများ အနေဖြင့် ရေဘေးလွတ်ရာနေရာများသို့ ရှောင်ရှားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။ (မိုး/ဇလ)

## မှတ်သားဖွယ်ရာ မိုးရေချိန်များ

၉-၉-၂၀၂၅

| | | |
|---|---|---|
| ချောင်းဆုံ | ၃ | ၆၇ |
| ကျိုက္ခမီ | ၃ | ၁၅ |
| ပူတာအို | ၃ | ၁၂ |
| မော်လမြိုင်ကျွန်း | ၂ | ၇၆ |
| ပန်းတနော် | ၂ | ၆၀ |
| မြစ်ငယ် | ၂ | ၄၀ |
| တောင်တွင်းကြီး | ၂ | ၃၂ |
| ကျော့သောင်း | ၂ | ၂၁ |
| မြိတ် | ၂ | ၁၆ |
| ကျော့ကရိတ် | ၂ | ၀၁ |

## တရားမဝင် သစ်မျိုးစုံ၊ လူသုံးကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ယာဉ်များနှင့် လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များ ဖမ်းဆီးရမိ

နေပြည်တော် စက်တင်ဘာ ၉

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်လျက်ရှိသည်။

**စက်တင်ဘာလ ၆ ရက်**တွင် စစ်ကိုင်းမြို့၊ ပန်းဘဲတန်းရပ်ကွက်၌ လူသုံးကုန်ပစ္စည်း(၁၁)မျိုး(ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၃၀၀၀၀၀)ကိုလည်းကောင်း၊ **စက်တင်ဘာလ ၇ ရက်**တွင် ရွှေဘိုမြို့နယ်နှင့် စစ်ကိုင်းမြို့နယ်တို့အတွင်း၌

စာမျက်နှာ ၂၉ ကော်လံ ၁ ➔




အကောက်ခွန်ဦးစီးဌာနမှ ဖမ်းဆီးရမိမှု။